http://www.dhammadownload.com

မာဂဓီ ၊သာစည်၊

လူငယ်များအတွက်အခြေခံဗုဒ္ဓဘာသာ
ယဉ်ကျေးမှုသင်တန်း

ဘုရားရှိခိုး၊ မေတ္တာပို့၊ ဆုတောင်း အမျှဝေ၊
ဗုဒ္ဓဝင်၊ ငါးပါးသီလ၊ မင်္ဂလာတရားတော်၊
လူ့ကျင့်ဝတ် သင်တန်းပို့ချချက်များ စုံလင်စွာပါရှိသည်။

design:mehmthitsa, tel:296057

မာဂဓီ(သာစည်)
လူငယ်များအတွက်အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်း

# မာဂဓီ ၊သာစည်၊

# လူငယ်များအတွက်အခြေခံဗုဒ္ဓဘာသာ
# ယဉ်ကျေးမှုသင်တန်း





ဆဋ္ဌမအကြိမ်

http://www,dhammadownload.com

11 3 2003

600

မာဂဓိ(သာစည်)

# ယဉ်ကျေးမှုသင်တန်း

[illegible]
[illegible]
[illegible]

ပါရမီ
စာပေ

http://www,dhammadownload.com

**ယဥ်ကျေးမှုသင်တန်း**
ဆဋ္ဌမအကြိမ်၊ ၂၀၀၂ ခုနှစ် ဖေဖော်ဝါရီလ၊ အုပ်ရေ ၁၀၀၀

**အဖုံးပန်းချီ မင်းသစ္စာ**

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၆၆/ ၂၀၀၂(၂)နှင့် စာမူခွင့်ပြုချက်အမှတ် ၅၅၉/ ၂၀၀၁(၈)တို့အရ ဦးတင်ရှိန်(၀၃၇၆၃)စန်းရောင်ရှိန်စာပေ၊ ၄/၁၇၇၊ မေခလမ်း၊ ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာ က ထုတ်ဝေ၍ မျက်နှာဖုံးနှင့် အတွင်းစာသားကို ဦးရှိန်ဘီး(၀၆၇၅၉)၊ ဝင်းလိုက်မိတ်အော့ဖ်ဆက်၊ ၃၅၂၊ စရည်းပင်လမ်း၊ သုဝဏ္ဏ က ပုံနှိပ်သည်။

**တန်ဖိုး ၆၀၀ ကျပ်**

**ဂါရမီစာပေ**
၂၃၀၊ ၂၉ လမ်း(အထက်လမ်း)၊ ရန်ကုန်(ဖုန်း ၂၅၃၂၄၆)
၂/၄၊ ကမ္ဘာအေးစေတီတော်မုခ်ဦးဈောင်းတန်း၊ ရန်ကုန်
၂၉၅၊ ဈေးအရှေ့လမ်း၊ ထားဝယ်

http://www,dhammadownload.com



# ယဉ်ကျေးမှုသင်တန်း

## မာတိကာ

အကြောင်းအရာ


စာမူဖြစ်ပေါ်လာရခြင်းအကြောင်း .................... ၁၂

### အခန်း[၁]

### ဘုရားရှိခိုး၊ မေတ္တာပို့၊ ဆုတောင်း၊ အမျှဝေ

အနန္တငါးပါး ပူဇော်ရန် .................... ၁၄

အနန္တငါးပါး အမိဋ္ဌာန် .................... ၁၄

အနန္တငါးပါး ဘုရားရှိခိုး .................... ၁၄

ဆွမ်းတော်ကပ်နှင့်ဆုတောင်း .................... ၁၆

ပန်းတော်ကပ်နှင့်ဆုတောင်း .................... ၁၇

ရေတော်ကပ်နှင့်ဆုတောင်း .................... ၁၈

ဆီမီးတော်ကပ်နှင့်ဆုတောင်း .................... ၁၉

စေတီလေးမျိုးအမိပ္ပာယ် .................... ၂၀

ခဲဖွယ်နှင့်ဘောဇဉ် .................... ၂၁

ဆွမ်းလှူကျိုး ငါးပါး .................... ၂၁

ပန်းလှူကျိုး သုံးပါး .................... ၂၁

ရေလှူကျိုး ဆယ်ပါး .................... ၂၁

မီးလှူကျိုး နှစ်ပါး .................... ၂၁

တံမြက်လှည်းအကျိုး ငါးပါး .................... ၂၂

ဘုရားဂုဏ်တော် ကိုးပါးပါဠိ .................... ၂၂

http://www,dhammadownload.com



# မာတိကာ

ဘုရားဂုဏ်တော် ကိုးပါးအနက် ........................ ၂၃
တရားဂုဏ်တော် ခြောက်ပါးပါဠိ ........................ ၂၅
တရားဂုဏ်တော် ခြောက်ပါးအနက် ........................ ၂၅
သံဃာဂုဏ်တော် ကိုးပါးပါဠိ ........................ ၂၆
သံဃာဂုဏ်တော် ကိုးပါးအနက် ........................ ၂၇
ဘုရားဂုဏ်တော် ကိုးပါးသရုပ် ........................ ၂၀
တရားဂုဏ်တော် ခြောက်ပါးသရုပ် ........................ ၂၉
သံဃာဂုဏ်တော် ကိုးပါးသရုပ် ........................ ၂၉
ဂုဏ်တော်ရှုပွားအကျိုးများ ........................ ၃၀
ဘုရားဂုဏ်တော်ပွားများခြင်းအကျိုး ........................ ၃၀
ဂုဏ်တော်ပွားများ၍ အကျိုးရသော သာဓကဝတ္ထုများ ...... ၃၂
တရားဂုဏ်တော်ပွားများ၍ အကျိုးရသော သာဓကဝတ္ထုများ ၃၃
သံဃာဂုဏ်တော်ပွားများရခြင်းအကျိုး ........................ ၃၃
သမ္ဗုဒ္ဓေ(အန္တရာယ်ကင်းကပ်ကျော်)ဘုရားရှိခိုးဂါထာတော်ကြီး ၃၄
သမ္ဗုဒ္ဓေ တန်ခိုး အကျိုးအနန္တ ........................ ၃၆
သမ္ဗုဒ္ဓေ အကျိုးပြလင်္ကာကြီး ........................ ၃၇
သမ္ဗုဒ္ဓေ သီချင်း ........................ ၃၇
ငါးရာနှစ်ဆယ်ရှစ်သွယ် မေတ္တာ ........................ ၃၉
အနောဓိသပုဂ္ဂိုလ် ငါးဦး ........................ ၃၉
ဩဓိသပုဂ္ဂိုလ် ခုနစ်ဦး ........................ ၃၉
နှု လေးပါး(မေတ္တာ လေးပါး) ........................ ၄၀
ငါးရာနှစ်ဆယ်ရှစ်သွယ် မေတ္တာလင်္ကာ ........................ ၄၀
မေတ္တာအကျိုး တစ်ဆယ့်တစ်ပါး ........................ ၄၀

http://www,dhammadownload.com



# မာတိကာ


သာသနာလျှောက်စာတမ်း ............................ ၄၁

အမျှဝေစာတမ်း ............................ ၄၂


## အခန်း(၂)

## ဗုဒ္ဓဝင်သင်တန်းပို့ချချက်


ဂေါတမမြတ်စွာဘုရား၏ ဗုဒ္ဓဝင် အကျဉ်းချုပ် ဆောင်ပုဒ် ... ၄၃

ဗုဒ္ဓဝင်ဘုရားရှိခိုးလင်္ကာ ............................ ၄၄

ကလေးများသိဖွယ်

ဂေါတမမြတ်စွာဘုရား၏ ဗုဒ္ဓဝင်အကျဉ်းချုပ် ............. ၄၆

သံဂါယနာတင် ............................ ၅၂

ဗုဒ္ဓဝင်ဆိုင်ရာ သိမှတ်ဖွယ်အချက်များနှင့်

ကျက်မှတ်စရာ လင်္ကာများ ............................ ၅၃

ဗုဒ္ဓ၊ ဗုဒ္ဓဘာသာ၊ ဗုဒ္ဓဘာသာဝင်၊ ဗုဒ္ဓဝင် ............... ၅၃

ကမ္ဘာနှင့်ဘုရား ............................ ၅၃

ပါရမီ ဆယ်ပါး ............................ ၅၃

ပါရမီအထူး၊ ပါရမီ ဆယ်ပါး၊ အပြား သုံးဆယ် ........ ၅၄

ပါရမီဖြည့်ရာ အပိုင်းအခြား ............................ ၅၅

ဘုရားလောင်းအင်္ဂါ ရှစ်ပါး ............................ ၅၅

ဗျာဒိတ်ရပြီး ဘုရားလောင်းတို့

မဖြစ်ရာဌာန တစ်ဆယ့်ရှစ်ပါး ............................ ၅၆

ကြည့်ခြင်း ငါးပါး ............................ ၅၀

စွန့်ခြင်းကြီး ငါးပါး ............................ ၅၉

စရိယ သုံးပါး ............................ ၅၉

ဖွားဘက်တော် ခုနစ်ဦး ............................ ၅၉

http://www,dhammadownload.com


# မာတိကာ

ရွှေနန်း သုံးဆောင် .............................. ၆၀
လူအများသိခွင့်မရသောအချက် သုံးပါး ............... ၆၀
ပရိက္ခရာ ရှစ်ပါး .................................. ၆၀
လမ်းစဉ်မှား နှင့် လမ်းစဉ်မှန် ....................... ၆၁
အိမ်မက်ကြီး ငါးပါး ................................ ၆၁
ဉာဏ်တော် သုံးပါး .................................. ၆၂
ဘဒ္ဒကမ္ဘာ၌ပွင့်သော ဘုရား ငါးဆူ ................... ၆၂
ဒုလ္လဘတရား ငါးပါး ............................... ၆၂
ဗုဒ္ဓကိစ္စ ငါးပါး .................................... ၆၃
စူဠာမဏိနှင့် ဒုဿစေတီ ............................ ၆၄
အောင်ခြင်း ရှစ်ပါး ................................. ၆၄
ရောင်ခြည်တော် ခြောက်ပါး .......................... ၆၅
ဘုရားရှင်တို့ မစွန့်အပ်သော အရပ် လေးပါး ........... ၆၅
သံဝေဂရစေမည့်ဌာန လေးပါး ........................ ၆၆
မြတ်စွာဘုရား လေးဆယ့်ငါးဝါ ဝါဆိုစဉ် ဘုရားရှိခိုး ..... ၆၆
မြတ်စွာဘုရား လေးဆယ့်ငါးနှစ် ဝါဆိုရာ ဌာနများ ...... ၆၇
ဗုဒ္ဓဝင် အခါတော်နေ့ ကဗျာများ ....................... ၆၈
ကလေးများအတွက် ဗုဒ္ဓဝင်အကျဉ်းမှတ်ရန် ............. ၇၀

### အခန်း[၃]

### ငါးပါးသီလ သင်တန်းပို့ချချက်

### ငါးပါးသီလဆိုင်ရာနှင့် အဓိပ္ပာယ်များ

ကြကာသရှင်းတမ်း ................................... ၇၆
ခင်ပွန်းကြီး (ကျေးဇူးရှင်) တစ်ဆယ်ပါး ................ ၇၆

# မာတိကာ

ဒါန ဆယ်ပါး ........ ၇၉
အပါယ် လေးပါး ........ ၈၀
ကပ် သုံးပါး ........ ၈၁
ရပ်ပြစ် ရှစ်ပါး ........ ၈၁
ရန်သူမျိုး ငါးပါး ........ ၈၂
ဝိပတ္တိတရား လေးပါး ........ ၈၂
ဗျသနတရား ငါးပါး ........ ၈၂
ဩကာသနှင့် အဟံဘန္တေ ........ ၈၃
နမောတဿ အဓိပ္ပာယ် ........ ၈၃
နမောတဿ ရွတ်ဆိုရှိခိုးသူများ ........ ၈၄
သရဏဂုံနှင့်စပ်၍သိဖွယ်များ ........ ၈၅
လောကီသရဏဂုံ အပြား လေးပါး ........ ၈၆
အပဒါန်ကျမ်းလာ သရဏဂုံအပြား ရှစ်ပါး ........ ၈၆
ငါးပါးသီလ အကျိုး,အပြစ်ပြ ကဗျာများ ........ ၈၆
သီလမရှိသူ၏ အပြစ် ငါးပါး ........ ၈၇
သီလရှိသူ၏ အကျိုး ငါးပါး ........ ၈၇
ငါးပါးသီလ၏ ဝိသေသအမည်များ ........ ၈၇
ငါးပါးသီလနှင့်မြောက်ကျွန်းနေလူများ ........ ၈၈
ပါဠိဘာသာဖြင့် ရွတ်ဆိုရခြင်း၏ ရည်ရွယ်ချက် ........ ၉၁
ကန်တော့မှုဆိုင်ရာ သာဓကဝတ္ထုများ ........ ၉၁
ငါးပါးသီလဆိုင်ရာ ဝတ္ထုများ ........ ၉၃
ဒုစရိုက် ဆယ်ပါး ........ ၉၇
သုစရိုက် ဆယ်ပါး ........ ၉၈
ဒုစရိုက် ဆယ်ပါး ဆောင်ပုဒ်ကဗျာ ........ ၉၉

http://www,dhammadownload.com


# မာတိကာ


သုစရိုက် ဆယ်ပါး ဆောင်ပုဒ်ကဗျာ ........................ ၉၉
ဒုစရိုက်နှင့် သုစရိုက် လေးဆယ်စီ ဖြောက်ပွားပုံ ............. ၁၀၀
ဒုစရိုက်နှင့် ဆုတ်ကပ်သဘော ........................... ၁၀၀
သုစရိုက်နှင့် တက်ကပ်သဘော .......................... ၁၀၂
ဒုစရိုက်၏ အပေါ့ဆုံးအပြစ် ............................ ၁၀၂
လယ်တီဆရာတော်၏ ဆုံးမစာ ........................... ၁၀၃
နိုင်းယှဉ်ချက်နီတိ ...................................... ၁၀၄


## အခန်း[၄]

## မင်္ဂလာသင်တန်း ပို့ချချက်


မင်္ဂလသုတ်ပါဠိနှင့်မြန်မာပြန် .......................... ၁၀၅
မင်္ဂလာရှင်းတမ်း ....................................... ၁၁၀
မင်္ဂလာအတ္ထုပ္ပတ် သိမှတ်ဖွယ်ရာ ........................ ၁၁၁
ကောလဟာလ ငါးမျိုး ................................... ၁၁၂
သာဝတ္ထိ+ဇေတဝန်+အနာထပိဏ် ....................... ၁၁၂
ဗာလနှင့် ပဏ္ဍိတ ....................................... ၁၁၃
ပူဇော်ထိုက်သူများ ...................................... ၁၁၃
ပဋိရူပအရပ် .......................................... ၁၁၃
သမ္မတ္တိစက် လေးပါး ................................... ၁၁၃
ဝိနည်း(စည်းကမ်း) နှစ်မျိုး ............................. ၁၁၃
သုဘာသိတ (စကား အင်္ဂါ လေးပါး) ...................... ၁၁၄
မိဘကျေးဇူးဥပမာ ..................................... ၁၁၄
သား,သမီး သုံးမျိုး ..................................... ၁၁၄
မယား ခုနစ်မျိုး ........................................ ၁၁၅

http://www,dhammadownload.com


# မာတိကာ


အနာဂုလ = အနှောက်အယှက်ကင်း .................. ၁၁၅
ဒါန သုံးမျိုး .................................. ၁၁၅
အနဝဇ္ဇကမ္မ = အပြစ်မရှိသောအမှု .................. ၁၁၆
ဂါဝရနှင့်နိဝါ ................................. ၁၁၆
ကတညုနှင့်ကထဝေဒီ ............................. ၁၁၆
ကျေးဇူးသိခြင်းအကျိုး ဆယ်ပါး .................... ၁၁၇
တရားနာရခြင်းအကျိုး ငါးပါး ..................... ၁၁၇
သည်းမခံခြင်းအပြစ်နှင့် သည်းခံခြင်းအကျိုး ............ ၁၁၇
ရဟန်းသံဃာဖူးမြင်ရခြင်းအကျိုး .................... ၁၁၈
လောကဓံတရား ရှစ်ပါး ............................ ၁၁၈
သုံးဆယ့်ရှစ်ဖြာ မင်္ဂလာကဗျာများ ................... ၁၁၈
သုံးဆယ့်ရှစ်ဖြာ မင်္ဂလာဝတ္ထုများ ................... ၁၂၁


## အခန်း[၅]

## လူ့ကျင့်ဝတ်သင်တန်း ပို့ချချက်

## လူမှုဆိုင်ရာကျင့်ဝတ်များ


အလေးအမြတ်ပြုရမည့်အရပ် ခြောက်မျက်နှာ ............ ၁၄၂
သား,သမီးကျင့်ဝတ် ငါးပါး ........................ ၁၄၂
မိဘကျင့်ဝတ် ငါးပါး ............................ ၁၄၂
တပည့်ကျင့်ဝတ် ငါးပါး ........................... ၁၄၂
ဆရာကျင့်ဝတ် ငါးပါး ............................ ၁၄၃
လင်ကျင့်ဝတ် ငါးပါး ............................ ၁၄၃
မယားကျင့်ဝတ် ငါးပါး ........................... ၁၄၃
မိတ်ဆွေကျင့်ဝတ် ငါးပါး .......................... ၁၄၃

http://www,dhammadownload.com


# မာတိကာ


အလုပ်ရှင်(အရှင်)ကျင့်ဝတ် ငါးပါး ...................... ၁၄၄

အလုပ်သမား(ကျွန်)ကျင့်ဝတ် ငါးပါး ...................... ၁၄၄

ဒါယကာကျင့်ဝတ် ငါးပါး ...................... ၁၄၄

ရဟန်းကျင့်ဝတ် ခြောက်ပါး ...................... ၁၄၄

အဂတိတရား လေးပါး ...................... ၁၄၅

ဥစ္စာပျက်ကြောင်း ခြောက်ပါး ...................... ၁၄၅

အရက်သောက်ခြင်းအပြစ် ခြောက်ပါး ...................... ၁၄၅

အချိန်မဲ့သွားလာခြင်းအပြစ် ခြောက်ပါး ...................... ၁၄၆

ပွဲသဘင်သွားခြင်း၏ အပြစ် ခြောက်ပါး ...................... ၁၄၆

လောင်းကစားခြင်းအပြစ် ခြောက်ပါး ...................... ၁၄၆

အပေါင်းအသင်းမကောင်းခြင်း၏ အပြစ် ခြောက်ပါး ....... ၁၄၆

ပျင်းရိခြင်းအပြစ် ခြောက်ပါး ...................... ၁၄၇

မိတ်ဆွေတု လေးယောက် ...................... ၁၄၇

အညဒတ္ထုဟရ မိတ်တု လေးယောက်(သို့မဟုတ်)အင်္ဂါ လေးပါး ၁၄၇

ဝစီပရမမိတ်တု လေးယောက်(သို့မဟုတ်)အင်္ဂါ လေးပါး ..... ၁၄၈

အနုပိယဘာဏီမိတ်တု လေးယောက်(သို့မဟုတ်) အင်္ဂါ လေးပါး ၁၄၈

အပါယသဟာယမိတ်တုလေးယောက်(သို့မဟုတ်)အင်္ဂါ လေးပါး ၁၄၈

မိတ်ကောင်း,မိတ်စစ် လေးယောက် ...................... ၁၄၉

ဥပကာရ မိတ်စစ် လေးယောက်(သို့မဟုတ်) အင်္ဂါ လေးပါး ... ၁၄၉

သမာန သုခ ဒုက္ခ မိတ်စစ် လေးယောက်(သို့မဟုတ်)
အင်္ဂါ လေးပါး ...................... ၁၅၀

အတ္ထက္ခာယီမိတ်စစ် လေးယောက်(သို့မဟုတ်) အင်္ဂါ လေးပါး ၁၅၀

အနုကမ္ပ မိတ်စစ် လေးယောက်(သို့မဟုတ်) အင်္ဂါ လေးပါး .. ၁၅၁

ကြီးသူကျင့်ဝတ်(နာယကဂုဏ်) ခြောက်ပါး ...................... ၁၅၂

http://www,dhammadownload.com


## မာတိကာ

နာယကမတင်ထိုက်သူ(အနာယက) ခြောက်ဦး ............ ၁၅၂
ကွယ်ဝချမ်းသာကြောင်း လောကီသမ္ပဒါ လေးပါး .......... ၁၅၃
သာဓုနရတရား လေးပါး ............................ ၁၅၃
ဗြဟ္မစိုရ်တရား လေးပါး ............................ ၁၅၃
လောကပါလတရား နှစ်ပါး ........................... ၁၅၄
ပြဿနာဖြေရှင်းနည်း ငါးမျိုး ........................ ၁၅၄
လမ်းလျှောက်ခြင်းအကျိုး ငါးပါး ..................... ၁၅၄
အသင်းအဖွဲ့ပျက်စီးကြောင်းတရား ခြောက်ပါး ........... ၁၅၅
သိကြားလောင်းကျင့်ဝတ် ........................... ၁၅၅
လူတန်းစားကွဲပြားရခြင်း၏ အကြောင်းများ ............ ၁၅၅
ရှင်မဟာရဋ္ဌသာရ၏ လက်ာ ........................... ၁၅၆
ယုတ်မြတ်နှစ်ပါး ကံတရား .......................... ၁၅၇
ယဉ်ကျေးမှုဆိုင်ရာ ကဗျာများ ......................... ၁၅၇
ယဉ်ကျေးလိမ္မာ ဆုံးမစာ သံပေါက်ကဗျာများ ............. ၁၅၈

http://www,dhammadownload.com



# စာမူဖြစ်ပေါ်လာရခြင်းအကြောင်း

ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ သာသနာရေးဦးစီးဌာန ဝန်ထမ်းများ မိသားစုဝတ်အဖွဲ့က ကြီးမှူး၍ ဆဋ္ဌပါသာဏမဟာလိုဏ်ဂူတော်ကြီးအနီးရှိ သာသနာရေးဦးစီးဌာနဓမ္မာရုံတွင် အခြေခံယဉ်ကျေးမှုသင်တန်းကို လူငယ်များအတွက် –

၁။ လိမ္မာယဉ်ကျေးမှုရှိစေရန်၊

၂။ ဘာသာရေး အသိဉာဏ် ဗဟုသုတ တိုးပွားစေရန်၊

၃။ ဘာသာ သာသနာနှင့် ထိတွေ့နီးစပ်စေရန်၊

ဟူသော ရည်ရွယ်ချက်သုံးရပ်ဖြင့် ၁၃၄၅ ခု၊ ဝါတွင်းကာလမှစ၍ အပတ်စဉ် စနေနှင့်တနင်္ဂနွေနေ့တိုင်း ဖွင့်လှစ်သင်ကြားပေးခဲ့ပါသည်။

ယဉ်ကျေးမှုသင်တန်းသို့ ရပ်ကွက်ပေါင်းစုံမှ အရွယ်မရွေး အတန်းမရွေး လာရောက်သင်ကြားကြသောကြောင့် သင်တန်းပို့ချမှုအစီအစဉ်မှာ မှန်းမျှော်သည်ထက် အောင်မြင်မှု ရရှိခဲ့ပါသည်။ ယခုကဲ့သို့ အောင်မြင်မှုရရှိခြင်းမှာ မီး, ရေ, အဆောက်အဦး, အသံချဲ့စက်, စာရွက်စာတမ်းမှအစ လိုအပ်သမျှ အကူအညီကို ဆောင်ရွက်စီမံပေးသော သာသနာရေးဦးစီးဌာန၏ ကူညီပံ့ပိုးမှုကြောင့် အောင်မြင်ရခြင်းဖြစ်ပါသည်။

သင်တန်းသားဦးရေမှာလည်း ၇၀၀ အထိများပြားလာ၍ အမျိုးသမီး, အမျိုးသားခွဲခြားပြီး သင်ကြားပေးခဲ့ရပါသည်။ သင်တန်း ပို့ချချက်များကို ပုံနှိပ်၍ ကြိုတင်ဝေငှားသောကြောင့် သင်ကြားရာ၌–

(က) အချိန်ကုန်သက်သာခြင်း၊

(ခ) အဓိပ္ပာယ်ကို မှန်ကန်လွယ်ကူစွာသိရခြင်း၊

(ဂ) ခလေးများ စိတ်ဝင်စားမှုရှိ၍ ထိရောက်ခြင်း

စသော အကျိုးများကို လက်တွေ့အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

http://www,dhammadownload.com



ဤသတင်းကို တစ်ဆင့်စကားတစ်ဆင့်နားဖြင့် ကြားသိကြသော ရုံးများ၊ ကျောင်းများ၊ ဘာသာရေးအသင်းအဖွဲ့များက လာရောက်ပြသ ပေးပါရန် အကူအညီတောင်းသောကြောင့် သင်တန်းနည်းပြဆရာတော်အနေဖြင့် အချိန်မပေးနိုင်၍ အစေ့အင အကူအညီ မပေးနိုင် ဖြစ်ရ ပါသည်။ လူကိုယ်တိုင်လိုက်၍ မပြနိုင်သောဌာနများအတွက် သင်တန်းပို့ချချက်များကို ပေးပို့၍ ကူညီခဲ့ရပါသည်။ ယင်းပို့ချချက်များကို စာအုပ်အဖြစ်ရိုက်နှိပ်ဖြန့်ဖြူးသင့်ကြောင်း ကလေးမိဘများနှင့် သာသနာရေးဦးစီးဌာနဝန်ထမ်းများက ဝိုင်းဝန်းတောင်းဆိုအကြံပေး ကြသောကြောင့် တပည့်ကိုင်စာအုပ်အဖြစ် ထုတ်ဝေလိုက်ပါသည်။ ဤသင်တန်းပို့ချချက်များသည် ငယ်ရွယ်,နုနယ်သောလူငယ်များ အတွက်သာ ရည်ရွယ်ပါသည်။ သိပြီး, တတ်ပြီး လူကြီးများအတွက် မရည်ရွယ်ပါ။

လူငယ်အားလုံး အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှုရရှိကြပါစေ။

ဦးပညာသာမိ (မာဂဓိ–သာစည်)
သင်တန်းနည်းပြဆရာတော်
ဇမ္ဗူဒီပကျောင်းဆောင်၊ ကမ္ဘာအေး၊ ရန်ကုန်။
၁၃၄၆–ခု။

# အခန်း (၁)

## ဘုရားရှိခိုး၊ မေတ္တာပို့၊ ဆုတောင်း၊ အမျှဝေ

### အနန္တငါးပါး ပူဇော်ကန်တော့ရန်

၁။ ဗုဒ္ဓံ = မြတ်စွာဘုရားကို၊ ပူဇေမိ = ပူဇော်ပါ၏ဘုရား။
၂။ ဓမ္မံ = တရားတော်မြတ်ကို၊ ပူဇေမိ = ပူဇော်ပါ၏ဘုရား။
၃။ သံဃံ = သံဃာတော်မြတ်ကို၊ ပူဇေမိ = ပူဇော်ပါ၏ဘုရား။
၄။ မာတာပိတူနံ = မိဘနှစ်ပါးတို့အား၊ ပူဇေမိ = ပူဇော်ပါ၏ ဘုရား။
၅။ အာစရိယာနံ = ဆရာသမားတို့အား၊ ပူဇေမိ =ပူဇော်ပါ၏ဘုရား။

### အနန္တငါးပါး အမိဋ္ဌာန်

၁။ ဘုရားကျေးဇူး၊ မြင်းမိုရ်ဦး၊ အထူးကျေအောင်ဆပ်ပါမည်။
၂။ တရားကျေးဇူး၊ မြင်းမိုရ်ဦး၊ အထူးကျေအောင်ဆပ်ပါမည်။
၃။ သံဃာကျေးဇူး၊ မြင်းမိုရ်ဦး၊ အထူးကျေအောင်ဆပ်ပါမည်။
၄။ မိဘကျေးဇူး၊ မြင်းမိုရ်ဦး၊ အထူးကျေအောင်ဆပ်ပါမည်။
၅။ ဆရာကျေးဇူး၊ မြင်းမိုရ်ဦး၊ အထူးကျေအောင်ဆပ်ပါမည်။

### အနန္တငါးပါး ဘုရားရှိခိုး

၁။ **ဗုဒ္ဓဂုဏော** = အနန္တောဟု၊ ကျော်စောထင်ရှား၊ သုံးပါးရပ်သူ၊ နတ်၊ လူ့ပြဟ္မာ၊ သတ္တဝါကို၊ ခေမာသာခေါင်၊ နိဗ္ဗာန်သောင်သို့၊ ရွှေဖောင်မဂ္ဂင်၊ သဘော်ယာဉ်ဖြင့်၊ ကယ်တင်ဆောင်ယူ၊ ပို့တော်မူသည်၊ နတ်လူတို့ထိပ်ပန်း၊ ရဟန်းတို့ဆရာ၊ အစိန္တေယျာဟု၊ အနန္တဂုဏ်အင်၊ ကျေးဇူးရှင်ကို၊ **အဟံ** = အကျွန်ုပ်သည်၊ **ဝန္ဒေ ဝန္ဒာမိ** = ရှိခိုးပါ၏။

http://www,dhammadownload.com



၂။ **ဓမ္မဂုဏော** = အနန္တောဟု၊ တည်သောကမ္ဘာ၊ သတ္တဝါ လူ့နတ်၊ အထပ်ထပ်ကို၊ လေးမြတ်ကြင်နာ၊ အဝိဇ္ဇာနှင့်၊ တဏှာ သံယော၊ ကိလေတောမှ၊ ဆေးကြောသုတ်သင်၊ မြူမတင်အောင်၊ရောင်ကြည် ပေတတ်၊ တရားမြတ်ကို၊ **အဟံ** = အကျွန်ုပ်သည်၊ **ဝန္ဒေ ဝန္ဒာမိ** = ရှိခိုးပါ၏။

၃။ **သံဃဂုဏော** = အနန္တောဟု၊ လောဘ,ဒေါသ၊မောဟ ကင်းကွာ၊ တဏှာကာမ၊ ကိလေသနှင့်၊ ရာဂအမိုက်၊ နှစ်ခြိုက်မပျော်၊ မမွေ့ လျော်ဘဲ၊ ရှင်တော်ဟောကြား၊ မြတ်တရားကို၊ မှတ်သားကြည်ညို၊ မဂ်,ဖိုလ်နိဗ္ဗာန်၊ ရောက်ကြောင်းမှန်သည်၊ မြတ်မွန်ထေရ်ကျော်၊ သံဃာတော်တို့၊ ဂုဏ်တော်ကြီးစွ၊ အနန္တကို၊ **အဟံ** = အကျွန်ုပ် သည်၊ **ဝန္ဒေ ဝန္ဒာမိ** = ရှိခိုးပါ၏။

၄။ **မာတာပိတုဂုဏော** = အနန္တောဟု၊ အပြောကျယ်စွာ၊ သံသရာဝယ်၊ မာတာပိတ၊ မိနှင့်ဖတို့၊ ရေကြည်ကလလ၊ တည်ဦးစက၊ ချို့,ချဉ်, ပူ,စပ်၊ ရှင်းရှင်းပြတ်အောင်၊ မပြတ်ယုယ၊ မိဘတို့မှာ၊စိုးရိမ်စွာဖြင့်၊ အစာဆိမ့်အေး၊ နို့ချိုပေး၍၊ မွေးသည့်မိခင်၊ ကျေးဖရင်ကို၊ **အဟံ** = အကျွန်ုပ်သည်၊ **ဝန္ဒေ ဝန္ဒာမိ** = ရှိခိုးပါ၏။

၅။ **အာစရိယဂုဏော** = အနန္တောဟု၊ မိန့်ဟောအရ၊ ကောက်ယူပြ သော်၊ နယနည်းနာ၊ အဖြာဖြာကို၊ လိမ္မာစေကြောင်း၊ မေတ္တာ လောင်း၍၊ မကောင်းကိုကြဉ်၊ ကောင်းရာယှဉ်လျက်၊ နှုတ်မြွက် သံချို၊ ဆုံးမဆိုသား၊ အဟိုများစွာ၊ သံသရာဝယ်၊ သုံးသွယ်သော ကပ်၊ လေးရပ်အပါယ်၊ ရစ်သွယ်ရပ်ပြစ်၊ ဆိုးညစ်ယုတ်မာ၊ အဖြာ ဖြာကို၊ ခေမာဘုမိ၊ ဘေးမရှိအောင်၊ နိဗ္ဗာန်သောင်သို့၊ ရောက် အောင် ပြဋ္ဌန်၊ သွန်သင်ပေတတ်၊ ဆရာမြတ်ကို၊ **အဟံ**=အကျွန်ုပ် သည်၊ **ဝန္ဒေ ဝန္ဒာမိ** = ရှိခိုးပါ၏။

http://www,dhammadownload.com



## ဆွမ်းတော်ကပ်နှင့်ဆုတောင်း

**အရဟာတာဒိ နဝဂုဏောဟိ** = အရဟံ အစရှိသော ကိုးပါးသော ဂုဏ်တော်တို့နှင့်၊

**သမန္နာဂတံ** = ပြည့်စုံတော်မူသော၊

**နာထံ** = လူ, နတ်တို့၏ကိုးကွယ်ရာ ဖြစ်တော်မူသော၊

**ဗုဒ္ဓံ** = သက်တော်ထင်ရှား သဗ္ဗညုမြတ်စွာဘုရားကို၊

**ဥဒ္ဒိဿ** = ရည်မှတ်၍၊

**စေတိယဿ** = ဓာတုစေတီ၊ ဓမ္မစေတီ၊ ဥဒ္ဒိဿစေတီ၊ ပရိဘောဂစေတီတော်မြတ်အား၊

**ဝဏ္ဏ ဂန္ဓ ရသ သမ္ပန္နံ** = အဆင်း, အနံ့, အရသာနှင့်ပြည့်စုံသော၊

**ဣမံ ပိဏ္ဍပါတ ခါဒနီယ ဘောဇနီယံ** = ဤဆွမ်းခဲဖွယ် ဘောဇဉ် ချို, ချဉ် အရသာ အဖြာဖြာကို၊

**သက္ကစ္စံ** = ရိုရိုသေသေ၊

**ဒေမိ** = နိဗ္ဗာန် ရည်မှန်း လှူဒါန်းပါ၏ အရှင်ဘုရား၊

**ပူဇေမိ** = နိဗ္ဗာန်ကိုမျှော် ပူဇော်ပါ၏ အရှင်ဘုရား၊

**မေ** = တပည့်တော်၏၊

**ဣဒံ ပုညံ** = ဤကောင်းမှုသည်၊

**အာသဝက္ခယာဝဟံ** = အာသဝေါတရား လေးပါးတို့၏ကုန်ရာကုန်ကြောင်းဖြစ်သော မဂ်ဉာဏ်, ဖိုလ်ဉာဏ် မြတ်နိဗ္ဗာန်ကို ဧကန်ရောက်အောင် ရွက်ဆောင်နိုင်သည်၊

**ဟောတု** = ဖြစ်ပါစေသတည်း။

http://www,dhammadownload.com



## ပန်းတော်ကပ်နှင့်ဆုတောင်း

**အရဟတာဒိ နဝဂုဏောဟိ** = အရဟံ အစရှိသော ကိုးပါးသော ဂုဏ်တော်တို့နှင့်၊

**သမန္နာဂတံ** = ပြည့်စုံတော်မူသော၊

**နာထံ** = လူ, နတ်တို့၏ကိုးကွယ်ရာ ဖြစ်တော်မူသော၊

**ဗုဒ္ဓံ** = သက်တော်ထင်ရှား သဗ္ဗညုမြတ်စွာဘုရားကို၊

**ဥဒ္ဒိဿ** = ရည်မှတ်၍၊

**စေတိယဿ** = ဓာတုစေတီ၊ ဓမ္မစေတီ၊ ဥဒ္ဒိဿစေတီ၊ ပရိဘောဂစေတီတော်မြတ်အား၊

**ဝဏ္ဏ ဂန္ဓ သမ္ပန္နံ** = အဆင်း, အနံ့နှင့်ပြည့်စုံသော၊

**ဣမံ ပုပ္ဖံ** = ဤပန်းကို၊

**သက္ကစ္စံ** = ရိုရိုသေသေ၊

**ဒေမိ** = နိဗ္ဗာန်ရည်မှန်း လှူဒါန်းပါ၏ အရှင်ဘုရား၊

**ပူဇေမိ** = နိဗ္ဗာန်ကိုမျှော် ပူဇော်ပါ၏ အရှင်ဘုရား၊

**မေ** = တပည့်တော်၏၊

**ဣဒံ ပုညံ** = ဤကောင်းမှုသည်၊

**အာသဝက္ခယာဝဟံ** = အာသဝေါတရား လေးပါးတို့၏ကုန်ရာကုန်ကြောင်းဖြစ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ် မြတ်နိဗ္ဗာန်ကို ကေန်ရောက်အောင် ရွက်ဆောင်နိုင်သည်၊

**ဟောတု** = ဖြစ်ပါစေသတည်း။

http://www,dhammadownload.com



## ရေတော်ကပ်နှင့်ဆုတောင်း

**အရဟတာဒိ နဝဂုဏောဟိ** = အရဟံ အစရှိသော ကိုးပါးသော ဂုဏ်တော်တို့နှင့်၊

**သမန္နာဂတံ** = ပြည့်စုံတော်မူသော၊

**နာထံ** = လူ, နတ်တို့၏ကိုးကွယ်ရာဖြစ်တော်မူသော၊

**ဗုဒ္ဓံ** = သက်တော်ထင်ရှား သဗ္ဗညုမြတ်စွာဘုရားကို၊

**ဥဒ္ဒိဿ** = ရည်မှတ်၍၊

**စေတိယဿ** = ဓာတုစေတီ၊ ဓမ္မစေတီ၊ ဥဒ္ဒိဿစေတီ၊ ပရိဘောဂစေတီတော်မြတ်အား၊

**သုဒ္ဓသီတလ ပသန္နံ** = သန့်ရှင်းအေးမြ ကြည်လင်လှသော၊

**ဣမံ ပါနီယ ပရိဘောဇနီယံ** = ဤသောက်တော်ရေ သုံးဆောင်တော်ရေကို၊

**သက္ကစ္စံ** = ရိုရိုသေသေ၊

**ဒေမိ** = နိဗ္ဗာန်ရည်မှန်း လှူဒါန်းပါ၏အရှင်ဘုရား၊

**ပူဇေမိ** = နိဗ္ဗာန်ကိုမျှော် ပူဇော်ပါ ၏အရှင်ဘုရား၊

**မေ** = တပည့်တော်၏၊

**ဣဒံ ပုညံ** = ဤကောင်းမှုသည်၊

**အာသဝက္ခယာဝဟံ** = အာသဝေါတရား လေးပါးတို့၏ကုန်ရာကုန်ကြောင်းဖြစ်သော မဂ်ဉာဏ်, ဖိုလ်ဉာဏ် မြတ်နိဗ္ဗာန်ကိုဧကန်ရောက်အောင် ရွက်ဆောင်နိုင်သည်၊

**ဟောတု** = ဖြစ်ပါစေသတည်း။

http://www,dhammadownload.com



## ဆီမီးတော်ကပ်နှင့်ဆုတောင်း

**အရဟာတာဒိ နဝဂုဏေဟိ** = အရဟံ အစရှိသော ကိုးပါးသော ဂုဏ်တော်တို့နှင့်၊

**သမန္နာဂတံ** = ပြည့်စုံတော်မူသော၊

**သဗ္ဗညုတာနာဝရဏဉာဏေဟိ** = သဗ္ဗညုတဉာဏ်၊ အနာဝရဏ ဉာဏ်တော်တို့ဖြင့်၊

**တိလောကေ** = သုံးပါးသောလောက၌၊

**အဝိဇ္ဇာ အန္ဓကာရံ** = အဝိဇ္ဇာတည်းဟူသော အမိုက်မှောင်ကို၊

**ဝိဓမိတွာ** = ပယ်ဖျောက်၍၊

**ဇလံ ဇလန္တော** = ထွန်းလင်းတောက်ပတော် မူစေနိုင်သော၊

**ဗုဒ္ဓံ** = သက်တော်ထင်ရှား သဗ္ဗညုမြတ်စွာဘုရားကို၊

**ဥဒ္ဒိဿ** = ရည်မှတ်၍၊

**စေတိယဿ** = ဓာတုစေတီ၊ ဓမ္မစေတီ၊ ဥဒ္ဒိဿစေတီ၊ ပရိဘောဂစေတီတော်မြတ်အား၊

**ပဘာဝဏ္ဏေဟိ** = အရောင်အဆင်းတို့ဖြင့်၊

**အန္ဓကာရံ** = အမိုက်မှောင်ကို၊

**ဝိနာသကံ** = ပယ်ဖျောက်တတ်သော၊

**ဣမံ ဒီပ ဇာလံ** = ဤဆီမီးလျှံကို၊

**ဒေမိ** = နိဗ္ဗာန်ရည်မှန်း လှူဒါန်းပါ၏အရှင်ဘုရား၊

**ပူဇေမိ** = နိဗ္ဗာန်ကိုမျှော် ပူဇော်ပါ၏အရှင် ဘုရား၊

**မေ** = တပည့်တော်၏၊

**ဣဒံ ပုညံ** = ဤကောင်းမှုသည်၊

http://www,dhammadownload.com



**အာသဝက္ခယာဝဟံ** = အာသဝေါတရား လေးပါးတို့၏ကုန်ရာကုန်ကြောင်းဖြစ်သော မဂ်ဉာဏ်, ဖိုလ်ဉာဏ် မြတ်နိဗ္ဗာန်ကို ရောက်အောင် ရွက်ဆောင်နိုင်သည့်၊

**ဟောတု** = ဖြစ်ပါစေသတည်း။

**မှတ်ချက်** ။ ။ ဖော်ပြထားသော ဆွမ်းကပ်, ပန်းကပ်, ရေကပ်, မီးကပ်စာမူများမှာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့မှ "ဗုဒ္ဓဘာသာ ယဉ်ကျေးမှုစာမေးပွဲသင်ခန်းစာ"အဖြစ် ချမှတ်ထားသော စာမူများဖြစ်ပါသည်။

## စေတီလေးမျိုးအဓိပ္ပာယ်

ရဟန်း,ရှင်,လူတို့ အမြတ်တနိုး ကိုးကွယ်ရာ ဌာနကို စေတီဟု ခေါ်သည်။

**၁။ ဓာတုစေတီ** = မြတ်စွာဘုရား၏ အရိုး(ဓာတ်တော်)ကို ဓာတုစေတီ ခေါ်သည်။

**၂။ ဓမ္မစေတီ** = တရားစာပေ ပိဋကတ်တော်များကို ဓမ္မစေတီ ခေါ်သည်။

**၃။ ဥဒ္ဒိဿစေတီ** = သက်တော်ထင်ရှား မြတ်စွာဘုရားကို ရည်မှန်း၍ ထုလုပ်ထားသော ရုပ်တော်မူ၊ ထိုင်တော်မူ၊ လျောင်းတော်မူ ရုပ်ပွားတော်များကို ဥဒ္ဒိဿစေတီခေါ်သည်။

**၄။ ပရိဘောဂစေတီ** = မြတ်စွာဘုရား၏ အသုံးအဆောင်ဖြစ်သော သပိတ်, သင်္ကန်း, ရေစစ် ဖောင်ပင် စသည်များကို ပရိဘောဂစေတီ ခေါ်သည်။

**မှတ်ချက်** ။ ။ မြတ်စွာဘုရား၏အသုံးအဆောင်များကို ဌာပနာထားသော ရွှေတိဂုံ၊ ဆူးလေ၊ ဗိုလ်တထောင် စသောစေတီမျိုးကို ပရိဘောဂစေတီဟုခေါ်ရသည်။ ဓာတ်တော်များ ဌာပနာထားသည်ကို ရည်ရွယ်ပြောသော် ဓာတုစေတီဟုလည်း ခေါ်နိုင်သေးသည်။

http://www,dhammadownload.com



## ခဲဖွယ်နှင့် ဘောဇဉ်

ထမင်း၊ ဆန်ဖြင့်လုပ်သောမုန့်၊ ဂျုံ(ပဲ)ဖြင့် လုပ်သောမုန့်၊ ငါးနှင့်အသား ဤငါးမျိုးကို ဘောဇဉ်ခေါ်သည်။ ဘောဇဉ်ငါးမျိုးမှ ကြွင်းသော ချိုချဉ်၊ သစ်သီး၊ လက်ဖက်သုပ်၊ ဂျင်းသုပ် စသော စားဖွယ်မျိုးကို ခဲဖွယ်ခေါ်သည်။

## ဆွမ်းလှူကျိုး ငါးပါး

| | |
|---|---|
| သက်ရှည်, | ဆင်းလှ၊ |
| သုခ, | ခွန်အား၊ |
| ပညာများ၊ | ငါးပါး ဆွမ်းအကျိုး။ |

## ပန်းလှူကျိုး သုံးပါး

| | |
|---|---|
| ပန်းလိုလှပ၊ | ဘဝရုပ်ရည်၊ |
| ခန္ဓာကိုယ်တွင်း၊ | သန့်ရှင်းပေသည်၊ |
| နံ့စော်ကင်းလို့၊ | ခံတွင်းမွှေးကြည်၊ |
| ပန်းလှူကျိုး၊ | သုံးမျိုးရနိုင်သည်။ |

## ရေလှူကျိုး ဆယ်ပါး

| | |
|---|---|
| လျှင်မြန်သန့်ရှင်း၊ | စင်ကြယ်ခြင်းနှင့်၊ |
| လွတ်ကင်းမွတ်သိပ်၊ | မဆိတ်ခြိရံ၊ |
| ဒီဃံသက်ရှည်၊ | ရုပ်ရည်ဆင်းလှ၊ |
| သုခခွန်အား၊ | ပညာများ၊ ဆယ်ပါးရေအကျိုး။ |

## မီးလှူကျိုး နှစ်ပါး

| | |
|---|---|
| ဘုရားရှင်အား၊ | စိတ်ထားကြည်ဖြူ၊ |
| ဆီမီးလျှပ်ပန်း၊ | လှူဒါန်းသောသူ၊ |

http://www,dhammadownload.com



စက္ခု မံသ၊ ဉာဏ နှစ်ဆူ၊
ကြည်လင်၏၊ ဖြစ်ဘိဉာဏ်ကြီးသူ။

**၁။ မံသစက္ခု** = ပကတိမျက်လုံး ကြည်လင်အားကောင်းခြင်း၊

**၂။ ဉာဏစက္ခု** = အသိဉာဏ်မျက်လုံး အားကောင်းခြင်း၊

## တံမြက်လှည်းအကျိုး ငါးပါး

ကိုယ့်စိတ်, သူ့စိတ်၊ ယိုဖိတ်ကြည်လင်၊
နတ်တို့လေးစား၊ လွန်ပွားချစ်ခင်၊
ကြည်ညိုဖွယ်ကောင်း၊ ဂုဏ်ပေါင်းမျက်ရှင်၊
နတ်ပြည်ရောက်၊ ထွန်းတောက် ကျိုးငါးအင်။

## ပရိဝါ၌ဟောသော တံမြက်လှည်းအကျိုး ငါးပါး

၁။ မိမိစိတ်ကြည်လင်ခြင်း၊

၂။ သူတစ်ပါးစိတ်ကြည်လင်ခြင်း၊

၃။ နတ်တို့လေးစားချစ်ခင်ခြင်း၊

၄။ ကြည်ညိုဖွယ်ဂုဏ်ကိုဆောင်စေခြင်း၊

၅။ နတ်ပြည်ရောက်ခြင်း။

(ပရိဝါ၊ ပါဠိ၊ ၂၃၁)

## ဘုရားဂုဏ်တော် ကိုးပါးပါဠိ

**ဣတိပိ သော ဘဂဝါ-**

၁။ အရဟံ၊ ၂။ သမ္မာသမ္ဗုဒ္ဓေါ၊

၃။ ဝိဇ္ဇာစရဏသမ္ပန္နော၊ ၄။ သုဂတော၊

၅။ လောကဝိဒူ၊ ၆။ အနုတ္တရောပုရိသဒမ္မသာရထိ၊

၇။ သတ္ထာဒေဝမနုဿာနံ၊ ၈။ ဗုဒ္ဓေါ၊

၉။ ဘဂဝါ”တိ။

http://www,dhammadownload.com



## လယ်တီမူ ဘုရားဂုဏ်တော် ကိုးပါးအနက်

သော ဘဂဝါ၊ ထိုအကျွန်ုပ်တို့၏ဆရာ မြတ်စွာဘုရားသည်–

၁။ **ဣတိပိ**၊ ဤသို့လျှင် ဗြဟ္မာ၊ နတ်၊ လူ သုံးဘုံသူတို့၏ ကြည်ဖြူ ကော်ရော် ပူဇော်အထူးကို ခံထိုက်ကြောင်းဖြစ်သော သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ ဝိမုတ္တိဂုဏ်၊ ဝိမုတ္တိဉာဏဒဿနဂုဏ်တို့နှင့်ပြည့်စုံတော်မူပေသောကြောင့်လည်း။ **အရဟံ**၊ အရဟံ မည် တော်မူပေ၏။

၂။ **ဣတိပိ**၊ ဤသို့လျှင် သစ္စာဉေယျ ဓမ္မအပုံ အလုံးစုံကို အကုန် မကျန် မြတ်ရွှေဉာဏ်ဖြင့် အမှန်ထိုးထွင်း အလင်းထင်ပေါ် သိမြင် တော်မူပေသောကြောင့်လည်း။ **သမ္မာသမ္ဗုဒ္ဓေါ**၊ သမ္မာသမ္ဗုဒ္ဓ မည် တော်မူပေ၏။

၃။ **ဣတိပိ**၊ ဤသို့လျှင် စရဏအပြား တစ်ဆယ့်ငါးတည့် သုံးပါးရှစ်ဖြာ ဉာဏ်ဝိဇ္ဇာတို့နှင့် ကောင်းစွာပြည့်စုံတော်မူပေသောကြောင့် လည်း။ **ဝိဇ္ဇာစရဏသမ္ပန္နော**၊ ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူပေ၏။

၄။ **ဣတိပိ**၊ ဤသို့လျှင် သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ မကပ်ငြိဘဲ၊ မဇ္ဈိမ ပဋိပတ်၊ ကောင်းမြတ်ဖြောင့်တန်း မဂ္ဂင်လမ်းဖြင့် ရွှေနန်းပူရီ ဘေးမဲ့ပြည်သို့ ကြွချီဆိုက်ရောက်တော်မူပေသောကြောင့်လည်း။ **သုဂတော**၊ သုဂတမည်တော်မူပေ၏။

၅။ **ဣတိပိ**၊ ဤသို့လျှင် ကာမ ရူပ အရူပဟု လောကအပြင် ဘုံတစ် ခွင်ကို ကုန်စင်ခပင်း မကျန်ကြွင်းအောင် အလင်းထင်ပေါ် သိမြင် တော်မူပေသောကြောင့်လည်း။ **လောကဝိဒူ**၊ လောကဝိဒူမည်တော် မူပေ၏။

http://www,dhammadownload.com



၆။ **လ္လတိပိ**၊ ဤသို့လျှင် ဇာတိမာန်, ပုညမာန်, ဂုဏမာန်, ဗလမာန်, ဣဒ္ဓိမာန်, ပညာမာန်တို့ဖြင့် မိုးစွန်ကြွားကြွား ငါတကားဟု ကြုံး ဝါးခက်ထန် အဆိပ်လျှံသည့် နန္ဒောပနန္ဒ, အင်္ဂုလိမာလ,သစ္စကနှင့် ဗကဗြဟ္မာ သတ္တဝါတို့ကို ဒေသနာသံ ဆိတ်အံငြိမ်ဆေး အမြန် ပေး၍ ယဉ်ကျေးအောင်ပြု ဆုံးမမှုဝယ် အတုမရှိ လွန်ကဲဘိသော ကြောင့်လည်း။ **အနုတ္တရောပုရိသဒမ္မသာရထိ**၊ အနုတ္တရော ပုရိသ ဒမ္မသာရထိ မည်တော်မူပေ၏။

၇။ **လ္လတိပိ**၊ ဤသို့လျှင် လူ,နတ်,ဗြဟ္မာ သတ္တဝါအများ သောင်းတိုက် သားတို့၏ ဝပ်တွားရှိပျောင်း ညွတ်ညောင်းခယ ဆုံးမခံရာ ဆရာ သခင် ဦးထိပ်တင်ကြီး ဖြစ်တော်မူပေသောကြောင့်လည်း။ **သတ္ထာ ဒေဝမနုဿာနံ**၊ သတ္ထာ ဒေဝမနုဿာန မည်တော်မူပေ ၏။

၈။ **လ္လတိပိ**၊ ဤသို့လျှင် သစ္စာလေးရပ် တရားမြတ်ကို လူ,နတ်အများ သိထင်ရှားအောင် ဟောကြားထုတ်ဖော် သိစေတော်မူသောကြောင့် လည်း။ **ဗုဒ္ဓေါ**၊ ဗုဒ္ဓမည်တော်မူပေ၏။

၉။ **လ္လတိပိ**၊ ဤသို့လျှင် ဘုန်းတော်အနန္တ ကံတော်အနန္တ ဉာဏ်တော် အနန္တ တန်ခိုးတော်အနန္တ ကြီးမြတ်လှ၍ လောကသုံးပါး လူ အများတို့ လေးစားဂရု ချီးပမှုကြောင့်လည်း။ **ဘဂဝါ**၊ ဘဂဝါမည် တော်မူပေ၏။

**တံ**၊ ထိုအရဟံအစ ဘဂဝါအဆုံး ဘဝဂ်ချုံးမျှ ဘုန်းရှိန်ကြီးမား ဂုဏ်ကိုးပါးနှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရားကို။ **အဟံ**၊ ခန္ဓာ အာယတန ဓာတ်စုမျှကို ကာယသမုတ် အကျွန်ုပ်သည်။ **ဝန္ဒာမိ**၊ သဒ္ဓါ စိတ်ဓော အာရုံပြော၍ မနော, ဝစီ, ကာယညီလျက် ဦးချိလက်မိုး ကြာငုံဖြိုးသို့ ရှိခိုးပါ၏ဘုရား။

http://www,dhammadownload.com



## တရားဂုဏ်တော် ခြောက်ပါးပါဠိ

၁။ သွာက္ခာတော ဘဂဝတာ ဓမ္မော၊
၂။ သန္ဒိဋ္ဌိကော၊
၃။ အကာလိကော၊
၄။ ဧဟိပဿိကော၊
၅။ ဩပနေယျိကော၊
၆။ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ"တိ။

## လယ်တီမူ တရားဂုဏ်တော် ခြောက်ပါးအနက်

၁။ **ဘဂဝတာ**၊ မြတ်စွာဘုရားသည်။ **ဓမ္မော**၊ တရားတော်မြတ်**ကို**။ **သွာက္ခာတော**၊ အစ, အလယ်, အဆုံး သုံးပါးအစုံ ကောင်း**ခြင်း** ဂုဏ်နှင့် ပြည့်စုံစွာဟောကြားတော်မူအပ်၏။

၂။ **ဓမ္မော**၊ တရားတော်မြတ်သည်။ **သန္ဒိဋ္ဌိကော**၊ ကျင့်ဆောင်**သူတို့** အား ယခုဘဝပစ္စက္ခ၌ပင် ဒိဋ္ဌကိုယ်တွင် တွေ့မြင်ခံစားရသော **ဂုဏ်** ကျေးဇူးအထူးနှင့်လည်း ပြည့်စုံတော်မူပေ၏။

၃။ **အကာလိကော**၊ ကာလမရွေ့ ကျင့်သည့်နေ့ပင် တွေ့မြင်ယုံ**ကြည်** ရသော ကောင်းကျိုးချမ်းသာနှင့်လည်း ပြည့်စုံတော်မူပေ၏။

၄။ **ဧဟိပဿိကော**၊ လာရောက်ရှုမြင် ကျေးဇူးတင်မြဲဖြစ်၍ လာပါ ရှုပါ, ကျင့်ကြံပါဟု မပါပါအောင် ခေါ်ဆောင်သွတ်သွင်း တိုက် တွန်းခြင်းငှာ ထိုက်တန်စွာသော ဂုဏ်ထူးဝိသေသနှင့်လည်း ပြည့် စုံတော်မူပေ၏။

၅။ **ဩပနေယျိကော**၊ မိမိကာယ အဇ္ဈတ္တတွင် ရရှိပေါက်ရောက် ကိုယ် တွေ့မြောက်အောင် ကပ်၍ဆောင်ထိုက်သော ဂုဏ်ထူး ဝိသေသ နှင့်လည်း ပြည့်စုံတော်မူပေ၏။

http://www,dhammadownload.com



၆။ **ဝိညူဟိ**၊ ပညာရှိသူ ရှင်,လူအပေါင်း သူတော်ကောင်းတို့သည်။ **ပစ္စတ္တံ**၊ အသီးသီးသော မိမိတို့သန္တာန်၌။ **ဝေဒိတဗ္ဗော**၊ ချမ်းသာလေစွ ကောင်းလေစွဟု ကာယ, စိတ္တ သုခနှစ်ပြင် ထင်ထင်ရှားရှား ခံစားသိမြင်ရသော ဂုဏ်ထူးဝိသေသနှင့်လည်း ပြည့်စုံတော်မူပေ၏။

**တံ**၊ ထိုသွာက္ခာတအစ ဝေဒိတဗ္ဗောအဆုံး ဘဝဂ်ချုံးမျှ ဘုန်းရှိန်ကြီးမား ဂုဏ် ၆ ပါးနှင့်ပြည့်စုံတော်မူသော တရားတော်မြတ်ကို။ **အဟံ**၊ ခန္ဓာအာယတန ဓာတ်စုမျှကို ကာယသမုတ် အကျွန်ုပ်သည်။ **ဝန္ဒာမိ**၊ သဒ္ဒါစိတ်ဓာ အာရုံပြော၍ မနောဝစီ ကာယညီလျက် ဦးချီလက်မိုး ကြာငုံဖူးသို့ ရှိခိုးပါ၏ဘုရား။

## သံဃာ့ဂုဏ်တော် ကိုးပါးပါဠိ

၁။ "သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊

၂။ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊

၃။ ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊

၄။ သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌ ပုရိသပုဂ္ဂလာ ဧသ ဘဂဝတော သာဝကသံဃော၊

၅။ အာဟုနေယျော၊

၆။ ပါဟုနေယျော၊

၇။ ဒက္ခိဏေယျော၊

၈။ အဉ္ဇလိကရဏီယော၊

၉။ အနုတ္တရံ ပုညက္ခေတ္တံ လောကဿာ"တိ။

http://www,dhammadownload.com



## လယ်တီမူ သံဃာ့ဂုဏ်တော် ကိုးပါးအနက်

**၁။ ဘဂဝတော၊** မြတ်စွာဘုရား၏။ **သာဝကသံဃော၊** သီလဝန်, ဂုဏဝန်, ပညာဝန်, ကလျာဏပုထုဇ္ဇန် အရှင်မွန် အရှင်မြတ်တို့နှင့်တကွ ပရမတ္ထသံဃာ အရိယာရှစ်ပါး တပည့်သား သံဃာတော်မြတ် အပေါင်းသည်။ **သုပ္ပဋိပန္နော၊** အဓိသီလ, အဓိစိတ္တ, အဓိ ပညာ သိက္ခာသုံးရပ် လွန်ကောင်းမြတ်သော ပဋိပတ်ဂုဏ်နှင့်လည်း ပြည့်စုံတော်မူပေ၏။

**၂။ ဘဂဝတော၊** ၏။ **သာဝကသံဃော၊** သည်။ **ဥဇုပ္ပဋိပန္နော၊** အဓိသီလ, အဓိစိတ္တ, အဓိပညာ သိက္ခာသုံးရပ် လွန်ဖြောင့်မတ်သော ပဋိပတ်ဂုဏ်နှင့်လည်း ပြည့်စုံတော်မူပေ၏။

**၃။ ဘဂဝတော၊** ၏။ **သာဝကသံဃော၊** သည်။ **ဉာယပ္ပဋိ ပန္နော၊** အဓိသီလ, အဓိစိတ္တ, အဓိပညာ သိက္ခာသုံးရပ် လွန်သင့်မြတ်သော ပဋိပတ်ဂုဏ်နှင့်လည်း ပြည့်စုံတော်မူပေ၏။

**၄။ ဘဂဝတော၊** ၏။ **သာဝကသံဃော၊** သည်။ **သာမီစိပ္ပဋိ ပန္နော၊** အဓိသီလ, အဓိစိတ္တ, အဓိပညာ သိက္ခာသုံးရပ် ရိုသေအပ်သော ပဋိပတ်ဂုဏ်နှင့်လည်း ပြည့်စုံတော်မူပေ၏။

**ယဒိဒံ၊ ယာနိ ဣမာနိ စတ္တာရိ ပုရိသယုဂါနိ၊** အကြင်လေးပါးသော ယောကျ်ားမြတ်အစုံတို့သည်။ **သန္တိ၊** ရှိကုန်၏။ **ယဒိဒံ=ယေ ဣမေ အဋ္ဌပုရိသပုဂ္ဂလာ၊** အကြင်ရှစ်ပါးသော ယောကျ်ားမြတ်တို့သည်။ **သန္တိ၊** ရှိကုန်၏။

**၅။ ဘဂဝတော၊** မြတ်စွာဘုရား၏။ **သေ ဧသော သာဝက သံဃော၊** ဤလေးစုံရှစ်ပါး တပည့်သားသံဃာတော်မြတ်အပေါင်းသည်။ **အာဟုနေယျော၊** အာဂန္တုအား ရည်၍ထားသော အလှူဝတ္ထုမျိုးကို

http://www,dhammadownload.com



ခံယူခြင်းငှာ ထိုက်တန်စွာသော သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်နှင့်လည်း ပြည့်စုံတော်မူပေ၏။

၆။ **ပါဟုနေယျော**၊ လက်ဆောင်အလို့ငှာ ယူ၍လာသော အလှူဝတ္ထုမျိုးကို ခံယူခြင်းငှာ ထိုက်တန်စွာသော သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်နှင့်လည်း ပြည့်စုံတော်မူပေ၏။

၇။ **ဒက္ခိဏေယျော**၊ နောက်နောက်ဘဝ အကျိုးရဖို့ ပျိုးချတုံ လတ်မြတ်သောအလှူဝတ္ထုကို ခံယူခြင်းငှာ ထိုက်တန်စွာသော သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်နှင့်လည်း ပြည့်စုံတော်မူပေ၏။

၈။ **အဉ္ဇလိကရဏီယော**၊ လူမင်း,နတ်မင်း,ဗြဟ္မာမင်းတို့၏ လက်အုပ်ချီခြင်းကို ခံယူထိုက်သော သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်နှင့်လည်း ပြည့်စုံတော်မူပေ၏။

၉။ **လောကဿ**၊ လူအပေါင်း၏။ **အနုတ္တရံ**၊ အတုမရှိ မြင့်မြတ်သော။ **ပုညက္ခေတ္တံ**၊ ကုသိုလ်မျိုးကို စိုက်ပျိုးချရာ လယ်ယာမြေကောင်းသဖွယ်လည်း ဖြစ်တော်မူပေ၏။

**တံ**၊ ထိုသုပ္ပဋိပန္နအစ ပုညက္ခေတ္တံအဆုံး ဘဝဂ်ချုံးမျှ ဘုန်းရှိန်ကြီးမား ဂုဏ်ကိုးပါးနှင့်ပြည့်စုံတော်မူသော သံဃာတော်မြတ်အပေါင်းကို။ **အဟံ**၊ ခန္ဓာအာယတန ဓာတ်စုမျှကို ကာယသမုတ် အကျွန်ုပ်သည်။ **ဝန္ဒာမိ**၊ သဒ္ဓါစိတ်ဖော အာရုံပြော၍ မနောဝစီ ကာယညီလျက် ဦးချီလက်မိုး ကြာငုံဖြိုးသို့ ရှိခိုးပါ၏ဘုရား။

## ဘုရားဂုဏ်တော် ကိုးပါးသရုပ်

၁။ **အရဟံဂုဏ်တော်** = အပူဇော်ခံထိုက်သောဂုဏ်တော်၊

၂။ **သမ္မာသမ္ဗုဒ္ဓဂုဏ်တော်** = မဖောက်မပြန် အမှန်သိဂုဏ်တော်၊

၃။ **ဝိဇ္ဇာစရဏ သမ္ပန္နဂုဏ်တော်** = အသိအကျင့် ပြည့်စုံဂုဏ်တော်

http://www,dhammadownload.com



၄ ။ သုဂတဂုဏ်တော် = နိဗ္ဗာန်ကြွသွား ဂုဏ်တော်၊
၅ ။ လောကဝိဒူဂုဏ်တော် = လောကအကြောင်းသိ ဂုဏ်တော်၊
၆ ။ အနုတ္တရော ပုရိသဒမ္မသာရထိဂုဏ်တော် = ဆုံးမတတ်သော ဂုဏ်တော်၊
၇ ။ သတ္ထာ ဒေဝမနုဿာနဂုဏ်တော် = လူ, နတ်တို့၏ ဆရာဖြစ်ဂုဏ်တော်၊
၈ ။ ဗုဒ္ဓဂုဏ်တော် = သစ္စာလေးပါးကို သိစေတတ်သော ဂုဏ်တော်၊
၉ ။ ဘဂဝါဂုဏ်တော် = ဘုန်းခြောက်ပါးရှိ ဂုဏ်တော်။

## တရားဂုဏ်တော် ခြောက်ပါးသရုပ်

၁ ။ သွာက္ခာတဂုဏ်တော် = ကောင်းစွာ ဟောကြားအပ်သော ဂုဏ်တော်၊
၂ ။ သန္ဒိဋ္ဌိကဂုဏ်တော် = လက်တွေ့ မျက်တွေ့ ဂုဏ်တော်၊
၃ ။ အကာလိကဂုဏ်တော် = လက်ငင်းအကျိုးပေး ဂုဏ်တော်၊
၄ ။ ဧဟိပဿိကဂုဏ်တော် = ဖိတ်ခေါ်တိုက်တွန်း ဂုဏ်တော်၊
၅ ။ ဩပနေယျိကဂုဏ်တော် = ကပ်၍ဆောင်ထိုက်သော ဂုဏ်တော်၊
၆ ။ ပစ္စတ္တံဝေဒိတဗ္ဗော ဝိညူဟိဂုဏ်တော် = ပညာရှိတို့ သိမြင်ခံစားအပ်သောဂုဏ်တော်။

## သံဃာ့ဂုဏ်တော် ကိုးပါးသရုပ်

၁ ။ သုပ္ပဋိပန္နဂုဏ်တော် = လွန်ကောင်းမြတ်သော အကျင့်ဂုဏ်တော်၊
၂ ။ ဥဇုပ္ပဋိပန္နဂုဏ်တော် = လွန်ဖြောင့်မတ်သောအကျင့်ဂုဏ်၊
၃ ။ ဉာယပ္ပဋိပန္နဂုဏ်တော် = လွန်သင့်မြတ်သော အကျင့်ဂုဏ်၊
၄ ။ သာမီစိပ္ပဋိပန္နဂုဏ်တော် = ရိုသေအပ်သော အကျင့်ဂုဏ်၊
၅ ။ အာဟုနေယျဂုဏ်တော် = ဧည့်သည်ရည်မှူ၊ အလှူဝတ္ထုကို ခံယူထိုက်သောဂုဏ်၊

http://www,dhammadownload.com



**၆။ ပါဟုနေယျဂုဏ်တော်** = လက်ဆောင်ယူငြား အလှူဝတ္ထုများကို ခံယူထိုက်သောဂုဏ်၊

**၇။ ဒက္ခိဏေယျဂုဏ်တော်** = မြတ်သောအလှူခံယူထိုက်သောဂုဏ်၊

**၈။ အဉ္ဇလိကရဏီယဂုဏ်တော်** = လက်အုပ်ချီမိုး ရှိခိုးထိုက်သော ဂုဏ်၊

**၉။ အနုတ္တရံ ပုညက္ခေတ္တဂုဏ်တော်** = လယ်ယာမြေကောင်းနှင့်တူသောဂုဏ်။

## ဂုဏ်တော်ရွတ်ပွား အကျိုးများ

ဗုဒ္ဓဘာသာဝင် သူတော်စင်များအနေဖြင့် မိဘ,ဘိုးဘွား,ဆရာသမားတို့၏ကျေးဇူးကြောင့်"ဣတိပိ သော ဘဂဝါ"စသော ဂုဏ်တော်ပါဠိများကို ငယ်စဉ်တောင်ကျေး ကလေးဘဝတည်းက နှုတ်လွတ်အာဂုံ ရနေကြ၏၊ အသက်အရွယ် အလယ်အလတ်ရှိသောအခါ တစ်ဆင့်တက်၍ ထိုဂုဏ်တော်ပါဠိ၏ အနက်အဓိပ္ပာယ်များကို သိဆိုရင့်ကျူး၍ ဘုရားရှိခိုးရာ၌ အသုံးပြုလာတတ်ကြ၏၊ ထိုမှတစ်ဆင့် ဘုရားဂုဏ်တော်များကို အာရုံပြုဆင်ခြင်ပွားများပြီး စိပ်ပုတီးအပတ်သက်စေ့စိပ်ခြင်း၊ အပတ်တစ်ရာ အပတ်တစ်ထောင်ပြည့်အောင်စိပ်ခြင်းများကို ပြုလုပ်၍ ကုသိုလ်တရားကို အားထုတ်ကြပြန်၏။ ထိုကုသိုလ်၏ရလဒ်ကား သမာဓိအားကောင်းခြင်း၊ စိတ်၏ငြိမ်းချမ်းမှုကို ရရှိခြင်း၊ သောကကင်းဝေးခြင်း စသော အကျိုးများကို ရရှိနိုင်လေသည်။

## ဘုရားဂုဏ်တော် ပွားများခြင်းအကျိုး

ဘုရားဂုဏ်တော်ကို ရွတ်ဆိုပွားများ နှလုံးသွင်းဆင်ခြင်သောသူအား ရရှိနိုင်သော အကျိုးတရားများကို ဝိသုဒ္ဓိမဂ်၌ အောက်ပါအတိုင်း ဖော်ပြထားလေသည်။

http://www,dhammadownload.com



၁။ ရာဂ, ဒေါသ, မောဟ ကိလေသာ မဖြစ်ပွားခြင်း။

၂။ စိတ်အစဉ် ဖြောင့်မတ်ခြင်း။

၃။ ဘုရား၌ရိုသေခြင်း။

၄။ သဒ္ဓါ, သတိ, ပညာ, ပုည ပြန့်ပြောခြင်း။

၅။ ပီတိ ပါမောဇ္ဇ များပြားခြင်း။

၆။ ဘေးရန်အမျိုးမျိုးကို သည်းခံနိုင်ခြင်း။

၇။ ဘုရားနှင့်အတူနေရသကဲ့သို့ ထင်မှတ်ခြင်း။
(ဘုရားနှင့်နီးစပ်၍ အကုသိုလ်အပြစ် နည်းပါးသည်ဟူလို)။

၈။ စေတီအလား ပူဇော်ထိုက်ခြင်း
(ဗုဒ္ဓါနုဿတိပွားများသူတို့၏ ကိုယ်ခန္ဓာသည် စေတီအလား ပူဇော်ထိုက်သည်ဟူလို)။

၉။ ဘုရား၌စိတ်ညွတ်ခြင်း
(ဘုရား၌ စိတ်ရောက်နေ၍ အပြင် အပ အကုသိုလ်အာရုံများ မဝင်နိုင်ခြင်း)။

၁၀။ အရှက်အကြောက်ဖြစ်ခြင်း
(အကုသိုလ်ပြစ်မှု ကျူးလွန်စရာ တွေ့ကြုံခဲ့သော် ဘုရားအာရုံ ထင်မြင်လာ၍ ဟိရိဩတ္တပ္ပ အရှက်,အကြောက်ဝင်ပြီး မလွန်ကျူးခြင်း)။

၁၁။ နတ်ရွာစသော သုဂတိသို့ရောက်ခြင်း။
(ဤဘဝ၌ မဂ်,ဖိုလ်မရသေးစေကာမူ ကွယ်လွန်သောအခါ ဒုဂ္ဂတိမကျနိုင်)။ **(ဝိသုဒ္ဓိမဂ်၊ ပထမအုပ်၊ ၂၀၆။)**

## ဆောင်ပုဒ်ကာဗျာ

၁။ ကိလေမနှောင့်၊ ၂။ စိတ်စဉ်ဖြောင့်၏၊

၃။ ဘုန်းခေါင့်ရိုသေ၊ ၄။ သဒ္ဓါတွေ၍၊

http://www,dhammadownload.com



၅။ နှစ်ထွေပီတိ၊ ၆။ သည်းခံချိ၏၊
၇။ စေတီပုံလား၊ ၈။ ဘုရားနှင့်နေ၊
၉။ ထင်ပေဟိရောတ်၊ ၁၀။ စိတ်ညွတ်ချစ်ရှင်၊
၁၁။ မဂ်စဉ်မပွား၊ နတ်ရွာလားသည်၊
ဘုရားဂုဏ်တော် ပွားကျိုးတည်း။ **(ဝိသုဒ္ဓိရုံလင်္ကာ)**

**မှတ်ချက်။ ။ ဟိရောတ်ကို ဟိရှတ်ဟု ဖတ်ပါ။ ဟိရိဩတ္တပ္ပဟု ဆိုလိုသည်။**

## ဂုဏ်တော်ပွားများ၍ အကျိုးရသော သာဓကဝတ္ထုများ

ဘုရားဂုဏ်တော်ပွားများ၍ လောကီလောကုတ္တရာအကျိုးများ ခံစားရပုံကို ပြဆိုသော သာဓကဝတ္ထုတို့ကား များစွာပင်ရှိလေသည်။ အနည်းငယ် နမူနာထုတ်ပြရသော် –

၁။ ပုဂံခေတ် မိဖုရားစောလုံဝတ္ထု၊ **(ဦးကုလား၊ မှန်နန်း)**

၂။ ဂုဏ်တော်ပွားများ၍ ရေပေါ်အိပ်ပြနိုင်သော ဓနုဖြူမြို့နယ် ညောင်ချောင်းရွာသူဒေါ်ခင်ပု၊ **(၁၉၄၈– သံတော်ဆင့်လွတ်လပ်ရေး စာစောင်)**

၃။ မွန်အမျိုးသမီးကလေး တလထော၊ **(ဝံသဒီပနီ၊ ဟာဗိ၏ မြန်မာရာဇဝင်)**

၄။ ဗုဒ္ဓါရမ္မဏပီတိကြောင့် ခန္ဓာကိုယ်ကြီး ကောင်းကင်သို့ မြောက်တက်သွားသော သီဟိုဠ်သူ ကိုယ်ဝန်ဆောင်အမျိုးသမီး၊ **(အဋ္ဌသာလိနီ)**

၅။ အသန္ဓိမိတ္တာ မိဖုရားဝတ္ထု၊ **(ဒီ၊ ဋ္ဌ၊ ၂၊ နှာ၊ ၄၄)**

၆။ ကာဠီအမျိုးသမီးဝတ္ထု၊ **(အံ၊ ဋ္ဌ၊ ၁၊ နှာ၊ ၃၅၁)**

၇။ အနာထပိဏ်သဌေးကြီးဝတ္ထု၊ **(သံ၊ ၁၊ နှာ၊ ၂၁)**

၈။ မဟာနာမ်ဝတ္ထု၊ **(သံ၊ ၃၊ နှာ၊ ၃၂၁)**

၉။ ထင်းခွေသမား သားအဖဝတ္ထု၊ . . .

http://www,dhammadownload.com



စသည်တို့မှာ ဗုဒ္ဓါနုဿတိ ပွားများဆင်ခြင်မှုကြောင့် ကောင်းကျိုး သုခရရှိပုံ သာဓက ဝတ္ထုများဖြစ်ပါသည်။

အထက်ပါဝတ္ထုများကိုထောက်ထား၍ ဘုရားဂုဏ်တော်ပွား များဆင်ခြင်လျှင် ရန်ဘေးကင်း၍ သုဂတိလမ်းသို့ဖြောင့်တန်းစွာ သွားနိုင်ကြောင်း အဖြေရှာ၍ ဂုဏ်တော်ကို ကြိုးစားပွားများသင့်ကြ ပေသည်။

## တရားဂုဏ်တော်ပွားများ၍ အကျိုးရသော သာဓကဝတ္ထုများ

ဓမ္မာနုဿတိ တရားဂုဏ်တော် အောက်မေ့ပွားများခြင်း၏ အကျိုးပြသာဓကဝတ္ထုများအဖြစ်– ဖားနတ်သားဝတ္ထု၊ လင်းနို့သား ငါးရာဝတ္ထု၊ ဓမ္မစကြာ မယ်ဟေမာဝတ္ထု၊ စွန်လက်မှလွတ်သော ဗုဒ္ဓ ရက္ခိတကျေးသားဝတ္ထု စသည်များကို ထုတ်ဆောင်အပ်၏။

### အကျိုး ၁၁-ပါးလင်္ကာ

၁။ ကိလေမနှောင့်၊ ၂။ စိတ်စဉ်ဖြောင့်၏၊
၃။ ဘုန်းခေါင်ဟောကြား၊ တရားရှိသေ၊
၄။ သဒ္ဓါစွေ၍၊ ၅။ နှစ်ထွေပီတိ၊
၆။ သည်းခံချိ၏၊ ၇။ စေတီပုံလား၊
၈။ တရားနှင့်နေ၊ ၉။ ထင်ပေဟိရောတ်၊
၁၀။ စိတ်ညွှတ်ဓမ္မ၊
၁၁။ မဂ်မရလည်း၊ ရောက်ထမမှား၊ နတ်ရွာလားသည်၊
တရားဂုဏ်တော်ပွားကျိုးတည်း။ (မာဂဓိ – လင်္ကာ)

## သံဃာဂုဏ်တော်ပွားများခြင်းအကျိုး

သံဃာနုဿတိ သံဃာဂုဏ်တော်ကို အောက်မေ့ပွားများခြင်း ၏အကျိုးပြ သာဓကဝတ္ထုများအဖြစ် သုတ်မဟာဝါ၌လာသော "အယျ

http://www,dhammadownload.com



မိတ္တမထေရ်”ဝတ္ထုနှင့် ဓမ္မပဒ၌လာသော မဟာကပ္ပိနမင်းနှင့် အနော ဇာဒေဝီဝတ္ထုစသည်တို့ကို ထုတ်ဆောင်အပ်၏၊

**အကျိုး ၁၁-ပါးလင်္ကာ**

**၁** ။ ကိလေမနှောင့်၊ **၂** ။ စိတ်စဉ်ဖြောင့်၏၊

**၃** ။ ဘုန်းခေါင့်သံဃာ၊ မှန်စွာရိုသေ၊

**၄** ။ သဒ္ဓါစွေ၍၊ **၅** ။ နှစ်ထွေပီတိ၊

**၆** ။ သည်းခံချိ၏၊ **၇** ။ ပြုဘိသမုတ်၊ ဥပုသ်သိမ်ပမာ၊

**၈** ။ သံဃာနှင့်နေ၊ **၉** ။ ထင်ပေဟိရောတ်၊

**၁၀** ။ စိတ်ညွတ်သံဃ၊

**၁၁** ။ မဂ်မရလည်း၊ ရောက်ထနတ်ရွာ၊ ကောင်းကျိုးလာသည်၊ သံဃာဂုဏ်တော်ပွားကျိုးတည်း။ **(မာဂဓီ - လင်္ကာ)**

## သမ္ဗုဒ္ဓေ (အဋ္ဌဝီသိကင်းကပ်ကျော်)

## ဘုရားရှိခိုး ဂါထာတော်ကြီး

**၁** ။ **သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ သဟဿကေ။**
**ပဉ္စသတ သဟဿာနိ၊ နမာမိ သိရသာ မဟံ။**

**၂** ။ **အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊ အနန္တာ နိဗ္ဗုတာ ဇိနာ။**
**တေသံ ဓမ္မဉ္စ သံဃဉ္စ၊ အာဒရေန နမာမဟံ။**

**၃** ။ **နမက္ကာရာ နုဘာဝေန၊ ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ။**
**အနေက အန္တရာယာပိ၊ ဝိနဿန္တု အသေသတော။**

**အဋ္ဌဝီသံ** = သုံးပါးဘဝ၊ သုံးလောကတွင်၊ ဉာဏ်ရောင်ဖိတ်၊ အောင်ဘိသိက်နှင့်၊ နှစ်ကျိပ်ရှစ်ဆူကုန်သော **သမ္ဗုဒ္ဓေ**=တန်ဆောင်ပမာ၊ ဉာဏ်ရောင်ဝါဖြင့်၊ သစ္စာပွင့်လင်း၊ တရားမင်းတို့ကို လည်းကောင်း။ **ဒွါဒသဉ္စသဟဿကေ** = နိဗ္ဗာန်ကိန်းအောင်း၊ စက်မွေ့လျောင်းသည့်၊

http://www,dhammadownload.com



တစ်သောင်း နှစ်ထောင်ကုန်သော၊ **သမ္ဗုဒ္ဓေစ** = လရောင် ပမာ၊ ညဏ်ရောင်ဝါဖြင့်၊ သစ္စာဝင်းပြောင်၊ မြတ်ဘုန်းခေါင် တို့ကို လည်းကောင်း။ **ပဉ္စသတ သဟဿာနိ** = သောင်းတိုက် စကြဝဠာ၊ ဂုဏ်ဝါကျော်ဟိန်း၊ ငါးသိန်းကုန်သော။ **သမ္ဗုဒ္ဓေစ** = နေရောင်ပမာ၊ ညဏ်ရောင်ဝါဖြင့်၊ သစ္စာလင်းထိန်၊ မြတ်မုနိန်တို့ကို လည်းကောင်း။ **အပ္ပကာ ဝါဠုကာ ဂင်္ဂါ**=ဂင်္ဂါမြစ်ထဲ၊ ငွေသောင်သဲကို၊ နည်းစေထသော၊ **အနန္တာ** = သချာ ဂဏန်း၊ ရေတွက်မှန်းလည်း၊ ဆုံးခန်းတိုင်မြောက်၊ မရောက်နိုင်ထသော၊ **နိဗ္ဗုတာ** = ဘုံဇာတ်သိမ်း၍ ငြိမ်းအေးတော်မူပြီးထသော၊ **ဇိနာစ** = နှောင့်ယှက်ဖန်လာ၊ မာရ်ငါးဖြာကို၊ အရိယာမင်္ဂ၊ ဘုန်းရောင် စက်ဖြင့်၊ ချိုးဖျက်လွယ်ကူ၊ အောင်တော်မူသော၊ ဘုရားရှင်အပေါင်းတို့ကို လည်းကောင်း၊ **အဟံ** = အကျွန်ုပ် သည်၊ **သိရသာ** = ဦးခေါင်းရတနာ၊ မြတ်အင်္ဂါဖြင့်၊ **နမာမိ** = ရှိခိုးပါ၏။

**တေသံ** = ထိုဂင်္ဂါဝါဠု၊ ပမာပြုလည်း၊ နှိုင်းတုမရ၊ ပွင့်တော်မူကြကုန်သော၊ ဘုရားရှင်တို့နှင့်တကွ၊ ငါးသိန်း တစ်သောင်း နှစ်ထောင် နှစ်ကျိပ်ရှစ်ဆူကုန်သော ဘုရားရှင်တို့၏။ **ဓမ္မဉ္စ** =တရားတော်မြတ်ကို လည်းကောင်း။ **သံဃဉ္စ** = တပည့်သား သံဃာတော်မြတ်ကို လည်းကောင်း။ **အာဒရေန** = ရိုသေစွာ။ **အဟံ** = အကျွန်ုပ်သည်။ **နမာမိ** = ရှိခိုးပါ၏။

**နမက္ကာရာ နုဘာဝေန** = ဤသို့ရှိခိုးပူဇော်၊ ဖူးမြော်မာန်လျော့၊ ကန်တော့ရသော ပဏာမ ကုသိုလ်ကံစေတနာကြောင့်။ **သဗ္ဗေ** = ခပ်သိမ်းကုန်သော။ **ဥပဒ္ဒဝေ** = ဘေးရန်ဥပဒ်တို့ကို။ **ဟိတွာ** = ပယ်ဖျောက်၍၊ **အနေကအန္တရာယာပိ** = တစ်ပါးမက များစွာကုန်သော အန္တရာယ်တို့သည်လည်း။ **အသေသတော** = အကြွင်းအကျန်မရှိသော အားဖြင့်။ **ဝိနဿန္တု** = ပျောက်ပျက်စေကုန်သတည်း။

http://www,dhammadownload.com



**မှတ်ချက်** ။ ။ ဤသမ္ဗုဒ္ဓေဂါထာတော်အနက်မှာ ရန်ကုန်မြို့ ကျောင်းတော်ရာရွှေကျင်တိုက် ပထမဆရာတော် ဦးသာသနရေးသားသောအနက်ဖြစ်ကြောင်း သိရပါသည်။

## သမ္ဗုဒ္ဓေတန်ခိုး အကျိုးအနန္တ

သမ္ဗုဒ္ဓေဂါထာတော်ကို နေ့စဉ်မှန်မှန်ရွတ်ပွားပေးပါက ဘေးအန္တရာယ်ကင်းရှင်းပြီး ကောင်းကျိုးအနန္တ အမှန်ပင်ရရှိပါသည်။ သမ္ဗုဒ္ဓေဂါထာတော်ကြီး စွမ်းအင်ထက်မြက်ပုံအကြောင်းကို -

၁။ ပြည်မြို့ ပဥ္စရူပံ ဦးခက

"တစ္ဆေပုံညွှန့်ပေါင်းကျမ်း"တွင် လည်းကောင်း၊

၂။ လယ်တီဦးလုပိုင်က

"လယ်တီဂန္ထဝင်ကျော်များ" စာအုပ်တွင် လည်းကောင်း၊

၃။ စာရေးဆရာနှစ်ဖက်လှက

"ဇယမင်္ဂလာ ရန်ကင်းဂါထာများ" စာအုပ်တွင်လည်းကောင်း၊

၄။ အရှင်သုသုက က

"သမ္ဗုဒ္ဓေအမျိုးမျိုးနှင့် တန်ခိုးသိဒ္ဓိများ" စာအုပ်တွင်လည်းကောင်း ကျယ်ဝန်းများပြားစွာ စုံစုံလင်လင် ဖော်ပြထားပါသည်၊ ရှာဖွေလေ့လာကြည့်ရှုကြပါ။

မန္တလေးမြို့ဝါးတန်းရပ်မှ(ရေချို)ဦးအေးမောင်သည် လေယာဉ်ပျံပျက်ကျရာ၌ အသက်မသေဘဲကျန်ရစ်သည်မှာ သမ္ဗုဒ္ဓေဂါထာကို ရွတ်ဆိုပွားများသောကြောင့် ဖြစ်ကြောင်း သူကိုယ်တိုင်ပြောပြ၍ သိရပါသည်။ ၎င်းအပြင် ၁၉၃၆ ခုနှစ်က ဘောရွတ်မြို့သို့အသွား လေယာဉ်စက်ချွတ်ယွင်း၍ ထိုးဆင်းခဲ့ရာ၌ အခြားသူများ ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြပါသော်လည်း စိန်မဟာသဘင်ဇာတ်အဖွဲ့မှ မင်းသား ဦးကဲနက်စိန်မှာ သမ္ဗုဒ္ဓေဂါထာကို နှလုံးသွင်း၍ ဗုဒ္ဓါနုဿတိဂုဏ်ကို အာရုံပြုသော

http://www,dhammadownload.com



ထိုဖြစ်ရပ်ကို ကာယကံရှင် ဦးကဲနက်စိန်ကိုယ်တိုင် သီချင်းစပ်၍ ဓာတ်ပြားသွင်းထားပါသည်။

## သမ္ဗုဒ္ဓေ အကျိုးပြု လင်္ကာကြီး

မြတ်သမ္ဗုဒ္ဓေ၊ ဆုဝေကျော်ကြား၊ နိဒါန်းအားဖြင့်၊ ကွမ်းစားသတ္တော်၊ ခေါင်းလျော်ဒသ၊ ဘတ္တာတြိန်း၊ ဆီလိမ်းပဥ္စ၊ စီးထလေှမှာ၊ ရှစ်ကြိမ်သာတည့်၊ နံ့သာပန်းမျိုး၊ ကိုးကြိမ်နှိုးလော့၊ ချုပ်မိုးညဥ့်ခါ၊ အိပ်ရာဝင်မူ၊ ကိုးကြိမ်ဟူ၏။ ရန်သူတွေ့မြောက်၊ ဆယ့်တစ်ခေါက်တည့်၊ စစ်ရောက်သောခါ၊ ရွတ်ပါကိုးကြိမ်၊ စံအိမ်သန္ဓေ၊ ပိုးဖွားနေမူ၊ ရေမှာကိုးခေါက်၊ မန်း၍သောက်က၊ ဖွားမြောက်ခဏ၊ ချမ်းသာရ၏။ ခေတ္တနှောင်သွင်း၊ သံခြေကျင်းနှင့်၊ အပြင်းတိုက်လှောင်၊ တစ်ထောင်ရွတ်လေ၊ လွတ်ထွက်ပေ၏၊ ရွတ်လေနှစ်ခေါက်၊ ခရီးလျှောက်ရာ၊ ခေါင်းမှာပန်စိုက်၊ ရန်ဘေး၌လည်း၊ မြူဆိုက်မလိမ်း၊ ကင်းလွတ်ငြိမ်း၏။ ။ ခပ်သိမ်းရောဂါ၊ ဗျာပါလည်းကင်း၊ သောကရှင်း၍၊ မင်းမင်းတကာ၊ ကြည်သာမြတ်နိုး၊ ရေပြည့်အိုးသို့၊ မညှိုးပန်းသွင်၊ နေ့တိုင်းပင်တည့်၊ ထွက်ဝင်ရဲရဲ၊ လူခပဲတို့။ အံ့အဲစလောက်၊ ထွန်းတောက်ပဝင်း၊ ပွင့်လင်းသာသနာ၊ ပွားကြောင်းရာ၍၊ စန္ဒာလမင်း၊ ကောင်းကင်ချဥ်းသို့၊ ကောင်းခြင်းထွေထွေ၊ ကောင်းကျိုးဝေသည်၊ သမ္ဗုဒ္ဓေ၏ တန်ခိုးတည်း (အကျိုးတည်း)။

## သမ္ဗုဒ္ဓေ သီချင်း

သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ သဟဿကေ။
ပဉ္စသတသဟဿာနိ၊ နမာမိ သိရသာမဟံ။

http://www,dhammadownload.com



(အနန္တာ နိဗ္ဗူဇ်နေ၊ ဂင်္ဂါဝါဠူ သဲစုမကာပေ .... ကမ္ဘာတွေ သချာ သင်္ချေ၊ နိဗ္ဗူမြေ စံနေကြတဲ့ ဘုရားမြတ် ပရမေ ရှင်တော်တွေ၊ မျှော်ကာ ရည်စူးဖူးတဲ့ သမ္ဗုဒ္ဓေ....)^၂

(မြို့တိုင်းရွတ်ကြပါလေ+ရွာတိုင်းရွတ်ကြ ဂါထာသမ္ဗုဒ္ဓေ + အိမ်တိုင်းရွတ်ကြပါလေ...လူတိုင်းရွတ်ကြ ဂါထာသမ္ဗုဒ္ဓေ)^၂ ငါးသိန်း, တစ်သောင်း, နှစ်ထောင် နှစ်ကျိပ်ရှစ်ဆူ နိဗ္ဗူဇ်နေ... ဦးထိပ်ရွက်ပန် ကာချွေ...ဂါထာတော်ကျူး ဖူးတဲ့သမ္ဗုဒ္ဓေ....။

သံပြိုင်။ (မြန်နယ်ပြည် မယွင်းချွတ်စေ၊ ရွတ်ဖတ်ကြ သမ္ဗုဒ္ဓေ။ အန္တရာယ်တွေ ကင်းလွတ်မလေ ရွတ်ဖတ်ကြ သမ္ဗုဒ္ဓေ++)^၂

စည်းစိမ်ရွှေ,ငွေ,ရတနာမိုး ဂါထာတန်ခိုးနဲ့ သွန်းဖြိုးလို့ဝေ+ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းနိုင်ကြမလေ...မြန်တိုင်းဌာနေ အေးချမ်းလို့ သာယာဖို့အခြေ+ဂါထာတော်ကျူး ကျူးနိုင်ကြစေ++(သမ္ဗုဒ္ဓေ)^၂ ဘေး အပေါင်း မကောင်းတွေ ဝေးကွာရှောင်းမဲ့ ကောင်းတဲ့သမ္ဗုဒ္ဓေ++၊

(မိုးသောက်ကြလာ ထခါရွတ်ကြလေ...သမ္ဗုဒ္ဓေ၊ ခရီးယာယီ ခါမှီရွတ်ကြလေ...သမ္ဗုဒ္ဓေ၊ အိပ်ရာဝင်တိုင်း မဆိုင်းရွတ်ကြလေ သမ္ဗုဒ္ဓေ)^၂ (မြတ်ဘုရားဂုဏ်နဲ့ မြတ်တရားဂုဏ်တွေ....သံဃာဂုဏ် တော် ရည်မျှော်စူးလို့ ကြည်နူး ထူးတဲ့ ဖူးတဲ့ သမ္ဗုဒ္ဓေ++)^၂

(မြို့တိုင်း နယ်တိုင်း လူတွေ...ရွာတိုင်းအိမ်တိုင်း လူတွေ)^၂ (အန္တရာယ်တွေ အမှန်ကွယ်စေ...ဘေးရန်ရှင်း ကင်းဝေးမှာ ဂါထာ သမ္ဗုဒ္ဓေ++။

**မှတ်ချက်** ။ ။ **၁၉၅၄– ခုနှစ်တွင် ဂီတာတင်အုန်းက ရေးစပ်သီကုံး၍ အဆိုတော် ကိုမြသောင်း က သီဆိုဓာတ်ပြားသွင်းခဲ့ပါသည်။ ကလေးများ စိတ်ဝင်စားအောင် ထည့်သွင်း သင်ကြားပေးပါသည်။**

**သင်တန်းနည်းပြ(မာဂဓီ– သာစည်)**

http://www,dhammadownload.com



## ငါးရာနှစ်ဆယ်ရှစ်သွယ်မေတ္တာ

(က) ပုဂ္ဂိုလ် ၁၂–ယောက် ကို တည်၊
နှလေးပါး နှင့် မြှောက်၊
မူလ မေတ္တာ ၄၈ – ဖြစ်၏။

(ခ) မေတ္တာ ၄၈ ကို တည်၊
အရပ် ၁၀–ပါး ဖြင့် မြှောက်၊
မေတ္တာ ၄၈၀ – ဖြစ်၏။

(ဂ) မေတ္တာ ၄၈၀ ကို တည်၊
အရပ်မပါသော မေတ္တာ ၄၈ နှင့် ပေါင်း၊
၅၂၈ ဖြစ်၏။

## အနောဓိသပုဂ္ဂိုလ် ငါးဦး

၁။ သဗ္ဗေသတ္တာ = သတ္တဝါအားလုံး။

၂။ သဗ္ဗေပါဏာ = ထွက်သက်,ဝင်သက်ရှိ သတ္တဝါအားလုံး။

၃။ သဗ္ဗေဘူတာ = ကိုယ်ထင်ရှားရှိ သတ္တဝါအားလုံး။

၄။ သဗ္ဗေပုဂ္ဂလာ = ပုဂ္ဂိုလ်အားလုံး။

၅။ သဗ္ဗေအတ္တဘာဝပရိယာပန္နာ = အတ္တဘော၌ အကျုံးဝင်သော သတ္တဝါအားလုံး။

## ဩဓိသပုဂ္ဂိုလ် ခုနစ်ဦး

၁။ သဗ္ဗာဣတ္ထိယော = မိန်းမအားလုံး။

၂။ သဗ္ဗေပုရိသာ = ယောကျ်ားအားလုံး။

၃။ သဗ္ဗေအရိယာ = အရိယာပုဂ္ဂိုလ်အားလုံး။

၄။ သဗ္ဗေအနရိယာ = ပုထုဇဉ်အားလုံး။

http://www,dhammadownload.com



၅ ။ သဗ္ဗေဒေဝါ = နတ်,ဗြဟ္မာအားလုံး။

၆ ။ သဗ္ဗေမနုဿာ = လူသားအားလုံး။

၇ ။ သဗ္ဗေဝိနိပါတိကာ = အသူရာနှင့်ပြိတ္တာအားလုံး။

မှတ်ချက် ။ ။ မရည်ရွယ် မပိုင်းခြားဘဲပို့သော မေတ္တာကို အနောဓိသမေတ္တာဟုခေါ်သည်၊ ရည်ရွယ်ပိုင်းခြား အမည်နာမတပ်၍ပို့သောမေတ္တာကို ဩဓိသမေတ္တာဟုခေါ်သည်။

## ဗြဟ္မ လေးပါး မေတ္တာ လေးပါး

၁ ။ အဝေရာဟောန္တု =ဘေးရန်ခပ်သိမ်း ကင်းငြိမ်းပါကြစေ။

၂ ။ အဗျာပဇ္ဇာဟောန္တု =ကြောင့်ကြဗျာပါဒ ကင်းကြပါစေ။

၃ ။ အနီဃာဟောန္တု =ဆင်းရဲကင်းကြပါစေ။

၄ ။ သုခီအတ္တာနံ ပရိဟရန္တု =ချမ်းသာကိုယ်,စိတ် မြဲကြပါစေ။

**ဆောင်** – ဘေးရန်ကင်းပ၊ ဗျာပါဒကင်း၊ ဆင်းရဲမရှိ၊ မိမိကိုယ်သာ၊ ရွက်ဆောင်ကာ၊ ချမ်းသာကိုယ်,စိတ် မြဲပါစေ။

## ငါးရာနှစ်ဆယ်ရှစ်သွယ် မေတ္တာလင်္ကာ

၁ ။ မည္ဆွန်ပဉ္စ၊ ည္ဆွန်သတ္တ၊ ဒွါဒပုဂ္ဂလာ၊

၂ ။ မေတ္တာလေးသွယ်၊ မြောက်ပွားချယ်၊ လေးဆယ်ရှစ်ရပါ၊

၃ ။ ဒိသာဒသ၊ မြှောက်ပြန်က၊ လေးရာ့ရှစ်ဆယ်သာ၊

၄ ။ ရည်မရည်ရွယ်၊ ရှစ်လေးဆယ်၊ ထိုဝယ်နှောလေပါ၊

၅ ။ ငါးရာ့နှစ်ဆယ်၊ ရှစ်အကျယ်၊ ဖြစ်ဖွယ်ရွှေမေတ္တာ။

## မေတ္တာအကျိုး တစ်ဆယ့်တစ်ပါး

အိပ်သော်ချမ်းသာ၊ နိုးခါသုခ၊ မြတ်လှအိပ်မက်၊ နှစ်သက်လူတို့၊ နတ်တို့ချစ်ခင်၊ နတ်ပင်စောင့်နေ၊ မီးရေမဖျက်၊ ငြိမ်သက်တည်ကြည်၊ ရွှင်ကြည်မျက်နှာ၊ သေခါမမှိုင်၊ ဗြဟ္မာတိုင်သား၊ ဆယ့်တစ်ပါးကို၊ ကျမ်းဂန်ဆိုသည်၊ ဗိုလ်လူအများ၊ မေတ္တာပွား။

http://www,dhammadownload.com



## သာသနာလျှောက် စာတမ်း

ဘုရားသခင် ရွှေပြည်နိဗ္ဗာန် စံတော်မူသည့်နေ့မှစ၍ ထားတော်မူခဲ့သော သာသနာတော်မြတ်သည်ကား ငါးထောင်ဖြစ်ပါသည်ဘုရား။ ထိုငါးထောင်အနက်တို့တွင်-

(က) လွန်လေပြီးသော အတိတ် သာသနာမြတ်သည်ကား ၂၅၃၃ ခု လွန်ပါပြီ ဘုရား။

(ခ) ကြွင်းကျန်သေးသော အနာဂတ် သာသနာတော်မြတ်သည်ကား ၂၄၆၇ -ခု ကြွင်းကျန်ပါသေးသည် ဘုရား။

(ဂ) ယခု လူတို့ခေါ်ဝေါ်ပညတ် သမုတ်အပ်သော ကောဇာ၊ သက္ကရာဇ်နှစ်၏ အရေအတွက်သော်ကား ၁၃၅၁-ခု ဖြစ်ပါသည် ဘုရား။

မိဿ, ပြိဿ, မေထုန်, ကရကဋ်, သိဟ်, ကန်, တူ, ဗြိစ္ဆာ, ဓနု, မကာရ, ကုမ်, မိန် တစ်ဆယ့်နှစ်ရာသီတို့တွင် မေထုန်ရာသီ နယုန်လဆန်း ၁၅-ရက်၊ တနင်္ဂနွေနေ့ဖြစ်ပါသည်ဘုရား။ တနင်္ဂနွေဆန်း၊ တနင်္ဂနွေကွယ်သောကြောင့် အတိုကောက်လင်္ကာ (ဥညှ) ဖြစ်ပါသည်ဘုရား။

### အတိတ်သာသနာ တွက်နည်းဆောင်ပုဒ်

ကောဇာသက္ကရာဇ်၊ ရောက်ဆဲနှစ်ကို၊ တစ်တစ်ရှစ်နှစ်၊

ရောတုံလှစ်သော်၊ တွက်စစ်ကြောင်းဟိတ်၊ အတိတ်သာသနာ၊

ပေါ်ထွက်လာ၊ သေချာမမှား မြဲမှတ်သား။

**မှတ်ချက် ။ ။ ရောက်ဆဲသက္ကရာဇ် ၁၃၅၁- ကိုတည်၊ ၁၁၈၂- ကို ထည့်၍ပေါင်း အတိတ်သာသနာနှစ် ၂၅၃၃- ခု ဖြစ်၏။ အတိတ်သာသနာ တစ်နှစ်တိုးတိုင်း အနာဂတ်သာသနာတစ်နှစ်လျော့၏။**

http://www,dhammadownload.com



## လဆန်း၊ လဆုတ်ပြက္ခဒိန်ဖွဲ့ရန် အတိုကောက်လင်္ကာ

အောင်ခဲ, စံညို, လှူပျို, သွင်သွင်၊ ဒွင်းအင်, ငကျော်၊ ဇင်ယော်, ဗုတ်မွေး၊ သာခွေး, ဥသြ၊ ကျော်စော, လုလင်၊ ပုတ်သင်, ဒေါင့်ထဲ၊ ပြန်ရှဲတွဲ။

## အမျှဝေ ဓာတ်မိ

ဤသို့ပြုရ၊ မြတ်ပုညကို၊ ကြီးထမြင့်ခေါင်၊ မြင်းမိုရ်တောင်ဦး၊ မကကျူးသား၊ ကျေးဇူးအရှင်၊ မွေးမိခင်နှင့်၊ ဖခင်တို့အား၊ ရပြားပါစေ၊ အမျှဝေ၏။

မသွေနိစ္စ၊ ဤကာယကို၊ စောင့်ထပေတတ်၊ ကိုယ်စောင့်နတ်လည်း၊ မလပ်စေရ၊ ပေးဝေရ၏။

မိတ္တာဆွေညာ၊ ဆရာသမား၊ ဘိုးဘွားကစ၊ ယမရာဇာ၊ ဒေဝယက္ခ၊ ဣန္ဒဘုမ္မာ၊ အာကာသနတ်၊ အထူးမှတ်၍၊ အမြတ်ပုည၊ ကုသလကို၊ ရကြပါစေ အမျှဝေ၏။

သဗ္ဗေ သတ္တာ၊ သတ္တဝါဟု၊ နာနာလောက၊ အနန္တတွင်၊ မပြတ်စဉ်ကာ၊ သတ္တာဝါသ၊ ဘုံကိုးဝနှင့်၊ ဝိညာဏဋ္ဌိတိ၊ တည်ရှိခုနစ်ပါး၊ များစွာလုံးစုံ၊ ဘုံသုံးဆယ့်တစ်၊ ဖြစ်ဖြစ်သမျှ၊ ဝေနေယျအား၊ အမျှကုသိုလ်၊ ပေးဝေလို၏။

ထိုကုသလ၊ ဤပုညကို၊ အမျှရကြသည် ဖြစ်စေသောဝ်။

ဝသုန္ဓရေ၊ ဤမြေပံသု၊ သိလာထုလည်း၊ သက်သေအမှု တည်စေသောဝ်။

အမျှ အမျှ အမျှ (ယူတော်မူကြပါကုန်လော့)။

သာဓု သာဓု သာဓု

# အခန်း (၂)

## ဗုဒ္ဓဝင်သင်တန်းပို့ချချက်

### ဂေါတမမြတ်စွာဘုရား၏
### ဗုဒ္ဓဝင်အကျဉ်းချုပ်ဆောင်ပုဒ်

မ, သိ, ကြ, လတ်၊ တွေး, ဆ, အပ်၊ နေ့မြတ် ခုနစ်ထွေ။
သန့်, ဖွား, တော, ပွင့်၊ စက်, စု, သင့်၊ ရှင်ပင့် သာကီဆွေ။

**ရှင်းလင်းချက်**

၁။ မ – ကြာသပတေးနေ့တွင်
သန့် – ပဋိသန္ဓေ နေတော်မူပါသည်။
၂။ သိ – သောကြာနေ့တွင်
ဖွား – ဖွားမြင်တော်မူပါသည်။
၃။ ကြ – တနင်္လာနေ့တွင်
တော – တောထွက်တော်မူပါသည်။
၄။ လတ် – ဗုဒ္ဓဟူးနေ့တွင်
ပွင့် – ဘုရားပွင့်တော်မူပါသည်။
၅။ တွေး – စနေနေ့တွင်
စက် – ဓမ္မစကြာတရား ဟောတော်မူပါသည်။
၆။ ဆ – အင်္ဂါနေ့တွင်
စု – စုတိ ပရိနိဗ္ဗာန် စံတော်မူပါသည်။
၇။ အပ် – တနင်္ဂနွေနေ့တွင်
သင့် – တေဇောဓာတ် (မီးသင့်) လောင်တော်မူပါသည်။

http://www,dhammadownload.com



# လယ်တီဆရာတော် ရေးသားသော
## ဗုဒ္ဓဝင်ဘုရားရှိခိုးလင်္ကာ

### သန္ဓေယူသောနေ့ [မ=သန်]

သုံးလူ့ရှင်ပင်၊ ကျွန့်ထိပ်တင်၊ သောင်းခွင်စကြဝဠာ၊ နတ်၊ ဗြဟ္မာတို့၊ ညီညာရုံးစု၊ တောင်းပန်မှုကြောင့်၊ ရတုနဂို၊ ရွှန်းရွှန်းစိုသည်၊ ဝါဆိုလပြည့်၊ ကြွက်မင်းနေ့ဝယ်၊ ချမ်းမြေ့ကြည်ဖြူ၊ သန္ဓေယူသည်။ နတ်လူငြိမ်းဖို့ ကိန်းပါကို။

### ဖွားတော်မူသောနေ့ [သီ=ဖွား]

သန္ဓေယူကာ၊ ဆယ်လကြာသော်၊ မဟာသက္ကရာဇ်၊ ခြောက်ဆယ့်ရှစ်ကြို၊ ကဆုန်လပြည့်၊ သောကြာနေ့ဝယ်၊ ချမ်းမြေ့စုံစီ၊ လုမ္ဗိနီဋ္ဌ၊ မဟီလိုက်ဆူ၊ ဖွားတော်မူသည်။ ။နတ်လူအောင်မြို့ လမ်းပါကို။

### တောထွက်သောနေ့ [ကြ=တော]

ဖွားမြင်မြောက်သော်၊ ဆယ့်ခြောက်နှစ်ရွယ်၊ ပျိုနုနယ်ဋ္ဌ၊ သုံးသွယ်ရွှေနန်း၊ သိမ်းမြန်းပြီးလစ်၊ ဆယ့်သုံးနှစ်လျှင်၊ ဘုန်းသစ်လျှံလူ၊ စံတော်မူ၍၊ ရွယ်မူနုဖြိုး၊ နှစ်ဆယ့်ကိုးဝယ်၊ လေးမျိုးနိမိတ်၊ နတ်ပြဟိတ်ကြောင့်၊ ရွှေစိတ်ငြင်ငြိုး၊ သံဝေပိုက၊ ဝါဆိုလပြည့်၊ ကျားမင်းနေ့ဝယ်၊ ချမ်းမြေ့ရရုံ၊ တောရပ်လှုံသည်။ ။စုံမြိုင်ပင်ရိပ် ခန်းမှာကို။

### ဘုရားဖြစ်သောနေ့ [လတ်=ပွင့်]

တောရပ်မြိုင်ပေါ်၊ ခြောက်နှစ်ပျော်၍၊ ခါတော်တပုံ၊ ပွင့်ချိန်ကြုံက၊ ကဆုန်လပြည့်၊ ဆင်မင်းနေ့ဝယ်၊ မြေ့ပရမေ၊ ပလ္လင်ဗွေထက်၊ ရွှေညောင်တော်ကြီး၊ ဗိတာန်ထီးနှင့်၊ မငြီးကြည်ဖြူ၊ နေတော်မူလျက်၊ ရန်မြူခပင်း၊ အမိုက်သင်းကို၊ အရှင်းပယ်ဖျောက်၊ အလင်းပေါက်က၊

http://www,dhammadownload.com



ထွန်းတောက်ဘုန်းတော်၊ သောင်းလုံးကျော်သည်။ ။ သုံးဖော်လူတို့ငြိမ်းပါကို။

## ခမ္မစကြာဟောသောနေ့ [တွေး=စက်]

ဘုရားဖြစ်ခါ၊ မိဂဒါသို့၊ စကြာရွှေဘွား၊ ဖြန့်ချီသွား၍၊ ငါးပါးဝဂ္ဂီ၊ စုံအညီနှင့်၊ မဟီတစ်သောင်း၊ တိုက်အပေါင်းမှ၊ ခသြောင်း ကပ်လာ၊ နတ်,ဗြဟ္မာအား၊ ဝါဆိုလပြည့်၊ စနေနေ့ဝယ်၊ ကြွေ့ကြွေ့လျှံတက်၊ ဓမ္မစက်ကို၊ မိန့်မြွက်ထွေပြား၊ ဟောဖော်ကြားသည်။ ။ တရားနတ် စည် ရွမ်းတယ်ကို။

## ပရိနိဗ္ဗာန်စံသောနေ့ [ဆာ=စု]

တရားနတ်စည်၊ ဆော်ရွမ်းလည်က၊ သုံးမည်ဘုံသိုက်၊ တစ်သောင်းတိုက်ဝယ်၊ ကျွတ်ထိုက်သသူ၊ နတ်,လူ,ဗြဟ္မာ၊ သတ္တဝါကို၊ ခေမာသောင်သို့၊ ဖောင်ကူးတို့ဖြင့်၊ ဆောင်ပို့ပြီးခါ၊ ဝါလေးဆယ့်ငါး၊ သက်ကားရှစ်ဆယ်၊ စုံပြည့်ကြွယ်က၊ ရာ့လေးဆယ့်ရှစ်၊ သက္ကရာဇ်ဝယ်၊ နယ်မလ္လာတိုင်း၊ စံနိုင်းမယုတ်၊ ကုသိန္နာရုံ၊ အင်ကြင်းစုံ၌၊ ကဆုန်လပြည့်၊ အင်္ဂါနေ့ဝယ်၊ ချမ်းမြေ့နိဗ္ဗူ၊ စံတော်မူသည်။ ။ ဝှန်းဆူသောင်းလုံးကျော်တယ်ကို။

## ဓာတ်တော်ခွဲဝေသောနေ့ [အာပ်-သင့်]

နိဗ္ဗူစံပြီ၊ ရှုမအီသား၊ သီဂီရွှေလျော်၊ အလောင်းတော်ကို၊ ထိုရော် ကဆုန်၊ လဆုတ်ကြုံ၍၊ ဂဠုန်နေ့ဝယ်၊ ခိုးငွေ့မနော၊ ဓာတ်တော်ဓာလျှင်၊ ရှင်ဓောဏ်ဏော်စက်၊ မိဋ္ဌာန်ချက်ဖြင့်၊ လျှံတက်ကော်ရော်၊ မီးပူဇော်သည်။ ။ မွေတော်ရှစ်စိတ် ကြွင်းတယ်ကို။

## ရှိခိုးဆုတောင်း

ထိုခုနစ်နေ့၊ သာချမ်းမြေ့ကို၊ ဆွေ့ဆွေ့ကြည်ဖြူ၊ အာရုံယူလျက်၊ သုံးလူတို့နတ်၊ မြတ်ထက်မြတ်သား၊ အထွဋ်ခေါင်ဖျား၊ ကိုယ်

http://www,dhammadownload.com



တော်ဘုရားကို၊ သုံးပါးမှန်စွာ၊ ဝန္ဒနာဖြင့်၊ သဒ္ဓါဖြိုးဖြိုး၊ ကျွန် ရှိခိုး သည်။ ။ ကောင်းကျိုးခပ်သိမ်း ကြွယ်စေသောဝ်။ ။

## ကလေးများသိဖွယ်

## ဂေါတမမြတ်စွာဘုရား၏ ဗုဒ္ဓဝင်အကျဉ်းချုပ်

ဂေါတမမြတ်စွာဘုရားအလောင်းတော်သည် ပါရမီကို သုမေဓာ ရသေ့ဘဝမှစ၍ ဖြည့်ကျင့်ခဲ့သည်၊ ဖြည့်ကျင့်ပုံမှာ –

ဂေါတမမြတ်စွာဘုရား ပွင့်တော်မူရာ ဤဘဒ္ဒကမ္ဘာမှပြန်၍ ရေတွက်သော် လေးအသင်္ချေနှင့်ကမ္ဘာတစ်သိန်းအထက်၌ အမရဝတီ နေပြည်တော်ဝယ် သုမေဓာသဌေးသားဖြစ်ခဲ့ဖူးသည်။ မိဘများ စွန့် ထားခဲ့ရသောပစ္စည်းများကို စွန့်လှူ၍ သံဝေဂဖြစ်ပြီး တောထွက်ကာ ရသေ့ဝတ်သွားသည်။ ရမ္မာဝတီမြို့သူမြို့သားတို့က ဒီပင်္ကရာမြတ်စွာ ဘုရားကြွလာမည်ဖြစ်၍ လမ်းပြင်ဆင်နေကြရာ ရသေ့ကလေး ပါဝင် လုပ်အားပေးသည်။ မပြီးမီ ဘုရားကြွလာသောကြောင့် သူ၏ခန္ဓာ ကိုယ်ကို ရွှံ့ညွှန်တွင် တံတားသဖွယ်ပြု၍ထားသည်။ ဒီပင်္ကရာမြတ်စွာ ဘုရားက "နောင်အခါ ငါကဲ့သို့ ဘုရားဖြစ်လိမ့်မည်" ဟုဗျာဒိတ်ပေး တော်မူသည်။

လုပ်အားပေးသည့်လူအုပ်ထဲတွင် သုမိတ္တာအမျိုးသမီးတစ်ဦး ပါလာရာ "ရသေ့ကလေး၏ပါရမီကို ကူညီဖြည့်ရပါလို၏" ဟု ဆု တောင်းလေသည်။ ပါလာသော ကြာပန်းရှစ်ပွင့်အနက် ၃ ပွင့်ကို ဘုရားလှူပြီး ၅–ပွင့်ကို သုမေဓာရသေ့အား လှူလိုက်သည်။ သုမိတ္တာ ကား ယသောဓရာအလောင်းတည်း။ ထိုနေ့မှာ **ကဆုန်လပြည့်**။

### မွေးဖွားသည်အာထိ

ဂေါတမဘုရားအလောင်းသည် ပါရမီကို ဝေဿန္တရာမင်းကြီး ၏ဘဝတွင် ပြီးပြည့်စုံသည်။ ထိုနောက် တုသိတာနတ်ပြည်တွင်

http://www,dhammadownload.com



သေတကေတု နတ်သားဖြစ်ခိုက် နတ်,ဗြဟ္မာများက ဘုရားဖြစ်ချိန် တန်ပါကြောင်း တောင်းပန်၍ ကြည့်ခြင်းငါးမျိုးကိုကြည့်ပြီး ဝန်ခံတော်မူသည်။ ကပိလဝတ် နေပြည်သုဒ္ဓေါဒနမင်းကြီး၏မိဖုရား မာယာဒေဝီ၏ဝမ်း၌ **ဝါဆိုလပြည့် ကြာသပတေးနေ့**တွင် သန္ဓေယူသည်။ လုမ္ဗိနီဥယျာဉ်၌မွေးဖွားသည်။ ဖွားရက်မှာ မဟာသက္ကရာဇ် ၆၈ခု **ကဆုန်လပြည့် သောကြာနေ့**ဖြစ်သည်။ မွေးဖွားပြီးနောက် "ငါ အဦးဆုံး၊ ငါ အကြီးဆုံး၊ ငါ အမြတ်ဆုံး"ဟူသောစကားကြီးသုံးခွန်းပြောသည်၊ ဘုရားလောင်းကိုမွေးဖွားပြီးနောက် ခုနစ်ရက်အရတွင် မယ်တော်မာယာ စုတေသည်။ ဓမ္မတာသဘောကြောင့်မှတ်ပါ။ မိထွေးတော်ဂေါတမီက ဘုရားအလောင်းကို တာဝန်ယူပြုစုရသည်။ မယ်တော်မာယာ စုတေရခြင်းမှာ သားဖွားခြင်းနှင့်စပ်သော ဒုက္ခကြောင့်မဟုတ်။ ဘုရားလောင်းတို့ကိန်းဝပ်ရာဝမ်းတိုက်၌ နောက်ထပ်မည်သူမျှ ပဋိသန္ဓေမနေထိုက်သောကြောင့် ဓမ္မတာသဘောအရ ဖွားပြီး ၇–ရက်အရတွင် စုတေရသည်။

## တောထွက်သည်အထိ

ဘုရားလောင်း၏အမည်ကို သိဒ္ဓတ္ထဟုမှည့်သည်၊ ပုဏ္ဏားခုနစ်ယောက်က လူ့ဘဝနှင့်နေလျှင် စကြာမင်း, ရဟန်းဝတ်လျှင် ဘုရားဖြစ်မည်ဟု နိမိတ်ဖတ်ကြသည်။ အငယ်ဆုံးပုဏ္ဏား (ကောဏ္ဍည)က မုချ ဘုရားဖြစ်မည်ဟု အတပ်ဟောသည်။ ၁၆–နှစ်အရွယ်၌ သုပ္ပဗုဒ္ဓမင်းကြီး၏သမီး ဒေဝဒတ်၏အမ ယသောဓရာနှင့်လက်ထပ်သည်။ ရွှေနန်းသုံးဆောင်တွင် တစ်လှည့်စီနေပြီး ထီးနန်းစည်းစိမ် ၁၃–နှစ်စံစားသည်။ ဥယျာဉ်အသွား သူအို, သူနာ, သူသေ, ရဟန်း နိမိတ်ကြီးလေးပါးတွေ့ရ၍ သံဝေဂဖြစ်သည်။ သက်တော် ၂၉–နှစ်အရွယ်၌ သားတော်ကလေး ရာဟုလာ မွေးဖွားသည့်နေ့ညမှာပင် ကဏ္ဍကမြင်း

http://www,dhammadownload.com



ကိုစီး၍ နောက်ပါဆန္နအမတ်နှင့်အတူ တောထွက်တော်မူသည်။ မာရ်နတ်က တောမထွက်ရန် ဟန့်တားသည်။ မရ။ အနော်မာမြစ်ကမ်းအနီး ဆံတော်ကိုပယ်သည်။ သိကြားမင်းဆံပင်ကိုယူ၍ တာဝတိံသာ၌ စေတီတစ်ဆူတည်ပြီး ဌာပနာသည်။ စူဠာမဏိစေတီဟု အမည်တွင်သည်။ **(ဗုဒ္ဓဝံသ၊ ၄၊ ၃၃၃)**

ဆန္နအမတ် နေပြည်တော်ပြန်၍အကြောင်းစုံပြောကြားသည်။ ကဏ္ဍကမြင်းမှာ သခင်နှင့်ခွဲရ၍ ရင်ကွဲနာကျပြီးသေရာ တာဝတိံသာ၌နတ်ဖြစ်သည်။ ကဏ္ဍကနတ်သားဟုတွင်သည်။

ဃဋိကာရဗြဟ္မာကြီးက ပရိက္ခရာရှစ်ပါးကို လာဆက်သည်။ သိဒ္ဓတ္ထမင်းသား၏ဝတ်လဲတော်ဟောင်းကိုယူ၍ ဗြဟ္မာ့ပြည်တွင်စေတီတစ်ဆူတည်ပြီး ဌာပနာသည်။ ဒုဿစေတီအမည်တွင်၏။ အောက်ပါတို့ကိုမှတ်သားပါ။

| | | |
|---|---|---|
| **သိဒ္ဓတ္ထ** | = | အကျိုးအားလုံးပြီးစီးသူ၊ |
| **ရာဟုလာ** | = | ရာဟုကဲ့သို့ဖမ်းယူနှောင်ဖွဲ့မည့်သား၊ |
| **ဒုက္ကရစရိယာ** | = | ခဲယဉ်းစွာပြုရသောအကျင့်။ |

## ဘုရားဖြစ်သည်အထိ

ဘုရားအလောင်းတော်သည် ဒုက္ကရစရိယာအကျင့်ကို ၆-နှစ်ကြာမျှကျင့်မိသည်။ ကျင့်သည့်နေရာမှာ ဉရုဝေလတောဖြစ်သည်။ ပဉ္စဝဂ္ဂီတို့က ဝတ်ကြီးဝတ်ငယ်ပြုသည်။ ဒုက္ကရစရိယာအကျင့်ကိုမှားမှန်းသိ၍ မဇ္ဈိမပဋိပဒါအကျင့်ကို ပြောင်းလဲကျင့်သည်။ ပဉ္စဝဂ္ဂီတို့က အထင်သေးပြီး စွန့်သွားကြသည်။

မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်နေ့ နံနက်အချိန်သေနာနိဂုံးမှ သုဇာတာ ဃနာနို့ဆွမ်းလာကပ်သည်၊ ထိုဆွမ်းကို ၄၉-လုတ်ဘုဉ်းပေးပြီး ရွှေခွက်ကို နေရဥ္စရာမြစ်၌“ဘုရားဖြစ်မည်မှန်လျှင်

http://www,dhammadownload.com



ဤရွှေခွက်ရေညာသို့ ဆန်တက်ပါစေ"ဟု အဓိဋ္ဌာန်ဖြင့်မျှောသည်။ ရွှေခွက်ချင်းထိ၍ ကာလနဂါးကြီး နိုးသည်။ ညနေချမ်းအခါ ထိုနေရာမှ မဟာဗောဓိသို့ကြွသည်။ လမ်းတွင် သောတ္ထိယ မြက်ထမ်းသမားက မြက်ရှစ်ဆုပ်လှူ၍ အလှူခံသည်။ ညောင်ပင်အောက်တွင် အဓိဋ္ဌာန်ဖြင့်ဖြန့်ခင်းရာ ၁၄ တောင်ပမာဏရှိသော ပလ္လင်ပေါ်ပေါက်လာသည်။ ဘုရားမဖြစ်သမျှ ဤနေရာမှငါမထ ဟုဆုံးဖြတ်တော်မူသည်။ မာရ်နတ်ရောက်လာပြီး ပလ္လင်လုသည်။ လု၍မရ။ ဖြည့်ဆည်းဖူးခဲ့သော ပါရမီတို့ကြောင့် မာရ်နတ်ရှုံးသွားသည်။ တစ်စုံတစ်ယောက်သော ရန်သူမျှ မအောင်နိုင်သောကြောင့် အပရာဇိတပလ္လင်ဟု ခေါ် သည်။ ထိုနေရာ၌ ပု–ဒိ–အာ ဉာဏ်တော်သုံးပါးကိုရရှိပြီး ဘုရားဖြစ်တော်မူသည်။ ဘုရားဖြစ်သည့်နေ့မှာ မဟာသက္ကရာဇ် ၁၀၃–ခု **ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့**။

## သတ္တဋ္ဌာနခုနစ်ပါး [ ၇ × ၇ = ၄၉ ]

**၁။ ပလ္လင်္ကသတ္တာဟ** = ပလ္လင်ပေါ်တွင် (၇)ရက်၊ ဖလသမာပတ်ဝင်စား၊

**၂။ အနိမိသသတ္တာဟ** = ပလ္လင်ကိုမမှိတ်သောမျက်စိဖြင့်(၇)ရက်ကြည့်၊

**၃။ စင်္ကမသတ္တာဟ** = စင်္ကြံ(၇)ရက်ကြွ၊ သမာပတ်ဝင်စား၊

**၄။ ရတနာဃရသတ္တာဟ** = ရတနာအိမ်တော်၌ အဘိဓမ္မာကို(၇)ရက်ဆင်ခြင်၊

**၅။ အဇပါလသတ္တာဟ** = ဆိတ်ကျောင်းညောင်ပင်၌ (၇)ရက် သမာပတ်ဝင်စား၊

**၆။ မုစလိန္ဒသတ္တာဟ** = ကျည်းပင်ရင်းမှာ (၇)ရက်သမာပတ်ဝင်စား၊

**၇။ ရာဇာယတနသတ္တာဟ** = လင်းလွန်းပင်၌(၇)ရက် သမာပတ်ဝင်စား၊

http://www,dhammadownload.com



ရာဇာယတနသတ္တာဟ၌ စံနေတော်မူစဉ် တပုဿနှင့်ဘလ္လိက ကုန်သည်ညီနောင် ရောက်လာဖူးမြော်သည်။ ဆံတော်ရှစ်ဆူ ချီးမြှင့်တော်မူသည်။ ဥက္ကလာပသို့ပြန်ရောက်သောအခါ ရွှေတိဂုံစေတီတော်တွင် ဌာပနာ၍ ကိုးကွယ်ပူဇော်ကြသည်။

## ဓမ္မစကြာတရားဟော

သတ္တဌာနစံနေတော်မူပြီးနောက် ဗောဓိပင်မှ ဗာရာဏသီအနီး မိဂဒါဝုန်တောသို့ကြွ၍ ကောဏ္ဍည, ဝပ္ပ, ဘဒ္ဒိယ, မဟာနာမ်, အဿဇိ ပဉ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရားဦးဟောတော်မူသည်။ ဗောဓိပင်မှ မိဂဒါဝုန်တောသို့အလာ လမ်းခရီးတွင် ဥပကတက္ကတွန်းကြီးနှင့် တွေ့သည်။ အမည်ကိုမေးသောကြောင့် မြတ်စွာဘုရားက သူ၏အမည် အနန္တဇိနဟု ဖြေကြားတော်မူသည်။

## ပရိနိဗ္ဗာန်စံတော်မူ

ဘုရားဖြစ်ပြီးနောက် ၄၅-ဝါတိုင်တိုင် သတ္တဝါများအကျိုးငှာ မနားမနေ တရားဟောတော်မူသည်။ နောက်ဆုံးဝါကို ဝေဠုဝရွာ၌ ကပ်တော်မူသည်၊ ဝါကျွတ်သော် သာဝတ္ထိပြည်သို့ကြွသည်၊ သာဝတ္ထိမှ ရာဇဂြိုဟ်သို့ကြွ၍ ရှင်မောဂ္ဂလာန်၏ ဈာပနကို သင်္ဂြိုဟ်သည်၊ ရာဇဂြိုဟ်မှဝေသာလီ၊ ဝေသာလီမှ ပါဝါပြည်သို့ကြွ၍ပန်းထိမ်သည် စုန္ဒကပ်လှူသော ဝက်ပျိုသားဆွမ်းဟင်းကို ဘုဉ်းပေးတော်မူရာ ဝမ်းတော်လားသောရောဂါရသည်။ ပါဝါပြည်မှ ကုသိနာရုံသို့ဆက်ကြွပြီး သုဘဒ္ဒပရိဗိုဇ်အား နောက်ဆုံးချွတ်တော်မူသည်၊ သက်တော်(၈၀) ဝါတော် ၄၅-ဝါအရ မဟာသက္ကရာဇ် ၁၄၈-ခုနှစ် **ကဆုန်လပြည့်နေ့ အင်္ဂါနေ့**တွင် ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်တွင် ပရိနိဗ္ဗာန်စံတော်မူလေသည်။

http://www,dhammadownload.com



## နောက်ဆုံးစကားတော်

**ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊**

**ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ။**

"ချစ်သားတို့...နောက်ဆုံးစကား မှာကြားခဲ့မည်၊ ပြုပြင်မှု ကြောင့်ဖြစ်သော သင်္ခါရတရားမှန်သမျှ ပျက်စီးတတ်သောသဘောရှိ၏။ မမေ့မလျော့ မပေါ့မဆသော သတိတရားနှင့် နေထိုင်ကြ"

## ဓာတ်တော်ဓာတ်လောင်း၊ ဓာတ်တော်ကြွင်း

မြတ်စွာဘုရား၏ ရုပ်ကလာပ်တော်ကို မလ္လာမင်းတို့က ဦးဆောင်ပြီး သင်္ဂြိုဟ်သည်။ မဟာသက္ကရာဇ် ၁၄၈–ခု **ကဆုန်လဆုတ် ၁၂–ရက် တနင်္ဂနွေနေ့** တွင် တေဇောဓာတ်လောင်တော်မူသည်။ ဓာတ် တော်(မွေတော်)ရစ်စိတ် ကြွင်းကျန်သည်။

**၁။ အကြီးစားဓာတ်တော်** – ပဲနောက်စေ့ရွယ်၊ အသားမှဖြစ်၊ ရွှေရောင်၊ ၅–ကွန်းစား။

**၂။ အလတ်စားဓာတ်တော်** – ဆန်ကျိုးပိုင်းရွယ်၊ အရိုးမှဖြစ်၊ ပုလဲ ရောင်၊ ၅–ကွန်းစား။

**၃။ အငယ်စားဓာတ်တော်** – မုံညင်းစေ့ရွယ်၊ အသွေးမှဖြစ်၊ ချယားပွင့်အဆင်း၊ ၆–ကွန်းစား။

မီးသင်္ဂြိုဟ်ရာ၌ မပြိုမကွဲ ပင်ကိုယ်အတိုင်း တည်ရှိသော ဓာတ်တော်များမှာ ညှပ်ရိုးတော် ၂–ဆူ၊ စွယ်တော် ၄–ဆူ၊ နဖူးသင်းကျစ် ၁–ဆူ၊ ပေါင်း ၇–ဆူဖြစ်သည်။ ဓာတ်တော်များကို (၇)ပြည်ထောင် မင်းများအား ဒေါနပုဏ္ဏားကြီးက ခွဲဝေပေးသည်။ အချို့ဓာတ်တော်များကို အရှင်မဟာကဿပနှင့် အဇာတသတ်မင်းတို့တိုင်ပင်ပြီး စက်ယန္တယားအစောင့်ထား၍ သိမ်းဆည်းမြှုပ်နှံထားခဲ့သည်။ နောင်နှစ်ပေါင်း ၂၃၅–နှစ်ကြာသောအခါ သီရိဓမ္မာသောကမင်းကြီးက တူးဖော်

http://www,dhammadownload.com



၍ စေတီပေါင်း ၈၄၀၀၀ တည်ထားကိုးကွယ်စေပြီး သာသနာပြန့်ပွားအောင် ဆောင်ရွက်ခဲ့သည်။

## သံဂါယနာတင်

ပိဋကတ်တော်များ မပျောက်မပျက်ရအောင် မမှားမယွင်း စုပေါင်းရွတ်ဆိုခြင်း(ထိန်းသိမ်းခြင်း)ကို သံဂါယနာ ခေါ်သည်။

**၁။** ပထမသံဂါယနာကို

ရာဇဂြိုဟ်ပြည်၌ သာသနာနှစ်(၁)ခု တွင်တင်သည်။

**၂။** ဒုတိယသံဂါယနာကို

ဝေသာလီပြည်၌ သာသနာနှစ်(၁၀၀) တွင်တင်သည်။

**၃။** တတိယသံဂါယနာကို

ပါဋလိပုတ်ပြည်၌သာသနာနှစ်(၂၃၅) တွင်တင်သည်။

**၄။** စတုတ္ထသံဂါယနာကို

သီဟိုဠ်ပြည်၌ သာသနာနှစ်(၄၅၀) တွင် တင်သည်။

**၅။** ပဉ္စမသံဂါယနာကို

မြန်မာပြည် မန္တလေးမြို့၌ သာသနာနှစ်(၂၄၁၂)တွင် တင်သည်။

**၆။** ဆဋ္ဌသံဂါယနာကို

မြန်မာပြည် ရန်ကုန်မြို့၌ သာသနာနှစ် ၂၄၉၈၊ မြန်မာ သက္ကရာဇ် ၁၃၁၆–ခု၊ ခရစ်နှစ် ၁၉၅၄–ခုနှစ်တွင် တင်သည်။

► ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးကို ရန်ကုန်မြို့ ကမ္ဘာအေးလိုဏ်ဂူတော်ကြီး၌ ၁၃၄၂–ခုနှစ်တွင်ကျင်းပသည်။

**မှတ်ချက် ။ ။ ငယ်ရွယ်သူများနှင့် သင့်လျော်ရုံသာဖော်ပြပါသည်၊ ဗုဒ္ဓဝင်ဆိုင်ရာအကျယ်ကို ဆက်၍လေ့လာကြပါဦး။**

http://www,dhammadownload.com



# ဗုဒ္ဓဝင်ဆိုင်ရာ သိမှတ်ဖွယ်အချက်များနှင့် ကျက်မှတ်စရာ လင်္ကာများ

## ဗုဒ္ဓ၊ ဗုဒ္ဓဘာသာ၊ ဗုဒ္ဓဘာသာဝင်၊ ဗုဒ္ဓဝင်

၁ ။ သဗ္ဗညုမြတ်စွာဘုရားကို **ဗုဒ္ဓ**ခေါ်၏။

၂ ။ ဗုဒ္ဓဘုရား၏ တရားတော်(စကားတော်များ)ကို**ဗုဒ္ဓဘာသာ** ခေါ်၏။

၃ ။ ဗုဒ္ဓဘုရား၏ တရားတော်အတိုင်းလိုက်နာကျင့်သုံး နေထိုင်သူကို **ဗုဒ္ဓဘာသာဝင်**ဟုခေါ်၏ ။

၄ ။ ဗုဒ္ဓ(ဘုရား)အကြောင်း မှတ်တမ်းတင်ခြင်းကို **ဗုဒ္ဓဝင်**ခေါ်၏ ။

## ကမ္ဘာနှင့်ဘုရား

တစ်ဆူသာရ၊ နှစ်မဏ္ဍာ၊ ဝရသုံးဆူသာ။
သာရမဏ္ဍာ၊ လေးဆူပြ၊ ဘဒ္ဒငါးဆူသာ။
တစ်ဆူသော်မျှ၊ မပွင့်က၊ သုညကပ်ကမ္ဘာ။
ကမ္ဘာခြောက်မျိုး၊ မော်ကွန်းထိုး၊ ကျမ်းရိုးစဉ်အလာ။

## ပါရမီ ဆယ်ပါး

မြင့်မြတ်သောသူတို့၏ လုပ်ဆောင်ချက်ကို ပါရမီခေါ်၏ ။

**၁ ။ ဒါနပါရမီ** = အလှူပေးခြင်း။
**၂ ။ သီလပါရမီ** = ကိုယ်ကျင့်သီလ စောင့်ထိန်းခြင်း။
**၃ ။ နိက္ခမပါရမီ** = တောထွက်ခြင်း (မကောင်းမှုမှရှောင်ခြင်း)။
**၄ ။ ပညာပါရမီ** = ပညာဖြင့် အများအကျိုးသည်ပိုးခြင်း။
**၅ ။ ဝီရိယပါရမီ** = ကြိုးစားအားထုတ်ခြင်း။
**၆ ။ ခန္တီပါရမီ** = သည်းခံခြင်း။

http://www,dhammadownload.com



| | | |
|---|---|---|
| ၇။ | သစ္စာပါရမီ | = မုသားကင်းအောင်ကျင့်ခြင်း။ |
| ၈။ | အဓိဋ္ဌာနပါရမီ | = စိတ်ဓာတ်ခိုင်ခံ့မြဲမြံအောင်ဆောက်တည်ခြင်း။ |
| ၉။ | မေတ္တာပါရမီ | = မေတ္တာဓာတ် အပြည့်အဝထားခြင်း။ |
| ၁၀။ | ဥပေက္ခာပါရမီ | = ဘက်မလိုက်ဘဲမျှတစွာကျင့်သုံးခြင်း (လျစ်လျူရှုခြင်း)။ |

## ပါရမီအထူး

## ပါရမီ ဆယ်ပါး၊ အပြား သုံးဆယ်

(က) ခန္ဓာကိုယ်ပြင်ပဖြစ်သော ပစ္စည်းတို့ကိုစွန့်၍ ဖြည့်ကျင့်ခြင်းသည် **ပါရမီ**။

(ခ) လက်ခြေအင်္ဂါ အနစ်နာခံ၍ ဖြည့်ကျင့်ခြင်းသည် **ဥပပါရမီ**။

(ဂ) အသက်စွန့်၍ ဖြည့်ကျင့်ခြင်းသည် **ပရမတ္ထပါရမီ**။

**ဒါန, သီလ, နေက္ခမ္မ, ပညာ, ဝီရိယ, ခန္တီ, သစ္စာ, အဓိဋ္ဌာန်, မေတ္တာ,**
**ဥပေက္ခာ** – ဤ–၁၀ ပါး ကို တည်၊
**ပါရမီ, ဥပပါရမီ, ပရမတ္ထ** ပါရမီသုံးမျိုးနှင့် **မြှောက်**၊
**အပြား** ၃၀–ဖြစ်၏ ။

**(ဗုဒ္ဓဝံသ၊ ဋ္ဌ၊ ၈၀၊ ၁၃၈။)**

- သက်မဲ့သက်ရှိ၊ ဗာဟိရက၊ စွန့်နိုင်က၊ **မူလပါရမီ**။
- အင်္ဂါကြီးငယ်၊ အသွယ်သွယ်ကို၊ မတွယ်စိတ်မှ၊ စွန့်နိုင်က၊ **ဥပပါရမီ**။
- အသက်ဇီဝ၊ စွန့်နိုင်က၊ **ပရမတ္ထပါရမီ**။
- ပါရမီ ဆယ်ပါး၊ အကျယ်ပွား၊ အပြားသုံးဆယ်ညီ။

http://www,dhammadownload.com



## ပါရမီဖြည့်ရာ အပိုင်းအခြား

၁။ ဘုရားအလောင်းတို့မှာ ပါရမီကို
လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းဖြည့်ရသည်။

၂။ ပစ္စေကဗုဒ္ဓါတို့မှာ ပါရမီကို
နှစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်းဖြည့်ရသည်။

၃။ အဂ္ဂသာဝကတို့မှာ ပါရမီကို
တစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်းဖြည့်ရသည်။

၄။ အသီတိမဟာသာဝကတို့မှာ ပါရမီကို
ကမ္ဘာတစ်သိန်း ဖြည့်ရသည်။

၅။ ပကတိသာဝကတို့မှာ ပါရမီကိုဖြည့်ရာ
ကာလအပိုင်းအခြားမရှိ။

**(ခဂ္ဂဝိသာဏသုတ်အဖွင့်၊ သုတ္တနိပါတအဋ္ဌကထာ၊ ၄၃၊ ၄၅၊ ၄၆။)**

- **အဂ္ဂသာဝက** ဆိုသည်မှာ
အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန် ကိုဆိုသည်။
- **အသီတိမဟာသာဝက** ဆိုသည်မှာ
ဘုရားလက်ထက်က ရဟန္တာကြီးရှစ်ကျိပ်ကို ဆိုသည်။
- **ပကတိသာဝက** ဆိုသည်မှာ
ကြွင်းသော ရဟန္တာအလောင်းအလျာများကို ဆိုလိုသည်။

## ဘုရားလောင်းအင်္ဂါ ရှစ်ပါး

**မနုဿတ္တံ လိင်္ဂသမ္ပတ္တိ၊ ဟေတု သတ္ထာရ ဒဿနံ။**
**ပဗ္ဗဇ္ဇာ ဂုဏသမ္ပတ္တိ၊ အဓိကာရော စ ဆန္ဒတာ။ (ဗုဒ္ဓဝံသ၊ ၄၊ ၁၁၅။)**

၁။ **မနုဿတ္တံ** = လူသားစင်စစ်ဖြစ်ရခြင်း။
၂။ **လိင်္ဂသမ္ပတ္တိ** = ယောကျ်ားဖြစ်ရခြင်း။

http://www,dhammadownload.com



၃။ ဟေတု = တိဟိတ်ပုဂ္ဂိုလ်ဖြစ်ရခြင်း။
၄။ သတ္ထာရဒဿနံ = ဘုရားကိုဖူးတွေ့ရခြင်း။
၅။ ပဗ္ဗဇ္ဇာ = ရသေ့ရဟန်းဖြစ်ရခြင်း။
၆။ ဂုဏသမ္ပတ္တိ = ဈာန်သမာပတ်နှင့်ပြည့်စုံခြင်း။
၇။ အဓိကာရော = ဘုရားဆုကိုတောင်းခြင်း။
၈။ ဆန္ဒတာ = ဘုရားဖြစ်လိုသော ကုသိုလ်ဆန္ဒရှိခြင်း။

## ဆောင်ပုဒ်

လူသားအစစ်၊ ယောကျာ်းဖြစ်စေ၊ တိဟိတ်နေသား၊
ဘုရားကိုတွေ့၊ ရသေ့ရဟန်း၊ တစ်ခန်းဘိဉာဉ်၊
ရှစ်အင်သမာပတ်၊ ပြည့်စုံလတ်သား၊ ဘုရားဖြစ်လို၊
ဆုကိုလည်းတောင်း၊ ကောင်းသောဆန္ဒ၊ ကြီးမားလှလျှင်၊
ရကြောင်းမြင်၏၊ ဗုဒ္ဓဝင်ပါဠိ၊ ရွှေကျမ်းရှိသည်၊
ရဘိခဲ့စွာ တံဆိပ်လျှာ။

## ဗျာဒိတ်ရပြီး ဘုရားလောင်းတို့ မဖြစ်ရာဌာန တစ်ဆယ့်ရှစ်ပါး

- ကန်း-ပင်း-ရိ-ဆွံ့၊ ရူး-ရိုင်း-ကျွန်၊ ဒိဋ္ဌိ-ပန်-သတ်-ငုံး-နူ။
- စက်-သုဒ်-ပါယ်-မာရ်၊ ပြိတ်နှင့်ပြန်၊ အမှန်ဆဲ့ရှစ်ယူ။
- ယင်း အဋ္ဌာရယ်၊ ဗောဓိသတ်၊ လွတ်လွတ်ကင်းတော်မူ။
- နိပါတသုတ်၊ ပါဠဂုတ်၊ ဖွင့်ထုတ်ကျမ်းထွက်ဟူ။

**(ကင်းဝန်မင်းကြီးလင်္ကာ)**

ဗျာဒိတ်ရပြီးသော ဘုရားအလောင်းတို့ မဖြစ်ရာဋ္ဌာန ၁၈-ပါးရှိသည်။ ယင်းကို အဋ္ဌာရသ အဘဗ္ဗဋ္ဌာန ဟု ကျမ်းဂန်တို့၌သုံးနှုန်းသည်။ အဘဗ္ဗဋ္ဌာန ၁၈-ပါးကို သုတ္တနိပါတအဋ္ဌကထာ ပထမအုပ် ခဂ္ဂဝိသာဏသုတ် အဋ္ဌကထာ နှာ ၄၅-တွင် ဖွင့်ပြထားသည်။

http://www,dhammadownload.com



အလွယ်တကူမှတ်သားနိုင်စေရန် ကင်းဝန်မင်းကြီးက အထက်ပါ လင်္ကာသံပေါက်ကို အကျဉ်းချုပ်ရေးစပ်ပေးထားသည်။ အဓိပ္ပာယ်ကို အောက်ပါအတိုင်း သိပါလေ။

| | |
|---|---|
| ၁။ ကန်း | = ပဋိသန္ဓေကန်းမဖြစ်။ |
| ၂။ ပင်း | = နားပင်းသူမဖြစ်။ |
| ၃။ ရို | = အရိုမယို(သွားရေမကျ)။ |
| ၄။ ဆွံ့ | = ဆွံ့အသူမဖြစ်။ |
| ၅။ ရှူး | = အရူးမဖြစ်။ |
| ၆။ ရှိုင်း | = လူရိုင်းမဖြစ်။ |
| ၇။ ကျွန် | = ကျွန်မျိုးမဖြစ်။ |
| ၈။ ဒိဋ္ဌ် | = နိယတမိစ္ဆာဒိဋ္ဌိမဖြစ်။ |
| ၉။ ပန် =(ပဉ်) | = ပဉ္စာနန္တရိယကံ မလွန်ကျူး။ |
| ၁၀။ သတ် | = အသညသတ် ဗြဟ္မာမဖြစ်။ |
| ၁၁။ ငုံး | = ငုံးအောက်ငယ်သော တိရစ္ဆာန်မဖြစ် (ဆင် ထက်လည်း မကြီး)။ |
| ၁၂။ နူ | = နူနာရောဂါမဖြစ်။ |
| ၁၃။ စက် | = စကြဝဠာတစ်ပါးသို့ပြောင်း၍မဖြစ်။ |
| ၁၄။ သုဒ် | = သုဒ္ဓါဝါသဗြဟ္မာဘုံ၌မဖြစ်။ |
| ၁၅။ ပါယ် | = အပါယ်ငရဲမကျ (အဝီစိနှင့်လောကန္တရိက်ငရဲ၌မဖြစ်)။ |
| ၁၆။ မာရ် | = မာရ်နတ်မဖြစ် |
| ၁၇။ ပြိတ် | = ပြိတ္တာမျိုးမဖြစ် (ပြိတ္တာတွင် ခုပ္ပိပါသ, နိဇ္ဈာမတဏှိကမဖြစ်၊ အသူရာတွင် ကာလကဉ္စိက မဖြစ်)။ |

http://www,dhammadownload.com



၁၈ ။ ပြန် = လိုင်ပြန်ရိုးမရှိ (ယောကျ်ားဘဝမြဲ၏)။

မှတ်ချက် ။ ။ စွယ်စုံကျော်ထင်ကျမ်းတွင်လည်းကောင်း၊ မဃဒေဝလင်္ကာတွင်လည်းကောင်း၊ မဟာဗုဒ္ဓဝင် ပထမတွဲ – ဒုတိယပိုင်းတွင်လည်းကောင်း၊ ၁၈– ပါးသရုပ်နှင့် အဓိပ္ပာယ်ကို ဗဟုသုတအဖြစ် ကြည့်နိုင်ပါသည်။

## ကြည့်ခြင်း ငါးပါး

၁ ။ ကာလ = ဘုရားဖြစ်ရာအခါကို ကြည့်ခြင်း။

၂ ။ ဒီပ = ဘုရားဖြစ်ရာကျွန်းကို ကြည့်ခြင်း။

၃ ။ ဒေသ = ဘုရားဖြစ်ရာအရပ်ကို ကြည့်ခြင်း။

၄ ။ ကုလ = ဘုရားဖြစ်ရာအမျိုးကို ကြည့်ခြင်း။

၅ ။ မာတု အာယုပရိစ္ဆေဒ = မယ်တော်၏အသက်အပိုင်းအခြားကိုကြည့်ခြင်း။

၁ ။ လူတို့၏သက်တမ်း တစ်ရာနှင့်တစ်သိန်းအကြား၌သာ ဘုရားပွင့်ရာ အချိန်အခါဖြစ်သည်၊ စရိုက်ကြမ်းသောကြောင့် တစ်ရာအောက် ပွင့်ရိုးမရှိ၊ လက္ခဏာရေးမထင်နိုင်၍ တသိန်းအထက် ပွင့်ရိုး မရှိ။

၂ ။ ကျွန်းကြီး လေးကျွန်းအနက် ဇမ္ဗူဒီပါတောင်ကျွန်း၌သာ ဘုရားပွင့်ရိုးရှိသည်။ အခြားကျွန်းများ၌ ပွင့်ရိုးမရှိ။

၃ ။ မဇ္ဈိမဒေသ၌သာ ဘုရားပွင့်ရိုးဖြစ်သည်၊ အခြားဒေသများ၌ ဘုရားပွင့်ရိုးမရှိ။

၄ ။ မင်းမျိုး, ပုဏ္ဏားမျိုး၌သာ ဘုရားဖြစ်ရိုးရှိသည်၊ အခြားအမျိုး၌ ဖြစ်ရိုးမရှိ။

http://www,dhammadownload.com



၅။ ဘုရားလောင်းကို ဖွားပြီးနောက် (၇)ရက်အကြာတွင် ဘုရားလောင်း မယ်တော်တို့မှာ စုတိမြဲ ဓမ္မတာဖြစ်သည်။

(ဗုဒ္ဓဝံသ၊ ၄၊ ၇၃၊ ၃၁၈၊ ၃၁၉)

## စွန့်ခြင်းကြီး ငါးပါး

၁။ ဓနပရိစ္စာဂ = စည်းစိမ်ဥစ္စာစွန့်လှူခြင်း။

၂။ ပုတ္တပရိစ္စာဂ = သားသမီးကိုစွန့်လှူခြင်း။

၃။ ဘရိယပရိစ္စာဂ = ဇနီးမယားကို စွန့်လှူခြင်း။

၄။ အင်္ဂပရိစ္စာဂ = ကိုယ်လက်အင်္ဂါစွန့်လှူခြင်း။

၅။ ဇီဝိတပရိစ္စာဂ = အသက်ကိုစွန့်လှူခြင်း။ (ဝေဿန္တရာဇာတ်၊ ၄၊ ၃၃၃)

## စရိယ သုံးပါး

၁။ လောကတ္ထစရိယ = လောကလူသား အများအတွက် ကျင့်တော်မူခြင်း။

၂။ ဉာတတ္ထစရိယ = ဆွေမျိုးများအတွက် ကျင့်တော်မူခြင်း။

၃။ ဗုဒ္ဓတ္ထစရိယ = သဗ္ဗညုတဉာဏ်တော်အတွက် ကျင့်တော်မူခြင်း။

## ဖွားဘက်တော် ခုနစ်ဦး

၁။ ယသော်ခင်လေး၊

၂။ ညီတွေးအာနန်၊

၃။ ကဏ္ဍကမြင်း၊

၄။ ကျွန်ရင်းမောင်ဆန်၊

၅။ ကာဠုဒါယီ၊

၆။ ဗောဓိရကွဲ၊

၇။ ရွှေအိုးစွက်၊

ဖွားဘက်ခုနစ်တန်။

(ဗုဒ္ဓဝံသ၊ ၄၊ ၃၂၂)

http://www,dhammadownload.com



## ရွှေနန်း သုံးဆောင်

၁။ ရမ္မနန်းတော် = ဘုံ ၉–ဆင့်ရှိ၍
နွေရာသီစံနန်းတော်အဖြစ် အသုံးပြုသည်။

၂။ သုဘနန်းတော် = ဘုံ ၇–ဆင့်ရှိ၍
မိုးရာသီစံနန်းတော်အဖြစ် အသုံးပြုသည်။

၃။ သုရမ္မနန်းတော် = ဘုံ ၅–ဆင့်ရှိ၍
ဆောင်းရာသီစံနန်းတော်အဖြစ်အသုံးပြုသည်။

## လူအများ သိခွင့်မရသောအချက် သုံးပါး

၁။ ဘုရားအလောင်းတို့ သန္ဓေယူရန် အမိဝမ်းသို့ဝင်လာခြင်း၊

၂။ သန္ဓေယူခြင်း၊

၃။ ဖွားမြင်ခြင်း၊

ဤသုံးမျိုးကို လူတို့သိခွင့် မရလိုက်။

လူတခရိုင်၊ မသိနိုင်ရာ၊ သုံးပါးမှာမှု။
ဝင်ယူမိဂမ်း၊ တည်ခန်းသန္ဓေ၊ ဖွားပေကာလ၊
မသိရဟု၊ ကျမ်းစုဖော်ထုတ်၊ သုတ်မဟာဝါ၊
မိန့်ခဲ့မှာသည်၊ ဗုဒ္ဓါလောင်းစု၊ ဖြစ်မြဲမှု။

## ပရိက္ခရာ ရှစ်ပါး

၁။ ဒုကုဋ်၊ ၂။ ဧကသီ၊
၃။ သင်းပိုင်၊ ၄။ ခါးပန်းကြိုး၊
၅။ သပိတ်၊ ၆။ သင်ဓုန်းဓား၊
၇။ ရေစစ်၊ ၈။ အပ်။

http://www,dhammadownload.com



## လမ်းစဉ်များနှင့် လမ်းစဉ်မှန်

(က) သိဒ္ဓတ္ထမင်းသားသည် ကာမသုခလ္လိကလမ်းစဉ်ကို ၂၉ နှစ်တိုင် ခံစားသည်။

(ခ) အတ္တကိလမထလမ်းစဉ် (ဒုက္ကရစရိယာ) ကို ၆–နှစ် တိုင်တိုင် လိုက်မှားမိသည်။

(ဂ) ထိုလမ်းစဉ်မှား ၂–ခု၏အလယ်၌ တည်၍ ယထာဘူတကျသော လမ်းစဉ်မှန်ကို မရှိမပဋိပဒါဟုခေါ်၏၊

ထိုလမ်းစဉ်ဖြင့် သစ္စာတရားကိုသိသည်၊ ၃၅–နှစ်ကျမှသိသည်။

## အိပ်မက်ကြီး ငါးပါး

မဟာသက္ကရာဇ် ၁၀၃–ခု ကဆုန်လဆန်း ၁၄–ရက်နေ့ည ဘုရားအလောင်းသိဒ္ဓတ္ထမင်းသား မြင်မက်သော အိပ်မက်ကြီးငါးပါးမှာ–

၁။ မြေပြင်ကို အိပ်ရာခင်း၍ ဟိမဝန္တာတောင်ကြီးကို ခေါင်းအုံးပြီး သမုဒ္ဒရာကို ခြေလက်တင်ရသည်ဟု မြင်မက်ခြင်း။

၂။ ဝင်ရိုးပမာ သန္တာနီအဆင်းရှိသော မြက်သည် ချက်မှဖောက်၍ ကောင်းကင်သို့တက်သည်ဟု မြင်မက်ခြင်း။

၃။ အဆင်းမျိုးစုံငှက်တို့သည် လာလတ်၍ခြေတော်ရင်း၌ အဖြူရောင်ငှက်တွေချည်း ဖြစ်ကုန်သည်ဟု မြင်မက်ခြင်း။

၄။ ပိုးကောင်ဖြူကလေးများ ဒူးပုဆစ်မြုပ်အောင် တက်သည်ဟု မြင်မက်ခြင်း။

၅။ မစင်တောင်ကြီးပေါ်သို့တက်၍ စင်္ကြံကြွရာ လူးလဲခြင်းမရှိဟု မြင်မက်ခြင်း။

ထိုအိမ်မက်ငါးပါးကိုမြင်မက်ရာ မုချဘုရားဖြစ်မည်ဟု အားတက်ယုံကြည်သွားလေသည်။

http://www,dhammadownload.com



၁။ မြေကြီးဟိမဝန္တာ၊ သမုဒ္ဒရာခြေလက်၊
၂။ နေဇာမြက်နှင့်၊ ၃။ လောက်တက်၊
၄။ ငှက်ဖြူ နည်းတူထို့ပြင်၊
၅။ မစင်တောင်ဖျား၊ စင်္ကြံသွားက၊ ငါးပါးအိပ်မက်၊
မြင်လေမက်သည်၊ ဆက်ဆက်ဘုရား၊ ဖြစ်မည်လား။

**(သုံးပုံလေ့ကားကျမ်း။)**

## ဉာဏ်တော် သုံးပါး

မာရ်နတ်ရန်ကို အောင်မြင်ပြီးနောက် –

၁။ ညဉ့်ဦးယာမ်တွင် ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊
၂။ သန်းခေါင်ယာမ်တွင် ဒိဗ္ဗစက္ခုဉာဏ်၊
၃။ မိုးသောက်ယာမ်တွင် အာသဝက္ခယဉာဏ်၊
အသီးသီးရတော်မူ၏။

ဤဉာဏ် ၃–ပါးကို (ပု–ဒိ–အာ) ဟု အတိုကောက် ခေါ်ဝေါ် သုံးနှုန်းသည်။ **(ဗုဒ္ဓဝံသ၊ ၄၊ ၁၀။)**

## ဘဒ္ဒကမ္ဘာ၌ပွင့်သော ဘုရားငါးဆူ

၁။ ကကုသန်၊ ၂။ ကောဏာဂုမ်၊
၃။ ကဿပ၊ ၄။ ဂေါတမ နှင့်
၅။ အရိမေတ္တေယျဘုရား။

## ဒုလ္လဘတရား ငါးပါး

၁။ **ဗုဒ္ဓုပ္ပါဒ ဒုလ္လဘ** = ဘုရားဖြစ်ရန်ခဲယဉ်းခြင်း။
၂။ **မနုဿတ္တ ဒုလ္လဘ** = ဘုရားပွင့်ချိန်၌ လူဖြစ်ရန်ခဲယဉ်းခြင်း။
၃။ **သဒ္ဓါသမ္ပတ္တိ ဒုလ္လဘ** = သဒ္ဓါတရားနှင့်ပြည့်စုံရန် ခဲယဉ်းခြင်း။

http://www,dhammadownload.com



**၄။ ပဗ္ဗဇ္ဇိတ ဒုလ္လဘ** = ရဟန်းဖြစ်ရန်ခဲယဉ်းခြင်း။
**၅။ သဒ္ဓမ္မဿဝန ဒုလ္လဘ** = သူတော်ကောင်းတရားနာကြားရန် ခဲယဉ်းခြင်း။

မြတ်စွာဘုရားသည် ဤဒုလ္လဘတရားငါးပါးကို နေ့စဉ်ဟောလေ့ရှိသည်။ **(သီလက္ခန္ဓအဋ္ဌကထာ၊ နှာ၊ ၄၇။)**

## ဗုဒ္ဓကိစ္စ ငါးပါး

မြတ်စွာဘုရားသည် ၄၅-ဝါ ကာလပတ်လုံး ဘုရားတို့ပြုအပ်သော ဗုဒ္ဓကိစ္စငါးပါးကို နေ့စဉ်အမြဲအောက်ပါအတိုင်း ပြုကျင့်တော်မူ၏။

**၁။ ပုရေဘတ္တကိစ္စ** = ဆွမ်းမခံမီ လူတို့ကို တရားဟောတော်မူ၏။
**၂။ ပစ္ဆာဘတ္တကိစ္စ** = ဆွမ်းစားပြီးနောက် နေ့လယ်ပိုင်းတွင် ရဟန်းရှင်,လူတို့ကို တရားဟောတော်မူ၏။
**၃။ ပုရိမယာမကိစ္စ** = ညဉ့်ဦးယာမ်တွင် ရဟန်းတို့အား တရားဟော၍ အမေးပုစ္ဆာကို ဖြေကြားတော်မူ၏။
**၄။ မဇ္ဈိမယာမကိစ္စ**= သန်းခေါင်ယာမ်တွင်နတ်,ဗြဟ္မာတို့အား တရားဟောတော်မူ၏။
**၅။ ပစ္ဆိမယာမကိစ္စ** = မိုးသောက်ယာမ်တွင် အချိန်သုံးပိုင်းထား၍ ပထမပိုင်း စင်္ကြံသွား၊ ဒုတိယပိုင်းကျိန်းစက်၊ တတိယပိုင်း၌ ကျွတ်ထိုက်သောသတ္တဝါကို ကြည့်ရှုတော်မူ၏။ **(သီလက္ခန်၊ နှာ၊ ၄၆။)**

နေ့ကိုကားလူ၊　ညမှုရှေ့ယာမ်၊　သမဏ်တည့်၊
လယ်ယာမ်ရှေ့နတ်၊　ဖလတ်လျှောင်းနောက်၊
နောက်ယာမ်ရောက်က၊　များမြောက်ဝေနေ၊
ကြည့်ရှုလေ၊　ပရမေကိစ္စငါး။ **(လယ်တီဆရာတော်၏ကဗျာ)**

http://www,dhammadownload.com



## စူဠာမဏိနှင့် ဒုဿစေတီ

အနော်မာမြစ်ကမ်းနား၌ ဖြတ်ပယ်သော သိဒ္ဓတ္ထမင်းသား (ဘုရားလောင်း)၏ ဆံပင်ကို သိကြားမင်းက ရတနာပန်းကလပ်ဖြင့် ခံယူ၍ တာဝတိံသာနတ်ပြည်၌ စေတီတစ်ဆူတည်၍ ဆံတော်ကို ဌာပနာထားလေသည်။ ဆံတော်ဌာပနာသည်ကိုအစွဲပြု၍ စူဠာမဏိ စေတီဟု အမည်တွင်၏။

ဃဋိကာရဗြဟ္မာကြီးက သိဒ္ဓတ္ထမင်းသား၏ ဝတ်လဲတော်ကို ဗြဟ္မာပြည်သို့ ယူဆောင်၍ စေတီတစ်ဆူတည်ထားရာ ဝတ်လဲတော် ကို ဌာပနာသည်ကိုစွဲ၍ ဒုဿစေတီဟုခေါ်၏။

## အောင်ခြင်း ရှစ်ပါး

၁။ မာရ်နတ်၊ ၂။ သစ္စကပရိဗိုဇ်၊
၃။ နန္ဒောပနန္ဒနဂါးမင်း၊ ၄။ ဗကဗြဟ္မာ၊
၅။ အင်္ဂုလိမာလ၊ ၆။ စိဉ္စမာဏ၊
၇။ အာဠဝကဘီလူး နှင့် ၈။ နာဠာဂီရိဆင်၊
တို့ကို အောင်မြင်သောကြောင့် အောင်ခြင်းရှစ်ပါးဟုတွင်သည်။

**၁။ ဘုရားဖြစ်သောနေ့တွင်**

**မာရ်နတ်**ကို အောင်တော်မူသည်။

**၂။ ပဉ္စမဝါတွင်**

ဝေသာလီပြည်၌ **သစ္စကပရိဗိုဇ်**ကို အောင်တော်မူသည်။

**၃+၄။ ကောဒသမဝါတွင်**

**နန္ဒောပနန္ဒနဂါးမင်းနှင့်ဗကဗြဟ္မာ**ကို အောင်တော်မူသည်။

**၅+၆။ စုဒ္ဒသမဝါတွင်**

**အင်္ဂုလိမာလနှင့် စိဉ္စမာဏ**ကို အောင်တော်မူသည်။

http://www,dhammadownload.com



၇ ။ သောဠသမဝါတွင်

အာဠဝီပြည်၌ **အာဠဝကဘီလူးကြီးကို** အောင်မြင်တော်မူသည်။

၈ ။ ဝီသတိမဝါတွင်

ရာဇဂြိုဟ်ပြည်၌ **နာဠာဂီရိဆင်ကြီးကို** အောင်မြင်တော်မူသည်။

**(ဇိနတ္ထပကာသနီကိုမှီးသည်။)**

## ရောင်ခြည်တော် ခြောက်ပါး

၁ ။ **နီလရောင်ခြည်တော်** = အညို(အပြာ)ရောင်။

၂ ။ **ပီတရောင်ခြည်တော်** = အဝါရောင်။

၃ ။ **လောဟိတရောင်ခြည်တော်** = အနီရောင်။

၄ ။ **ဩဒါတရောင်ခြည်တော်** = အဖြူရောင်။

၅ ။ **မဉ္ဇိဋ္ဌရောင်ခြည်တော်** = မောင်းသောရောင်ခြည်တော်။

၆ ။ **ပဘဿရရောင်ခြည်တော်** = ပြိုးပြိုးပြက် တလက်လက်အရောင်။

## ဘုရားရှင်တို့မစွန့်အပ်သောအရပ် လေးပါး

၁ ။ **ဗောဓိပလ္လင်(ဗောဓိပင်)**။

၂ ။ ဓမ္မစကြာတရားဟောတော်မူရာ **မိဂဒါဝုန်တော**။

၃ ။ တာဝတိံသာမှ သက်ဆင်းသည့်အခါ သင်္ကဿနဂိုရ်မြို့တံခါး၌ **ပထမခြေတော်ချရာဌာန**။

၄ ။ ဇေတဝန်ကျောင်း ဂန္ဓကုဋီတိုက်၌ လေးချောင်းသော **ညောင်စောင်းခြေတို့၏** နေရာ။

(ဤလေးပါးကို အဝိဇဟိတဌာနဟုခေါ်သည်)

**(သုတ်မဟာဝါအဋ္ဌကထာ၊ ၁၁။)**

http://www,dhammadownload.com



ဗောဓိပလ္လင်၊ ထို့ပြင်တစ်ချက်၊ ဓမ္မစကြာ၊
ဟောရာဌာန၊ ညောင်စောင်းချရာ၊ လက်ယာခြေတော်၊
ချတော်မူရာ၊ နေရာဌာန၊ သင်္ကေတသည့်၊
ဌာနလေးပါး၊ မစွန့်ကြွားသည်၊ ဘုရားဗုဒ္ဓဟူသမျှ။

**(သုံးပုံတံတားကျမ်း)**

## သံဝေဂရစေမည့်ဌာန လေးပါး

**၁။ မြတ်စွာဘုရားဖွားမြင်တော်မူရာဌာန** (လုမ္ဗိနီဥယျာဉ်)။
**၂။ ဘုရားဖြစ်ရာဌာန** (မဟာဗောဓိပင်)။
**၃။ ဓမ္မစကြာတရားဟောရာဌာန** (မိဂဒါဝုန်တော)။
**၄။ ပရိနိဗ္ဗာန်စံရာဌာန**။
(ဤလေးပါးကို သံဝေဇနီယဌာနခေါ်သည်)။

**(အံ၊ ၁၊ ၄၃၅၊ ဒီ၊ ၂၊ ၁၁၆၊)**

- ဗုဒ္ဓမြတ်စွာ၊ ဖွားမြင်ရာ၊ ယူပါသံဝေဂ။
- ဘုရားဖြစ်ခါ၊ ထိုနေရာ၊ ယူပါသံဝေဂ။
- ဓမ္မစကြာ၊ ဟောကြားရာ၊ ယူပါသံဝေဂ။
- နိဗ္ဗာန်စံခါ၊ ထိုနေရာ၊ ယူပါသံဝေဂ။
- သံဝေဂဉာဏ်၊ ဖြစ်ပွားပြန်၊ ဇကန်ကုသိုလ်ရ။

## မြတ်စွာဘုရား လေးဆယ့်ငါးဝါ ဝါဆိုစဉ်ဘုရားရှိခိုး

သုံးလူသခင်၊ ငါးမာရ်သင်၍၊ ပလ္လင်ပတ်ရံ၊ သတ္တဌာန်ဝယ်၊ သတ္တဟန်ဖွဲ့၊စံပယ်ခဲ့ပြီး၊တစ်ဆယ့်ရှစ်ယူဇနာ၊ထိုမှကြွသည်။ ဗာရာနဂရ၊ မိဂဒဉ်၊ နန္ဒိယဝိဟာ၊ ပထမဝါတည့်၊ ဒွါတိဇယ၊ ရာဇဂဟာ၊ ဝေဠုဝန်ပျော်၊ ငါးသော်ဝေသာလီ၊ လိစ္ဆဝီဝိဟာ၊ ဆဝါမကုဋ၊ သတ္တမဝတိံသာ၊ အဋ္ဌာဘဂ္ဂ၊ နဝမကောသမ္ဗီ၊ ဃောသီရွှေဘုံ၊ ရဂုံပလလေယျ၊ ဒသမ

http://www,dhammadownload.com



တည့်၊ နာဋ္ဌပုဏ္ဏားရွာ၊ ဇကာဒသဉ်၊ ဝေရဉ်ဇာရည်၊ တောင်မြတ်စာလီယ၊ တေရသတည့်၊ စုဒ္ဒသမဝါ၊ သာဝတ်တောင်စွန်၊ ဇေတဝန်စံမှီ၊ ကပ္ပိပန္နရည်၊ ကျောင်းမြတ်နိဂြော၊ သောဋ္ဌသမှီ၊ အာဋ္ဌဝီတည့်၊ ဂိရိဗ္ဗဇ၊ သတ္တရသာ၊ ဆယ့်ရှစ်ဝါနှင့်၊ နဝါဒသ၊ စာလိယဆို၊ ရာဇဂြိုဟ် ဝီသ၊ ဤထိုမျှကား၊ ပထမဗောဓိ၊ အနိဗဒ်ဝါ၊ နောင်လာတွက်ဖွဲ့၊ နှစ်ဆယ့်လေးတန်၊ ဇေတဝန်ပုဗ္ဗာ၊ လှည့်လည်ကာဖြင့်၊ ခေမာနီးသော်၊ ရွာကြီးဝေဠုဝ၊ ဝါတော်မျှ၍၊ ပဉ္စစတ္တာလီ၊ အသီတျာယု၊ တိုင်သမှုဖြင့်၊ ဤလူ့သက္ကရာဇ်၊ အဋ္ဌ, ဇော, ဇက်ဦ၊ နှစ်သစ်ကဆုန်၊ ပုဏ္ဏမိစေ့၊ အင်္ဂါနေ့တွင်၊ နိဗ္ဗာန်ဝင်သား၊ ရှင်တော်ဘုရားကို၊ ညွှတ်တွားဝန္ဒနာ၊ ပူဇော်ပါ၏ဘုရား။ **(ကျီးသဲလေးထပ်ဆရာတော်၏ ဓိနတ္ထပကာသနီကျမ်းမှ ကောက်ပြုပါသည်။)**

## မြတ်စွာဘုရား လေးဆယ့်ငါးနှစ် ဝါဆိုရာ ဌာနများ

| ဝါတော်စဉ် | ဝါဆိုရာဌာန |
|---|---|
| ၁။ | ဗာရာဏသီ မိဂဒါဝုန်တော။ |
| ၂-၃-၄။ | ရာဇဂြိုဟ် ဝေဠုဝန်ကျောင်း။ |
| ၅။ | ဝေသာလီပြည်။ |
| ၆။ | မကုဋ္ဌတောင်။ |
| ၇။ | တာဝတိံသာ။ |
| ၈။ | ဘဂ္ဂတိုင်း။ |
| ၉။ | ကောသမ္ဗီပြည်။ |
| ၁၀။ | ပါလိလေယျကတော။ |
| ၁၁။ | နာဋ္ဌပုဏ္ဏားရွာ။ |
| ၁၂။ | ဝေရဉ္စာပြည်။ |
| ၁၃။ | စာလိယတောင်။ |
| ၁၄။ | သာဝတ္ထိပြည်။ |

http://www,dhammadownload.com



၁၅။ .............................. ကပိလဝတ်ပြည်။

၁၆။ .............................. အာဠဝီပြည်။

၁၇။ .............................. ရာဇဂြိုဟ်ပြည်။

၁၈-၁၉။ .............................. စာလိယတောင်။

၂၀။ .............................. ရာဇဂြိုဟ်။

၂၁မှ၄၄။ .............................. သာဝတ္ထိပြည် ဇေတဝန်ကျောင်း။

၄၅။ .............................. ဝေဠုဝရွာ။

မှတ်ချက် ။ ။ မြတ်စွာဘုရားသည် ဝါတော် ၂၀ အထိအမြဲနေလေ့မရှိဘဲ ထိုထိုမြို့ရွာသို့ လှည့်လည်ပြီး ဝါဆိုတော်မူသည်။ ထို့ကြောင့် ဝါတော် ၂၀-အထိ အနိဗဒ္ဓဝါဟု ခေါ်၏။ ၂၁-ဝါမှ ၄၅-ဝါအထိ နောက်ပိုင်း ၂၅-ဝါအနက် ၂၄ ဝါကို သာဝတ္ထိပြည်၌သာ အမြဲဝါဆိုတော်မူသည်။ နောက်ဆုံးဝါကို ဝေဠုဝရွာ၌ ဝါကပ်တော်မူသည်။ ထို့ကြောင့် နိဗဒ္ဓဝါ ၂၅-ဝါဟုမှတ်။

## ဗုဒ္ဓဝင်အခါတော်နေ့ ကဗျာများ

### ဗျာဒိတ်ခံယူသောနေ့

သုမေဓာလောင်း၊ ကပ်ဟောင်းလွန်လေ၊
ဒီပင်ထံပါး၊ တံတားအနေ၊
ရွှေဗျာဒိတ်ပန်း၊ ဆင်မြန်းဆွတ်ချွေ၊
ကဆုန်လ၊ ပုဏ္ဏာဒိဝသေ။

### သန္ဓေယူသောနေ့

နတ်ပြဟ္မာပေါင်း၊ ခွင့်တောင်းကြလေ၊
လောင်းတော်နတ်မင်း၊ သက်ဆင်းစုတေ၊
မယ်တော်ဝမ်းတိုက်၊ ကိန်းပိုက်သန္ဓေ၊
ဝါဆိုလ၊ ပုဏ္ဏာဒိဝသေ။

http://www,dhammadownload.com



**ဖွားမြင်သောနေ့**

သုဒ္ဓေါဒန၊ လောကကျက်သရေ၊
မာယာမယ်ဖွား၊ ထွတ်ဖျားမဟော၊
အောင်သံကြုံးလို့၊ မိုးရှူးမြင်စေ၊
**ကဆုန်လ**၊ ပုဏ္ဏားဒိဝသေ။

**တောထွက်သောနေ့**

နိမိတ်လေးဆင့်၊ ဘောဖြင့်ထင်လေ၊
ယသော်ခင်လေး၊ ရင်သွေးရဝေ၊
မင်္ဂကွက်လို့၊ တောထွက်တုံချေ၊
**ဝါဆိုလ**၊ ပုဏ္ဏားဒိဝသေ။

**ဘုရားဖြစ်သောနေ့**

ဗောဓိညောင်နန်း၊ အောင်ပန်းညောင်ရေ၊
သစ္စာဖွင့်ပွဲ၊ ဆင့်ကဲသရေ၊
ဂုဏ်ကိုးပါးနှင့်၊ ဘုရားဖြစ်ချေ၊
**ကဆုန်လ**၊ ပုဏ္ဏားဒိဝသေ။

**ဓမ္မစကြာဟောသောနေ့**

မိဂဒါဝုန်တော၊ သာမောမြိုင်ချေ၊
ပဉ္စဝဂ်အား၊ မြတ်ဖျားစိန္တေ၊
ဓမ္မစကြ်သုတ်၊ မြွက်ထုတ်လှစ်ချေ၊
**ဝါဆိုလ**၊ ပုဏ္ဏားဒိဝသေ။

**တန်ခိုးပြာဋိဟာပြသောနေ့**

ပြောင်လျှံထိန်ညီး၊ ရေမီးထွေထွေ၊
အံ့ဘွယ်ဖန်ဆင်း၊ ဘက်ကင်းသရေ၊

http://www,dhammadownload.com



အမျိုးမျိုးပ၊ တန်ခိုးသချေ၊
ဝါဆိုလ၊ ပုဏ္ဏဒိဝသေ။

## ပရိနိဗ္ဗာန်စံတော်မူသောနေ့

ဗိုလ်လူအပေါင်း၊ သိန်းသောင်းကုဋေ၊
ချေချွတ်ပြီး၍၊ မဂ်ထီးလှူစေ၊
မလ္လာနယ်တွင်း၊ အင်ကြင်းရဝေ၊
ခန္ဓာငြိမ်း၊ ဓာတ်သိမ်းနိဗ္ဗူမြေ၊
ကဆုန်လ၊ ပုဏ္ဏဒိဝသေ။

## ကလေးများအတွက် ဗုဒ္ဓဝင်အကျဉ်းမှတ်ရန်

၁။ လူအမည် = သိဒ္ဓတ္ထ
၂။ ဘုရားဘွဲ့ = ဂေါတမ
၃။ မိဘအမည် = သုဒ္ဓေါဒနမင်း နှင့် မာယာဒေဝီ
၄။ ကြင်ယာတော် = ယသောဓရာ (ဘဒ္ဒကစ္စာနာ)
၅။ ရင်သွေးတော် = ရာဟုလာ
၆။ ယောက်ဖတော် = ဒေဝဒတ်
၇။ မိထွေးတော် = ဂေါတမီ
၈။ နေပြည်တော် = ကပိလဝတ်ပြည် (သက္ကတိုင်း၊ မဇ္ဈိမဒေသ)
၉။ ဖွားရာဌာန = လုမ္ဗိနီဉယျာဉ်(ကပိလဝတ်နှင့် ဒေဝဒဟအကြား)
၁၀။ နန်းစံနှစ် = ၁၃-နှစ်ကြာ (၁၆-နှစ်မှ ၂၉-နှစ်အထိ)
၁၁။ နိမိတ်ကြီးများ = သူအို, သူနာ, သူသေ, ရဟန်း
၁၂။ ဗျာဒိတ်ခံယူသော ဘဝ = သုမေဓာရသေ့ဘဝ
၁၃။ ဗျာဒိတ်ခံယူသောနေ့ = ကဆုန်လပြည့်နေ့
၁၄။ ဗျာဒိတ်ပေးသောဘုရား = ဒီပင်္ကရာမြတ်စွာဘုရား

http://www,dhammadownload.com



၁၅။ ပါရမီဖြည့်ဖက် = သုမိတ္တာအမျိုးသမီး(ယသောဓရာအလောင်း)
၁၆။ ပါရမီဖြည့်ရာကာလ = လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း (သုမေဓာဘဝမှ ဝေဿန္တရာဘဝအထိ)
၁၇။ ပါရမီဖြည့်ရခြင်း၏ရည်ရွယ်ချက် = သတ္တဝါများအကျိုးဆောင်ရွက်ရန်
၁၈။ ဒုက္ကရစရိယာကျင့်ရသောကာလ = ၆-နှစ်ကြာ( ၉၇ မှ ၁၀၃ အထိ)
၁၉။ ဒုက္ကရစရိယာကျင့်သည့်နေရာ = ဉရုဝေဠတော
၂၀။ ဘုရားဖြစ်ချိန်သက်တော် = ၃၅-နှစ်အရွယ်
၂၁။ ဘုရားပွင့်ရာ သက်တမ်း = ၁၀၀-တမ်း
၂၂။ အလုပ်အကျွေး = ပဥ္စဝဂ္ဂီငါးဦး (ဒုက္ကရစရိယာ ကျင့်ခိုက်)
၂၃။ တရားဦးဟောသည့်နေရာ = ဗာရာဏသီ၊ မိဂဒါဝုန်တော
၂၄။ ပထမဆုံး သာဝက = ပဥ္စဝဂ္ဂီငါးဦး
၂၅။ နောက်ဆုံးကျွတ်သော သာဝက = သုဘဒ္ဒပရိဗိုဇ်
၂၆။ လက်ယာရံ အဂ္ဂသာဝက = အရှင်သာရိပုတ္တရာ
၂၇။ လက်ဝဲရံ အဂ္ဂသာဝက = အရှင်မဟာမောဂ္ဂလာန်
၂၈။ အဆုံးအမသာသနာ = ပရိယတ္တိ, ပဋိပတ္တိ, ပဋိဝေဓ
၂၉။ ကျင့်စဉ်သိက္ခာ = သီလ, သမာဓိ, ပညာ
၃၀။ ချမှတ်သောလမ်းစဉ် = မဇ္ဈိမပဋိပဒါ (မဂ္ဂင်လမ်းစဉ်)
၃၁။ သန္ဓေယူသောနေ့ = မဟာသက္ကရာဇ် ၆၇၊ ဝါဆိုလပြည့်၊ ကြာသပတေးနေ့
၃၂။ ဖွားမြင်သောနေ့ = မဟာသက္ကရာဇ် ၆၈၊ ကဆုန်လပြည့်၊ သောကြာနေ့
၃၃။ တောထွက်သောနေ့ = မဟာသက္ကရာဇ် ၉၇၊ ဝါဆိုလပြည့်၊ တနင်္လာနေ့

http://www,dhammadownload.com



၃၄။ ဘုရားဖြစ်သောနေ့ = မဟာသက္ကရာဇ် ၁၀၃၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့

၃၅။ ဓမ္မစကြာဟောသောနေ့ = မဟာသက္ကရာဇ် ၁၀၃၊ ဝါဆိုလပြည့်၊ စနေနေ့

၃၆။ ပရိနိဗ္ဗာန်စံသောနေ့ = မဟာသက္ကရာဇ် ၁၄၈၊ ကဆုန်လပြည့်၊ အင်္ဂါနေ့

၃၇။ တေဇောဓာတ်လောင်သောနေ့ = ၁၄၈၊ ကဆုန်လဆုတ် ၁၂၊ တနင်္ဂနွေနေ့

http://www,dhammadownload.com

# အခန်း (၃)

## နေ့စဉ်ဝတ်ပြုရန် နည်းလမ်းများ

## နေ့စဉ်ဝတ်ပြုရန် ဆုတောင်းချက် အမျိုးမျိုး

### ၁ - ကန်တော့ရန်

ဩကာသ၊ ဩကာသ၊ ဩကာသ၊ ကာယကံ ဝစီကံ မနောကံ၊ သဗ္ဗဒေါသ ခပ်သိမ်းသော အပြစ်တို့ကို ပျောက်ပါစေခြင်း အကျိုးငှာ ပထမ ဒုတိယ တတိယ၊ တစ်ကြိမ် နှစ်ကြိမ် သုံးကြိမ် မြောက်အောင် ဘုရားရတနာ တရားရတနာ သံဃာရတနာ ရတနာ မြတ်သုံးပါးတို့ကို အရိုအသေ အလေးအမြတ် လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။

### ၂ - ဆုတောင်းရန်

ကန်တော့ရသော အကျိုးအားကြောင့် အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပတ္တိတရားလေးပါး၊ ဗျသန တရားငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍ မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရားတော်မြတ်ကိုရပါလို၏ အရှင်ဘုရား။

**မှတ်ချက်**။ ။ **ဤဩကာသဆိုရိုးမှာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က တစ်ပြည်လုံးအတွက် တစ်စံတည်းဖြစ်စေရန် ချမှတ်ထားသောဆိုရိုး ဖြစ်ပါသည်။**

### ၃ - သရဏဂုံသီလ တောင်းရန်

**အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။**

**ဒုတိယမ္ပိ အဟံ ဘန္တေ . . . . . ။**

**တတိယမ္ပိ အဟံ ဘန္တေ . . . . ။**

http://www,dhammadownload.com



(မြန်မာပြန်) အရှင်ဘုရား၊ သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသီလသိက္ခာပုဒ်တရားကို တပည့်တော်က တောင်းပါ၏။ အရှင်ဘုရား၊ တပည့်တော်ကို ငဲ့ညှာထောက်ထား ချီးမြှောက်သောအားဖြင့် ငါးပါးသီလ ပေးသနားတော်မူပါဘုရား။

သံဃာတော် – ယမဟံ ဝဒါမိ တံ ဝဒေထ။

လူအများ – အာမ ဘန္တေ။

## ၄ – ဘုရားရှိခိုးရန်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(၃ – ကြိမ်ဆိုပါ။)

(မြန်မာပြန်) ဘဂဝါဂုဏ်ရှင် အရဟံဂုဏ်ရှင် သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင်ဖြစ်တော်မူသော မြတ်စွာဘုရားအား ရှိခိုးပါ၏။

## ၅ – သရဏဂုံ တည်ဆောက်ရန်

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ = ဘုရား ကိုးကွယ်ပါ၏။
ဓမ္မံ သရဏံ ဂစ္ဆာမိ = တရား ကိုးကွယ်ပါ၏။
သံဃံ သရဏံ ဂစ္ဆာမိ = သံဃာ ကိုးကွယ်ပါ၏။

ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

http://www,dhammadownload.com



သံဃာတော် - တိသရဏဂမနံ ပရိပုဏ္ဏံ။

လူအများ - အာမ ဘန္တေ။

## ၆ - ငါးပါးသီလ ဆောက်တည်ရန်

၁။ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ = သူတစ်ပါးအသက်ကို မသတ်ပါဘုရား။

၂။ အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ = သူတစ်ပါး ဥစ္စာကို မခိုးပါဘုရား။

၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ= ကာမဂုဏ်တို့၌ မှားယွင်းစွာ မကျင့်ပါဘုရား။

၄။ မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ = လိမ်ညာ၍ မဟုတ်မမှန် မပြောပါဘုရား။

၅။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ = မူးယစ်သေစာ မသောက်စားပါဘုရား။

သံဃာတော် - တိသရဏေန သဟ ပဉ္စသီလံ သာဓုကံ ကတွာ အပ္ပမာဒေန သမ္ပာဒေထ။

လူအများ - အာမ ဘန္တေ။

## ငါးပါးသီလ အာစိဏ္ဏာန်

၁။ သူ့အသက်လဲ၊ မသတ်ဘဲ၊ အမြဲရှောင်ကြဉ်မည်။

၂။ သူ့ဥစ္စာလဲ၊ မခိုးဘဲ၊ အမြဲရှောင်ကြဉ်မည်။

၃။ ကာမဂုဏ်လဲ၊ မမှားဘဲ၊ အမြဲရှောင်ကြဉ်မည်။

၄။ လိမ်ညာ၍လဲ၊ မပြောဘဲ၊ အမြဲရှောင်ကြဉ်မည်။

၅။ သေအရက်လဲ၊ မသောက်ဘဲ၊ အမြဲရှောင်ကြဉ်မည်။
(မူးယစ် ဆေးလဲ၊ မသုံးစွဲ၊ အမြဲရှောင်ကြဉ်မည်။)

http://www,dhammadownload.com



## ဩကာသရှင်းတမ်း

ဩကာသ = ရှိခိုးပါရစေ၊ ကန်တော့ပါရစေဟု အခွင့်တောင်းခြင်းကို ဩကာသဟု ခေါ်သည်။ လေးနက်စေလိုသောကြောင့်လည်းကောင်း၊ ထင်ရှား,ပျံ့နှံ့စေလိုသောကြောင့်လည်းကောင်း ဩကာသကို သုံးကြိမ်ဆိုရပါသည်။

ကံသုံးပါး = ကိုယ်ဖြင့်ပြုသောအမှုကို ကာယကံ၊ နှုတ်ဖြင့်ပြောသောအမှုကို ဝစီကံ၊ စိတ်ဖြင့်ကြံသောအမှုကို မနောကံဟု ခေါ်သည်။

ရတနာ = နှစ်သက်မြတ်နိုးအပ်သောကြောင့် ရတနာဟု ခေါ်ပါသည်။

ဘုရား = တရားဥဿုံ အလုံးစုံကို အကုန်အစင် သိမြင်တော်မူသောကြောင့် ဘုရားဟု ခေါ်ပါသည်။

တရား = အပါယ်ဆင်းရဲ သံသရာဝဋ်ဆင်းရဲသို့မကျရောက်အောင်ဆွဲဆောင်တတ်သောကြောင့် တရားဟုခေါ်ပါသည်။

သံဃာ = အယူသီလ တူမျှခြင်းဖြင့် ပေါင်းစုဖွဲ့စည်းထားသောကြောင့် သံဃာဟု ခေါ်ပါသည်။

အရိုအသေ = ကိုယ်, နှုတ်, စိတ်သုံးပါးတို့ဖြင့် ညွတ်တွားကိုင်းရှိုင်းခြင်း။

အလေးအမြတ် = တကယ်အဟုတ် စိတ်ပါပါနှင့် လေးစားမြတ်နိုးခြင်း။

http://www,dhammadownload.com



ရှိခိုး = ရှိခိုးခြင်းမှာ ကိုယ်ဖြင့်ရှိခိုးခြင်း၊ နှုတ်ဖြင့်ရှိခိုးခြင်း၊ စိတ်ဖြင့်ရှိခိုးခြင်းဟူ၍ သုံးမျိုးရှိသည်။ ကိုယ်ဖြင့်ရှိခိုးခြင်းဆိုသည်မှာ ရတနာသုံးပါး, မိဘ, ဘိုးဘွား ဆရာသမားတို့၏ ဂုဏ်ကျေးဇူးကို အာရုံပြု၍ ထိခြင်းငါးပါးဖြင့် ရှိခိုးခြင်းကို ခေါ်သည်။ နှုတ်ဖြင့်ရှိခိုးခြင်းဆိုသည်မှာ ရတနာသုံးပါး၏ ဂုဏ်ပုဒ်များကို နှုတ်ဖြင့်ထုတ်ဖော်၍ ရွတ်ဆိုခြင်းကို ခေါ်ပါသည်။ စိတ်ဖြင့် ရှိခိုးခြင်းဆိုသည်မှာ ရတနာသုံးပါးတို့၏ဂုဏ်ကျေးဇူးကို စိတ်ထဲမှ အဖန်တလဲလဲ အောက် မေ့ခြင်းကိုခေါ်ပါသည်။ (ခြေ၊ လက်၊ နဖူး၊ တံတောင်၊ ဒူး = ထိခြင်းငါးပါး)

ပူဇော် = ပစ္စည်းဖြင့်ပူဇော်ခြင်း၊ တရားဖြင့်ပူဇော်ခြင်းနှစ်မျိုးရှိသည်။

ဖူးမြော် = ပကတိမျက်စိဖြင့် ဖူးမြော်ခြင်း၊ အသိဉာဏ်မျက်စိဖြင့်ဖူးမြော်ခြင်း။

မာန်လျှော့ = မိမိသန္တာန်ရှိသော မာန်မာနတရားများကို လျှော့ချဖယ်ရှားခြင်း (ရတနာသုံးပါးကို မြင့်မြတ်ရာ၌ထားခြင်း) ကို မာန်လျှော့သည်ဟုခေါ်ပါသည်။ မာန်လျှော့ခြင်းကို နိဝါတမင်္ဂလာဟု မှတ်ပါ။

ကန်တော့ = အပြစ်ရှိက ခွင့်လွှတ်တော်မူပါဟု ဝန်ချတောင်းပန်ခြင်းကို ကန်တော့သည်ဟုခေါ်သည်။ အပြစ်ရှိ၍ ကန်တော့ခြင်း၊ ကုသိုလ်ရလို၍ ကန်တော့ခြင်းဟု နှစ်မျိုးရှိသည်။ (ကန်တော့ ဆိုသည်မှာ အက

http://www,dhammadownload.com



သိုလ်ကို ကန့်ကျောက်၍ ကုသိုလ်ကို တော့ယူ ခြင်းကို ဆိုလိုသည်။)

အပါယ် =ချမ်းသာကင်း၍ ကုသိုလ်ကောင်းမှုပြုခွင့်မရသော အရပ်ကို အပါယ်ဟု ခေါ်သည်။

ကပ် =ဝတ်မွတ်ဘေး၊ လက်နက်ဘေး၊ ရောဂါဘေးတို့ကြောင့် ပျက်စီးခြင်းကို ကပ်ဟု ခေါ်သည်။

ရပ်ပြစ် =မဂ်,ဖိုလ်နိဗ္ဗာန် မရနိုင်သည်ကိုစွဲ၍ ရပ်ပြစ်ဟု ခေါ်သည်။ (ရှစ်ပါးရှိသည်။)

ရန်သူ =ရေ၊ မီး၊ မင်း၊ သူခိုး၊ အမွေခံအမွေဆိုး။

ဝိပတ္တိ =ဖောက်ပြန်ချွတ်ယွင်းခြင်းကို ဝိပတ္တိဟု ခေါ်သည်။ (ဂတိ၊ ဥပဓိ၊ ကာလ၊ ပယောဂ)

ဗျသန =ဆွေမျိုး၊ ဥစ္စာ၊ ရောဂါ၊ အယူ၊ အကျင့်ပျက်စီးခြင်းကို ဗျသနဟု ခေါ်သည်။

မဂ် =နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သော တရားလမ်းကို မဂ်ဟု ခေါ်သည်။

ဖိုလ် =မဂ်၏အကျိုးတရားကို ဖိုလ်ဟု ခေါ်သည်။

နိဗ္ဗာန် =ရာဂ, ဒေါသ, မောဟတို့၏ ကင်းရာ ငြိမ်းအေးမှု ဓာတ်သဘောကို နိဗ္ဗာန်ဟု ခေါ်သည်။

နမော တဿ =ဘုရားကို ရိုသေလေးစားခြင်း အစဉ်အလာကို ထိန်းသိမ်းခြင်းအနေဖြင့် "နမောတဿ"ကို သုံးခေါက်ရွတ်ဆိုရသည်။

သရဏဂုံ =ဗုဒ္ဓဘာသာ စစ်,မစစ် သရဏဂုံဖြင့် တိုင်းတာရသည်။

http://www,dhammadownload.com



## ခင်ပွန်းကြီး (ကျေးဇူးရှင်) ဆယ်ပါး

သြကာသ ကန်တော့ခန်းနှင့်ဆက်နွယ်၍ မပြစ်မှားသင့်, မပြစ်မှားထိုက်သော ခင်ပွန်းကြီးဆယ်ပါးခေါ် ကျေးဇူးရှင်ဆယ်ပါးကို သိထားသင့်၏။ မင်းဘူးဦးသြဘာသ၏ တေမိယဇာတ်တော်ကြီး မြန်မာပြန်၌ပြဆိုထားသည်။

၁။ မြတ်စွာဘုရား။ ၂။ ပစ္စေကဗုဒ္ဓါ။

၃။ ရဟန္တာပုဂ္ဂိုလ်။ ၄။ လက်ဝဲရံ လက်ယာရံအဂ္ဂသာဝက။

၅။ အမိ။ ၆။ အဖ။

၇။ (အရွယ်ကြီးခြင်း၊ အမျိုးမြတ်ခြင်း၊ ပညာကြီးခြင်း၊ သီလ, သမာဓိ ရှိခြင်းစသော ဂုဏ်တို့ကြောင့်) အလေးအမြတ်ပြုအပ်သူ။

၈။ ဆုံးမသွန်သင်သူ။ ၉။ ပေးကမ်းဖူးသူ။

၁၀။ တရားဟောပုဂ္ဂိုလ်။

**မှတ်ချက်** ။ ။ **ဤပုဂ္ဂိုလ်တို့ကို ကာယကံ, ဝစီကံ, မနောကံ တို့ဖြင့်ပြစ်မှားခဲ့သော် ဒဏ်ဆယ်ပါးတစ်ပါးပါးခံရတတ်သည်၊ ဒဏ်ဆယ်ပါးသရုပ်ကို ဓမ္မပဒ ဒဏ္ဍဝဂ် ရှင်မောဂ္ဂလာန်ဝတ္ထု၌ ဟောထားသည်။**

### ဒဏ် ဆယ်ပါး

၁။ ဥစ္စာပျက်စီးခြင်း၊ ၂။ ဆွေမျိုးပျက်စီးခြင်း၊

၃။ ကိုယ်ခန္ဓာပျက်စီးခြင်း၊ ၄။ ရူးခြင်း၊

၅။ နူခြင်း၊ ၆။ အစွပ်စွဲခံရခြင်း၊

၇။ မီးလောင်ခံရခြင်း၊ ၈။ ဖျားနာခြင်း၊

၉။ ဒဏ်ထားခံရခြင်း၊ ၁၀။ တရားရုံးခြင်း။

ဥစ္စာ, ဆွေ, ကိုယ်၊ ပျက်ပြိုရူးနူ၊
သူကစွပ်စွဲ၊ မီးစွဲနာဖျား၊

http://www,dhammadownload.com



ဒဏ်ထားရှုံးမှတ်၊ ဤဆယ်ရပ်၊
သူမြတ်ပြစ်မှားဒဏ်။

## ဓမ္မပဒပါဠိ ဂါထာများ

၁ ။ ယော ဒဏ္ဍေန အဒဏ္ဍေသု၊ အပ္ပဒုဋ္ဌေသု ဒုဿတိ။
ဒသန္န မညတရံ ဌာနံ၊ ခိပ္ပမေဝ နိဂစ္ဆတိ။
၂ ။ ဝေဒနံ ဖရုသံ ဇာနိံ၊ သရီရဿ ဝ ဘေဒနံ။
ဂရုကံ ဝါ ပိ အာဗာဓံ၊ စိတ္တက္ခေပံ ဝ ပါပုဏေ။
၃ ။ ရာဇတော ဝါ ဥပသဂ္ဂံ၊ အဗ္ဘက္ခာနံ ဝ ဒါရုဏံ။
ပရိက္ခယံ ဝ ဉာတီနံ၊ ဘောဂါနံ ဝ ပဘင်္ဂုရံ။
၄ ။ အထ ဝါဿ အဂါရာနိ၊ အဂ္ဂိ ဍဟတိ ပါဝကော။
ကာယဿ ဘေဒါ ဒုပ္ပညော၊ နိရယံ သောပပဇ္ဇတိ။

(ဓမ္မပဒ၊ ၄၊ ၂၊ ၄၄)

## မဃဒေဝလင်္ကာ

ဝေဒနာကြီးမား၊ လျော့ပါးစည်းစိမ်၊ နေအိမ်မီးလောင်၊ ကုန်အောင်ကျွမ်းသက်၊ ကျိုးပျက်အင်္ဂါ၊ နုနာစိတ်ဖောက်၊ ကျရောက် မင်းဒဏ်၊ မမှန်စွပ်စွဲ၊ ပြိုကွဲမျိုးဆွေ၊ ရွှေ,ငွေ,ကျွဲ,နွား၊ ယွင်းဖောက်ပြားသား၊ ဆယ်ပါးမျက်မှောက်၊ ဒဏ်ကြီးရောက်၍၊ နောက်၌အမြဲ၊ သေဖောက်လဲသော်၊ ငရဲကြီးစွာ၊ လားတို့ရာ၏။ (ပုဒ်ရေ ၂၅၇)

## အပါယ် လေးပါး

ချမ်းသာကင်း၍ ကုသိုလ်ကောင်းမှု ပြုခွင့်မရသောအရပ်ကို **အပါယ်**ဟုခေါ်သည်။

(**အပါယ** = အပ+အယ၊ **အယ** = ချမ်းသာ+ အပ = ကင်းခြင်း)

၁ ။ ငရဲ = ချမ်းသာသုခ ဝေးကွာ၍ ဒုက္ခအတိပြီးသော ဘုံဌာန၊

http://www,dhammadownload.com



၂။ **တိရစ္ဆာန်** = မင်္ဂ,ဖိုလ်မကပ် ထောင့်ဖြတ်ဖီလာ သွားတတ်သော သတ္တဝါ။

၃။ **ပြိတ္တာ** = ချမ်းသာအပေါင်းမှ ဝေးကွာသောသတ္တဝါ။

၄။ **အသုရကာယ်** = နတ်များကဲ့သို့ မရဲရင့် မတင့်တယ် မတောက်ပသောသတ္တဝါ။

► လောဘစိတ်နှင့်၊ သေခဲ့လျှင်၊ ပြိတ္တာဘုံသို့ဝင်၊
► ဒေါသကြီးလျှင်၊ ပါယ်ငရဲ၊ ဖြစ်ရအမှန်ပဲ၊
► မောဟစိတ်နဲ့၊ သေခဲ့ပြန်၊ ဖြစ်ရတိရစ္ဆာန်၊
► ဆိုးသွမ်းလေဟန်၊ စိတ်သုံးမျိုး၊ စွန့်ခွါပယ်လို့ချိုး။

## ကပ် သုံးပါး

ပျက်စီးခြင်းကို ပါဠိလို **ကပ္ပ**ခေါ်သည်။ မြန်မာလို **ကပ်**ဟု သုံးနှုန်းသည်။

၁။ **ဒုဗ္ဘိက္ခန္တရကပ်** = ငတ်မွတ်ဘေးကြောင့် ပျက်စီးခြင်း။

၂။ **သတ္ထန္တရကပ်** = လက်နက်ဘေးကြောင့် ပျက်စီးခြင်း။

၃။ **ရောဂန္တရကပ်** = ရောဂါဘေးကြောင့် ပျက်စီးခြင်း။

► လောဘကြီးက၊ ငတ်မွတ်ရ၊ ဒုက္ခကပ်ကြီးဆိုက်။
► ဒေါသကြီးက၊ သတ်ဖြတ်ကြ၊ သတ္ထကပ်ကြီးဆိုက်။
► မောဟကြီးက၊ ရောဂါထ၊ နာရကပ်ကြီးဆိုက်။

## ရပ်ပြစ် ရှစ်ပါး

၁။ ငရဲ၊ ၂။ တိရစ္ဆာန်၊
၃။ ပြိတ္တာ၊ ၄။ အသညသတ်နှင့် အရူပဗြဟ္မာ၊
၅။ ပစ္စန္တရစ်အရပ်၊ ၆။ မိစ္ဆာဒိဋ္ဌိ၊

http://www,dhammadownload.com



၇။ ဉာဏ်ပညာမရှိသူ၊ ၈။ ဘုရားမပွင့်ရာအခါ၌လူဖြစ်ရခြင်း။

(အံ၊ ၃၊ ၆၀)

**မှတ်ချက်။ ။ မဂ်, ဖိုလ်, နိဗ္ဗာန် မရနိုင်သည်ကိုစွဲ၍ ရပ်ပြစ်ရှစ်ပါးဟုခေါ်သည်။**

## ရန်သူမျိုး ငါးပါး

၁။ ရေ၊ ၂။ မီး၊

၃။ မင်း၊ ၄။ သူခိုး၊

၅။ အမွေခံအမွေဆိုး။

## ဝိပတ္တိတရား လေးပါး

**၁။ ဂတိဝိပတ္တိ** = အပါယ်ဘုံ၌ ဖြစ်ရခြင်း။

**၂။ ဥပဓိဝိပတ္တိ** = ရုပ်ဆင်းအင်္ဂါချို့တဲ့ခြင်း။

**၃။ ကာလဝိပတ္တိ** = တရားမစောင့်သူတို့၏ လက်ထက်၌ဖြစ်ရခြင်း။

**၄။ ပယောဂဝိပတ္တိ** = အကုသိုလ်တရားကိုသာ အားထုတ်၍ အကျင့်ပျက်စီးခြင်း၊

**မှတ်ချက်။ ။ ဖောက်ပြန်ချွတ်ယွင်းခြင်းကို ဝိပတ္တိဟုခေါ်သည်။**

## ဗျသနတရား ငါးပါး

**၁။ ဉာတိဗျသန** = ဆွေမျိုးပျက်စီးခြင်း။

**၂။ ဘောဂဗျသန** = စည်းစိမ်ပျက်စီးခြင်း။

**၃။ ရောဂဗျသန** = ရောဂါနှိပ်စက်၍ပျက်စီးခြင်း။

**၄။ ဒိဋ္ဌိဗျသန** = အယူလွဲမှား၍ပျက်စီးခြင်း။

**၅။ သီလဗျသန** = အကျင့်သီလပျက်စီးခြင်း။

(**ပျက်စီးခြင်း**ကို **ဗျသန**ခေါ်သည်)

ဆွေမျိုး, ဉစ္စာ၊ ရောဂါ, အယူ၊ အကျင့်ဟူ၊ ပျက်မှုငါး၀ ဗျသန။

မဂ် = နိဗ္ဗာန်ရောက်ကြောင်းဖြစ်သော တရားလမ်း။

http://www,dhammadownload.com



ဖိုလ် = မဂ်၏အကျိုးတရား။

နိဗ္ဗာန် = ရာဂ ဒေါသ မောဟတို့၏ကင်းရာ ငြိမ်းအေးမှုခတ် သဘော။

## သြကာသနှင့် အဟံဘန္တေ

သြကာသဘုရားရှိခိုးဆိုရိုးသည် အလွန်ရှေးကျသော ဆိုရိုးဖြစ်၍ ဗုဒ္ဓဘာသာဝင်တို့အဖို့ ကျေးဇူးအထူးများလှပေသည်။ ပုဂံခေတ်က ရှင်အရဟံရေးသားချီးမြှင့်သော ဆိုရိုးဖြစ်ကြောင်း အများကပင် လက်ခံယုံကြည်ထားကြသည်။ သြကာသအဓိပ္ပာယ်နှင့်သမိုင်းကြောင်းကို မြန်မာ့စွယ်စုံကျမ်း အတွဲ ၁၅တွင်ရှင်းပြထားသည်၊ ကြည့်ရှုပါ။ ယဉ်ကျေးမှုအခြေခံအုတ်မြစ်ခိုင်မာတောင့်တင်းသော ရှေးရိုး သြကာသ၏ကျေးဇူးကိုဥပေက္ခာပြု၍ အဆန်းမထွင်ကြပါရန် တောင်း ပန်ပါ၏။

အဟံ ဘန္တေ ဟူသော သီလတောင်းပါဠိကို အင်းဝခေတ် သာလွန်မင်းတရားလက်ထက် ခေးမကူးဆရာတော်ဟုတွင်သော တောင်ဖီလာဆရာတော်က ရေးသားခဲ့ကြောင်း ဆရာစဉ်ဆက် အမိန့်ရှိ၍ သိရသည်။

## နမော တဿအဓိပ္ပါယ်

ဘုရားကို ရိုသေလေးစားခြင်း၊ အစဉ်အလာကိုထိန်းသိမ်းခြင်း အနေဖြင့် နမော တဿကို သုံးခေါက်ရွတ်ဆိုရသည်၊ ဗုဒ္ဓဘာသာ တရားနယ်ပယ်၌ ဤနမော တဿဘုရားရှိခိုးသည် အတိုဆုံးနှင့် အတွင်ကျယ်ဆုံးသော ဘုရားရှိခိုးဖြစ်သည်၊ နမော တဿ ဘုရားရှိခိုးတွင် "ဘဂဝါ၊ အရဟံ၊ သမ္မာသမ္ဗုဒ္ဓ"ဟူသော ဂုဏ်တော်ကြီးသုံးပါး ပါရှိနေသည်ကိုသတိပြုရပါမည်။ ဤနမော တဿကို ဂါထာလော စုဏ္ဏိယလောဟု မေးခဲ့သော် လောကီဆန်းကျမ်းကို မငဲ့သော ၅-ပါဒရှိ ဂါထာဖြစ်ကြောင်း သံယုတ်ဋီကာဆရာက(နှာ၊ ၂၅၄) ၌ရှင်းပြထားသည်။

http://www,dhammadownload.com



နမော တဿဖြင့် ရှိခိုးရာ၌ ပါဠိစာပေတွင် "တိက္ခတ္တုံ ဥဒါနံ ဥဒါနေသိ"ဟူသော စကား ၂-ရပ်တွဲလျက် အမြဲပါသောကြောင့် ထူးခြားချက် နှစ်ရပ်ရှိကြောင်း မှတ်သားထားရပါမည်။ သုံးကြိမ်ရွတ်လေ့ရှိသော ဘုရားရှိခိုး၊ ဥဒါန်းတင်ဘုရားရှိခိုးဟု မှတ်သားပါ။

## နမော တဿ ရွတ်ဆိုရှိခိုးသူများ

| | |
|---|---|
| ၁။ မဟိန္ဒမင်းကြီး | ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၆၄ |
| ၂။ သိကြားမင်း | သုတ်မဟာဝါပါဠိ၊ ၂၃၀ |
| ၃။ ကောသလမင်း | မဇ္ဈိမပဏ္ဏာသပါဠိ၊ ပိယဇာတိကသုတ်, ၃၁၄ |
| ၄။ အာရာမဒဏ္ဍပုဏ္ဏား | အင်္ဂုတ္တိုရ် ဒုကနိပါတ်၊ သမစိတ္တဝဂ်၊ ၆၈ |
| ၅။ ကရဏ္ဍပါလိပုဏ္ဏား | အင်္ဂုတ္တိုရ် ပဉ္စကနိပါတ်၊ ကရဏ္ဍပါလိသုတ်၊ ၂၀၈ |
| ၆။ ဇာဏုသောဏိပုဏ္ဏား | မူလပဏ္ဏာသပါဠိ၊ စူဠဟတ္ထိပဒေါပမသုတ်၊ ၂၃၅ |
| ၇။ ဓနဥ္စာနိပုဏ္ဏေးမ | သံ၊ ၁၊ ၁၆၂-မဇ္ဈိမပဏ္ဏာသ၊ သင်္ဂါရဝသုတ်၊ ၄၂၄ |
| ၈။ ဗြဟ္မာယုပုဏ္ဏား | မဇ္ဈိမပဏ္ဏာသပါဠိ၊ ဗြဟ္မာယုသုတ်၊ ၃၄၁။ |

► မဟိန္ဒမင်း၊ သိကြားမင်းနှင့်၊ မင်းကောသလ၊
ဗြဟ္မဏကား၊ အာရာမဒဏ်၊ ကရဏ်ပါလိ၊
ဇာနိဇာဏု၊ ဗြဟ္မာယုတို့၊ ဥဒါန်းသဘော၊
ဤသို့ဟော၊ နမော တဿရှစ်။

http://www,dhammadownload.com



## သရဏဂုံနှင့်စပ်၍သိဖွယ်များ

ဗုဒ္ဓဘာသာ ဟုတ်သည်, မဟုတ်သည်ကို သရဏဂုံနှင့် တိုင်းတာရသည်။ သရဏဂုံတည်မှ ဗုဒ္ဓဘာသာခေါ်ရသည်၊ သရဏဂုံနှင့် စပ်၍ အောက်ပါ ၇–ချက်ကို သိထားသင့်သည်။

၁။ ဘုရား, တရား, သံဃာ ရတနာသုံးပါးသည်
သရဏ (ကိုးကွယ်ရာ) မည်၏။

၂။ ရတနာသုံးပါးကို မှီခိုဆည်းကပ်လိုသော
ကုသိုလ်စိတ်သည် သရဏဂုံမည်၏။

၃။ ထိုကုသိုလ်စိတ်နှင့် ပြည့်စုံသူကို
သရဏဂုံတည်သူ ဟုဆိုရသည်။

၄။ သရဏဂုံသည်
လောကီသရဏဂုံ, လောကုတ္တရာသရဏဂုံဟူ၍ နှစ်မျိုးရှိသည်။

၅။ သုဂတိဘဝသို့ရောက်ခြင်း၊ စည်းစိမ်ဥစ္စာရခြင်းသည်
လောကီသရဏဂုံအကျိုးမည်၏၊ ဖိုလ်လေးပါးကိုရခြင်းသည်
လောကုတ္တရာသရဏဂုံအကျိုးမည်၏။

၆။ မသိခြင်း၊ ယုံမှားခြင်း၊ လွဲမှားသော မိစ္ဆာဉာဏ်တို့ကြောင့်
လောကီသရဏဂုံသာ ညစ်နွမ်းနိုင်သည်။
လောကုတ္တရာသရဏဂုံကား ညစ်နွမ်းရိုးမရှိ။

၇။ လောကီသရဏဂုံသည်
အယူတစ်ပါးပြောင်းလွဲသောအခါ သေလွန်သောအခါတို့၌ ပျက်စီးသည်။ လောကုတ္တရာ သရဏဂုံကား ပျက်စီးရိုးမရှိ။ မပျက်စီး။

http://www,dhammadownload.com



## လောကီသရဏဂုံ အပြား လေးပါး

၁။ အတ္တသန္နိယျာတန သရဏဂုံ = မိမိကိုယ်ကို ရတနာသုံးပါးအား ကောင်းစွာအပ်နှံခြင်း။

၂။ တပ္ပရာယဏ သရဏဂုံ = ရတနာသုံးပါးကို မှီခိုအားထားခြင်း၊ (အာဠဝက)။

၃။ သိဿ ဘာဝူပ ဂမန သရဏဂုံ = ရတနာသုံးပါး၏တပည့်ခံယူခြင်း (မဟာကဿပ)

၄။ ပဏိပါတ သရဏဂုံ = ရတနာသုံးပါးကို ရိုသေစွာရှိခိုးခြင်း၊ (ဗြဟ္မာယုပုဏ္ဏား)။

## သုံးပုံတံချုကျမ်းဆောင်ပုဒ်

ကိုယ်ကိုဆောင်လျှင်း၊ လဲလျောင်းခြင်းနှင့်၊ ဝပ်စင်းရိုကျိုး၊ ရှိခိုးတုံငြား၊ တပည့်သားအဖြစ်၊ စင်စစ်သရဏဂုံ၊ ဤလေးစုံကို၊ ယုံလေအမြဲ၊ သက်လုံးစွဲ။

## အပဒါန်ကျမ်းလာ သရဏဂုံအကျိုး ရှစ်ပါး

ဒေသပူဇာ၊ ပညာထက်ငြား၊ နတ်များစောင့်လာ၊
ဥစ္စာပေါကြွယ်၊ နုနယ်လှပ၊
လူကချစ်ခင်၊
မိတ်လျှင်မြဲတုံ၊ ဂုဏ်သတင်းတက်၊
ဤရှစ်ချက်၊ မပျက်သရဏဂုံအကျိုးတည်း။

**မှတ်ချက်** ။ ။ **လောကီသရဏဂုံအကျိုးဟု မှတ်ပါ။**

## ငါးပါးသီလ အကျိုးအပြစ်ပြ ကဗျာများ

၁။ သူ့သက်သတ်ဖြတ်၊ သက်တိုလတ်၊ မသတ် အသက်ရှည်။

၂။ ခိုးသူငတ်မွဲ၊ မခိုးဘဲ၊ အမြဲချမ်းသာမည်။

http://www,dhammadownload.com



၃။ သူ့သားသမီး၊ ဖျက်ဆီးနှုတ်ဝဲ၊ ဖြစ်မြဲနပုံး၊ လူဖြစ်ရှုံး၍၊ အဆုံးရှောင်ရန်၊ အကျိုးပြန်၊ ဧကန်ရနိုင်သည်။

၄။ လိမ်ပြောသူများ၊ စကားမအောင်၊ ပုပ်ဟောင်ပါးစပ်၊ မွေးလတ်သမီး၊ ရက်ဖွယ်ကြီးမို့၊ အပြီးရှောင်ရန်၊ အကျိုးပြန်၊ ဧကန် ရနိုင်သည်။

၅။ သောက်စားမူးယစ်၊ အရူးဖြစ်ပြန်၊ သိညာဏ်ထိုင်းမှိုင်း၊ လူတိုင်းစက်ဆုပ်၊ အယုတ်ရှောင်ရန်၊ အကျိုးပြန်၊ ဧကန်ရနိုင်သည်။

- ငါးပါးသီလ၊ လုံခြုံက၊ မုချ အပါယ်လွတ်နိုင်သည်။
- ငါးပါးသီလ၊ မလုံက၊ မုချ အပါယ်လားနိုင်သည်။

## သီလမရှိသူ၏အပြစ် ငါးပါး

စည်းစိမ်ပျက်လျှင်း၊ သတင်းဆိုးနှံ့၊ ကြောက်ရွံ့ပရိသာ
သေခါတွေဝေ၊ သေငရဲလား၊
ပြစ်ငါးပါး၊ မှတ်သားဒုဿီလ။

## သီလရှိသူ၏အကျိုး ငါးပါး

စည်းစိမ်ရလျှင်း၊ သတင်းကောင်းပျံ့၊ မရွံ့ပရိသာ
သေခါမတွေ၊ သေနတ်ရွာလား၊
ကျိုးငါးပါး၊ မှတ်သားသီလဝန္တ။

## ငါးပါးသီလ၏ဝိသေသအမည်များ

၁။ လူမှန်လျှင် လိုက်နာကျင့်သုံးရမည့် ဓမ္မတာတရားဖြစ်သောကြောင့် **ဓမ္မတာသီလ**။

၂။ သူတော်ကောင်းတို့အလေးဂရုထား၍ ကျင့်သုံးအပ်သောကြောင့် **ဂရုဓမ္မသီလ**။

http://www,dhammadownload.com



၃။ စကြဝတေးမင်းတို့ ဓမ္မသတ်သဖွယ် အုပ်ချုပ်ကျင့်သုံးသော ကြောင့် **စက္ကဝတ္တိဓမ္မသတ်**။

၄။ ကုရုတိုင်းနေလူတို့ ကျင့်သုံးသောသီလဖြစ်၍ **ကုရုဓမ္မသီလ**။

၅။ လူပုဂ္ဂိုလ်တို့၏ကိုယ်ကျင့်တရားဖြစ်သောကြောင့် **ဂဟဋ္ဌသီလ**။

၆။ အရေအတွက် ငါးပါးရှိသောကြောင့် **ပဉ္စသီငါးပါး**။

၇။ လူတို့အမြဲနိစ္စ စောင့်သုံးအပ်သောကြောင့် **နိစ္စသီလ**။

၈။ မြတ်စွာဘုရားကိုယ်တိုင် တားမြစ်အပ်သော သီလဖြစ်၍ **ဝါရိတ္တ သီလ**။

၉။ အရိယာပုဂ္ဂိုလ်တို့ နှစ်သက်မြတ်နိုးအပ်သောကြောင့် **အရိယာ ကန္တသီလ**။

၁၀။ ကျင့်သုံးအပ် ကျင့်သုံးသင့် ကျင့်သုံးထိုက်သောကြောင့် "**သိက္ခာ ပဒသီလ**"။

## ဆောင်ပုဒ်

ဓမ္မတာဓမ်၊ ဂရုဓမ်နှင့်၊ ဓမ္မသတ်ချက်ချာ၊ စကြာစိုးပြု၊ ကုရုဓမ္မ၊ ဂဟဋ္ဌနှင့်၊ ငါးဝပဉ္စသီ၊ ဂုဏ်ရည်နိစ္စ၊ ဝါရိတ္တနှင့်၊ အရိယကန်၊ ငါးတန် မယုတ်၊ သိက္ခာပုဒ်၊ သမုတ် ဤဆယ်မည်။

## ငါးပါးသီလနှင့် မြောက်ကျွန်းနေလူများ

ဥတ္တရကုရုခေါ်သော မြောက်ကျွန်း၌နေထိုင်ကြသည့် လူတို့ သည် အမြဲနိစ္စ ငါးပါးသီလကို လုံခြုံကြသည်။ ယင်းငါးပါးသီလ လုံခြုံသူတို့၏ ဓမ္မတာသိဒ္ဓိကြောင့် အောက်ပါဝိသေသအကျိုးထူးများ ကို ခံစားကြရသည်။

၁။ အိုးအိမ်တိုက်တာ (နေစရာအတွက်) အထူးဆောက်နေဖွယ်မလို။ သစ်ပင်များက နေထိုင်မှုအတွက် ကိစ္စပြီးစေသည်။

http://www,dhammadownload.com



၂။ မြောက်ကျွန်းနေလူတို့မှာ ရှည်ခြင်း၊ ပုခြင်းစသော အပြစ်မျိုး ကင်းသည်။ လုံးရပ်သဏ္ဍာန်နှင့်ပြည့်စုံ၍ ကိုယ်လုံးကိုယ်ဖန် အရပ်အမောင်း တူညီကြသည်။

၃။ ဇရာရောဂါ အနှိပ်အစက် မခံရ၍ ဆံဖြူခြင်း၊ သွားကျိုးခြင်း၊ အရေတွန့်ခြင်း၊ အင်အားကုန်ခမ်းခြင်း မရှိ။

၄။ အသက်မွေးဝမ်းကျောင်းအတွက် အာဟာရပရိယေသန ဒုက္ခ ကင်းသည်။

၅။ မှက်၊ ခြင်၊ ယင်၊ ကြမ်းပိုး စသော သတ္တဝါကိုက်ခဲမှုမခံရ။

၆။ စားသောက်မှုအတွက် ဝယ်ရ၊ သွားရ၊ ချက်ရသော ဒုက္ခမျိုး ကင်းသည်၊ အခွံမပါ ဖွဲကင်းသောသလေးဆန်ကို အာဟာရ အဖြစ် သုံးဆောင်ရသည်။ ပကတိထင်းမီးဖြင့်ချက်မနေရ၊ ဇော တိကမည်သော ရတနာကျောက်တုံးပေါ်တင်လိုက်လျှင် ချက်ပြီး ဖြစ်၏။ ဟင်းနှင့် ဟင်းလျာအတွက် သီးခြားစီမံနေစရာ မလို၊ စားလိုသူက အချဉ်တမ်းတလျှင် အချဉ်အရသာ ပေါ်လာ၏။ အချိုတမ်းတလျှင် အချိုအရသာပေါ်လာ၏။

၇။ အထက်ဖော်ပြပါ အာဟာရကိုမှီဝဲသောကြောင့် နူနာ၊ ပွေး၊ ညှင်း၊ တင်းတိပ်နာ၊ ချောင်းဆိုးပန်းနာ၊ မြစ်ချောက်နာ၊ အရူး ရောဂါနှင့် အိုနာများကင်းသည်။

၈။ မြောက်ကျွန်းနေလူတို့အချင်းချင်း မနာလိုဝန်တိုစိတ် ကင်းကြ သည်။

၉။ ရာသီဥတုမျှတသည်။ အပူလွန်ကဲမှု၊ အအေးလွန်ကဲမှု ရာသီ ဒဏ်မခံရ။

၁၀။ မြောက်ကျွန်း၌ တန်ခိုးကြီးသော ဘုရားပစ္စေကဗုဒ္ဓါတို့ ဆွမ်းခံ ကြွမြဲမဟုတ်ဖြစ်၍ ထူးခြားသည်။

http://www,dhammadownload.com



၁၁။ မြောက်ကျွန်း၌ ကုန်းသူ၊ ကွသူ၊ ကောက်သူ၊ ကွေးသူ၊ ခွင်သူ၊ လေငန်းဆွဲသူ၊ အင်္ဂါချို့တဲ့သူ၊ ဣန္ဒြေချို့တဲ့သူမရှိ။

၁၂။ အမျိုးသမီးများ ၆–ပြစ်ကင်း၍ အရပ်ဆိုးသူမရှိ၊ ၁၆–နှစ်အရွယ် ထင်မှတ်ရသည်။ အမျိုးသားများ ၂၅ နှစ်အရွယ်မှာ တည်သည်။

၁၃။ သားငယ်, သမီးငယ်များက မိဘတို့ကို နားပူနားဆာ မလုပ်ကြ။ တွယ်ကပ်မနေ။

၁၄။ မြောက်ကျွန်းနေလူတို့ကာမဂုဏ်ကိစ္စ တစ်သက်လုံးမှာ ၇ ရက် သာခံစားသည်။

၁၅။ ကိုယ်ဝန်တည်ရခြင်းဒုက္ခ၊ လွယ်ရခြင်းဒုက္ခ၊ ဖွားရခြင်းဒုက္ခမှ ကင်းသည်။

၁၆။ မိဘတို့က ရင်သွေးငယ်အတွက် ကြောင့်ကြစိုက်နေဖွယ်မလို၊ ကလေးများဆော့ကစားရာ အိပ်ပျော်ရာမှာ ထား၍လိုရာသွားနိုင် သည်။ တွေ့သူက အစာကျွေး နို့တိုက်သည်။ ကလေးများကံ ကြောင့် လက်ညှိုးမှ နို့ထွက်သည်။

၁၇။ အဝတ်အတွက်ပူစရာမလို။ ပဒေသာပင်မှရသည်။

၁၈။ ရေချိုးသည့်အခါ စုပေါင်းရေချိုးကြသည်။ အဝတ်ကို စုပုံထား သည်။ ပထမရေချိုးပြီးသူက အပေါ်ဆုံးမှ အဝတ်ကိုယူဝတ် သည်။ ငါ့ဟာ, သူ့ဟာ ငြင်းခုံမှုမရှိ။

၁၉။ သေသူအတွက် ကျန်ရစ်သူများ ပူဆွေးသောကမဖြစ်၊ မငိုကြွေး။

၂၀။ အပုပ်နံ့မရှိ၊ သုသာန်သင်္ချိုင်း ထားစရာမလို၊ သေသူ၏ ရုပ် ကလာပ်ကို အဝတ်ဖြင့်ထုပ်ပတ်၍ ချထားရသည်။ ကုသိုလ်ကံ အဟုန်ကြောင့် ဖြစ်ပေါ်လာသောငှက်ကြီးများက တစ်ခြားကျွန်း သို့ ယူဆောင်သွားကြသည်။

http://www,dhammadownload.com



၂၁။ သေပြီးနောက် နတ်ပြည်ရောက်သည်။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ မဖြစ်။

၂၂။ အနှစ်တစ်ထောင်သက်တမ်းမြဲသည်။ **(သာရတ္ထဒီပနိဋီကာ၊ ပ၊ ၂၇၃)**

## ပါဠိဘာသာဖြင့် ရွတ်ဆိုရခြင်း၏ ရည်ရွယ်ချက်

သီလခံယူခြင်း၊ ဘုရားရှိခိုးခြင်း၊ သရဏဂုံဆောက်တည်ခြင်း၊ သိက္ခာပုဒ်ဆောက်တည်ခြင်းများကို အစဉ်အလာပါဠိဘာသာဖြင့် ရွတ်ဆိုခဲ့ကြသည်။ မြန်မာလိုရွတ်ဆိုလျှင်လည်း ရနိုင်၏။ ပါဠိဘာသာဖြင့်ဆိုရခြင်း၏ရည်ရွယ်ချက်မှာ နောင်တချိန် အရိယမဂ်ဉာဏ်ရ၍ ကျွတ်တမ်းဝင်သည့်အခါ ပဋိသမ္ဘိဒါ အခြံအရံပါပြီး ဂုဏ်ထူးဖြင့် ကျွတ်တမ်းဝင်နိုင်စေရန်ဟူသောရည်ရွယ်ချက်ဖြင့် ရွတ်ဆိုရခြင်းဖြစ်ပါသည်။

## ကန်တော့မှုဆိုင်ရာ သာဓကဝတ္ထုများ

### ကန်တော့၍အကျိုးရ

### [သောရေယျသူဌေးသား]

ကလေး နှစ်ယောက်ဖခင် သောရေယျသူဌေးသားသည် ရှင်မဟာကစ္စည်း မထေရ်၏ လှပသောရုပ်ဆင်းအင်္ဂါကိုမြင်၍“ငါ၏မိန်းမဖြစ်လျှင်ကောင်းလေစွ”ဟု မနောကံဖြင့် ပြစ်မှားမိ၏။ ထိုခဏ၌ ယောကျ်ားအသွင်ပျောက်၍ မိန်းမအသွင်ပေါ်လာလေ၏။ ရှက်သောကြောင့် နောက်သို့ပြန်မသွားဘဲ ခြေဦးတည့်ရာသို့ထွက်သွားရာ တက္ကသိုလ်ပြည်မှ သူဌေးသားတစ်ဦးနှင့်အိမ်ထောင်ကျလေ၏။ မိခင်ဘဝဖြင့် ကလေးနှစ်ယောက်ရပြန်၏။ နှစ်ကာလကြာသော် ဇာတိမြို့မှရောက်လာသောကုန်သည်မိတ်ဆွေ၏ အကြံပေးချက်အရ ရှင်မဟာကစ္စည်းထံသွားရောက်ကန်တော့ရာ ယောကျ်ားဇာတိပြန်ပေါ်လာလေ၏။ **(ဓမ္မပဒ၊ ဌ၊ ပ။ ၂၁၇)**

http://www,dhammadownload.com



## ပိတ်ချင်းသီး ကြက်ချေးဖြစ်

ရာဇဂြိုဟ်မှ ပိတ်ချင်းသီးရောင်းချသော ဒကာတစ်ဦးကို ပိလိန္ဒဝစ္ဆမထေရ်က "ဟဲ့သူယုတ် နင့်တောင်းထဲက ဘာတွေလဲ"ဟု မေးသည်တွင် စိတ်ဆိုးပြီး "ကြွက်ချေးတွေ"ဟု ပြန်ပြောသောကြောင့် ပိတ်ချင်းသီးများ ကြွက်ချေးဖြစ်ကုန်လေ၏၊ မိတ်ဆွေတစ်ဦး၏အကြံပေးချက်အရ မထေရ်ကြီးထံသွား၍ ဝန်ချကန်တော့ရန် စီမံလေ၏။ "ဟဲ့ဒကာ ဘာတွေလဲ"ဟု မေးသည်တွင် "ပိတ်ချင်းသီးတွေပါဘုရား"ဟု လျှောက်ထားသည်နှင့်တပြိုင်နက် ကြွက်ချေးအားလုံး ပိတ်ချင်းသီးတွေ ပြန်ဖြစ်လေ၏။ **(အံ၊ ဋ္ဌ၊ ပ၊ ၂၁၇)**

## မကန်တော့၍မျောက်ဖြစ်

တစ်နေ့သ၌ ဂိဇ္ဈကုဋ်တောင်မှအဆင်း ချောက်တစ်ခုတွေ့၍ ခုန်ကူးမိသော ရှင်မဟာကစ္စည်း မထေရ်ကို ဝဿ ကာရပုဏ္ဏားကြီးက မျောက်နှင့်တူသည်ဟု ကဲ့ရဲ့ပြစ်မှားလေ၏။ မြတ်စွာဘုရားက "ကန်တော့လျှင်ကောင်းမည်၊ မကန်တော့လျှင် မျောက်ဖြစ်မည်"ဟု ဗျာဒိတ်စကားမိန့်ကြားသော်လည်း မာနခက်ခဲဖြင့် မကန်တော့ပဲနေ၍ သေသည့်အခါ ဝေဠုဝန်ဥယျာဉ်၌ မြင်းမြီးဆွဲမျောက်ကြီးဖြစ်လေ၏။ ဝဿကာရဟု အသံပြုလိုက်လျှင် ခေါ်သူ၏အနားသို့ရောက်လာတတ်၏။ အကြောင်းသိလူများက "အော်...ကျွန်ုပ်တို့အမတ်ချုပ်ကြီးက ဒီမှာရောက်နေတာကိုး"ဟုပြောသောအခါ လူ့ဘဝတုန်းကအဖြစ်အပျက်ကိုသတိရပြီး ရှက်လှချေရဲ့ဆိုကာ သူ၏မျက်ခွက်ကိုလက်ဖြင့်ဖုံးအုပ်ထားသောဟူ၏။ **(မ၊ ဋ္ဌ၊ ၄၊ နှာ၊ ၄၉)**

အထက်ပါအကျိုးအပြစ်ပြ ဝတ္ထုများကို သာဓကပြု၍ မပြစ်မှားသင့်, မပြစ်မှားထိုက်သော ပုဂ္ဂိုလ်များကို ကိုယ်,နှုတ်,စိတ်တို့ဖြင့် မပြစ်မှားမိစေရန် စောင့်စည်းချုပ်ထည်းရာ၏။

http://www,dhammadownload.com



## ငါးပါးသီလဆိုင်ရာဝတ္ထုများ

### ၁။ ဆိတ်သတ်၍ ငရဲကျ

ရှေးအခါက အိမ်ရှင်မတစ်ယောက်သည် မိမိအိမ်သို့အလည်လာသော မိတ်ဆွေအတွက် ချက်ပြုတ်ကျွေးမွေးရန် ဈေးသို့အမဲသားအဝယ်လွှတ်ရာ ဝယ်မရသောကြောင့် အိမ်နောက်ဖေး ခြံထဲတွင်မွေးမြူထားသော သိုး(ဆိတ်)ကလေးတစ်ကောင်ကို သတ်လျက် ချက်ပြုတ်ကျွေးမွေး၏၊ ထိုအကုသိုလ်ကံကြောင့် သေသောအခါ ဆိတ်မွေးနှင့်အမျှ ငရဲခံရလေ၏၊ ဆိတ်မွေးနှင့်အမျှ ဦးခေါင်းဖြတ်ခြင်းကို ခံရလေ၏၊ ထို့ကြောင့် သူတစ်ပါးတို့အား သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ရာ၏။ (ဓမ္မပဒ၊ ဌ၊ ပ၊ ၂၉၂)

### ၂။ ပြိတ္တာမများ

ရှေးအခါက ရာဇဂြိုဟ်မြို့မှ ဈေးသည်မ လေးဦးတို့သည် မိမိတို့ယောကျ်ားများအတွက် အလေးချိန်ခွင် စဉ်းလဲခြင်းဖြင့် ခိုး၍ကျွေးမွေးပြုစုကြ၏၊ ပစ္စည်းများစုဆောင်းပြီး အရွယ်ကောင်းတုံးမှာပင် သေကြ၍ အဒိန္နာဒါနကံကြောင့် ပြိတ္တာမများဖြစ်ကြရ၏၊ ၎င်းတို့ ကွယ်လွန်ပြီးနောက် မကြာမီမှာပင် ကျန်ရစ်သောယောကျ်ားတို့က နောက်မယားများယူကာ သူတို့ရှာဖွေစုဆောင်းထားခဲ့သောပစ္စည်းများဖြင့် အမြိန့်သား စည်းစိမ်ခံစားနေကြသည်ကိုမြင်ရသဖြင့် အခံရခက်ကာ ညအခါတွင် ရာဇဂြိုဟ်မြို့ရိုးပေါ်မှတက်၍ ဟစ်အော်ကြလေ၏။

(ပေတဝတ္ထု၊ ဌ၊ ၂၆ဝ)

### ငွေအာထမ်းပြိတ္တာကြီး

ရှေးအခါက တရားသူကြီးတစ်ဦးသည် အမှုသည်များထံမှ တံစိုးလက်ဆောင်ယူရာတွင် ပုန်းလျှိုးကွယ်လျှိုးယူ၍ တရားဆုံးဖြတ်

http://www,dhammadownload.com



လေ့ရှိ၏၊ လာဘ်ကိုငဲ့၍ အရှုံးအနိုင် စီရင်လေ့ရှိ၏၊ အမှုသည်များကို မနိုင်ဝန်ထမ်းစေခြင်းဖြင့် ဒဏ်ခတ်လေ့ရှိ၏၊ အဒိန္နာဒါန်သက်ရောက်သော ထိုအကုသိုလ်ကံကြောင့် သေသောအခါ ငရဲ၌နှစ်ပေါင်းများစွာ ခံရလေ၏၊ ငရဲမှလွတ်သော် ရာဇဂြိုဟ်မြို့အနီး ဂိဇ္ဈကုဋ်တောင်၌ဒေုးအု (ဥွေးအု)ထမ်းပြိတ္တာကြီး ဖြစ်ရလေ၏၊ ထိုင်သောအခါ ထိုဥ‌ေးအုကြီးကို ဖင်ခုထိုင်ရလေ၏၊ သွားသောအခါ ထိုပြိတ္တာကောင်ကြီး၏ပုခုံးပေါ်မှ ထမ်းသွားရသောဥ‌ေးအုကြီးကို သိန်း၊ စွန်၊ လင်းတ၊ ကျီးငှက်များက သံနှုတ်သီးဖြင့်ဝိုင်း၍ထိုးဆိတ်သောကြောင့် နာကျင်သောဝေဒနာကိုခံစားရလေ၏၊ ထို့ကြောင့် သူတစ်ပါးပစ္စည်းကို မတရားနည်းဖြင့် ယူဆောင်ခြင်း၊ ခိုးဝှက်ခြင်း မပြုရာ။

**(စတုတ္ထပါရာဇိကပါဠိ၊ ၁၄၆)**

## ၃။ ဒု-သ-န-သော

ရှေးအခါက သူဌေးသားလေးယောက်တို့သည် သူတစ်ပါး၏သား,သမီးများကို ဖျက်ဆီးကျူးလွန်၍ သေသောအခါ လောဟကုမ္ဘီ (ကြေးနီငရဲအိုး)၌ ကျရောက်လေ၏။ ကျိုက်ကျိုက်ဆူသော ဆားရေဖြင့် အမြုပ်ထလျက် အနှစ် သုံးသောင်းပတ်လုံးနစ်၍ အနှစ်သုံးသောင်းကြာမှတစ်ခါပေါ်ပြန်၏။ အထက်အောက် တစ်ကြိမ်လျှင် အနှစ်ခြောက်သောင်းကြာညောင်း၏၊ ငရဲအိုးမျက်နှာဝအပြင်သို့ ပေါ်လာသောအခါ ထိတ်လန့်ကြောက်ရွံ့ပြီး တစ်ဦးက(ဒု)၊ တစ်ဦးက(သ)၊ တစ်ဦးက(န)၊ တစ်ဦးက(သော) ဟူသော စကားတစ်လုံးစီမျှကိုသာ ရွတ်နိုင်ကြလေ၏။ အက္ခရာလေးလုံး၏အကျယ်ကို ပသေနဒီကောသလမင်းကြီး အား မြတ်စွာဘုရားက ရှင်းပြထားလေသည်။

**(စတုက္ကနိပါတ်၊ လောဟကုမ္ဘီဇာတ်၊ ဇာ၊ ၄၊ ၃၊ နှာ၊ ၄၁)**

http://www,dhammadownload.com



## ညီတော်အာနန္ဒာလောင်း ပန်းထိမ်သည်ဘဝ

ညီတော် အာနန္ဒာအလောင်းသည်ပန်းထိမ်သည်ဘဝဖြစ်စဉ်က သူတစ်ပါး၏သားသမီးကို ဖျက်ဆီးခဲ့၍ အောက်ပါအတိုင်း ဝဋ်ဆင်းရဲ၌ ကျင်လည်ခဲ့ရ၏။

| | |
|---|---|
| ၁။ ပထမဘဝ | ပန်းထိမ်သည်ဖြစ်၊<br>သူ့သားသမီးဖျက်ဆီး၊ |
| ၂။ ဒုတိယဘဝ | ကံတစ်ပါးထောက်ပံ့၍<br>သူဌေးသားဖြစ်၊ |
| ၃။ တတိယဘဝ | ကာမေသုမိစ္ဆာစာရကြောင့်<br>ရောရုဝရဲ၌ခံရ၊ |
| ၄။ စတုတ္ထဘဝ | ဆိတ်ထီးကြီးဖြစ်၊<br>လေးလံသောဝန်ကို ရုံးရ၊<br>ဝှေးစေ့အထုတ်ခံရ၊ |
| ၅။ ပဉ္စမဘဝ | မျောက်ဖြစ်၊<br>ဖခင်မျောက်ကြီးက ဝှေးစေ့ကို<br>ကိုက်သတ်ခံရ၊ |
| ၆။ ဆဋ္ဌဘဝ | နွားထီးကြီးဖြစ်၊<br>ဝှေးစေ့အထုခံရ၊ |
| ၇။ သတ္တမဘဝ | သူကြီးအိမ်၌<br>နပုံးပဏ္ဍုက်ဖြစ်၊ |
| ၈။ အဋ္ဌမဘဝမှ ဒွါဒသမဘဝအထိ | (သိကြားမင်းမိဖုရားလေးကြိမ်၊<br>ဇဝနနတ်၏မိဖုရား တစ်ကြိမ်)<br>နတ်မိဖုရားငါး ကြိမ်ဖြစ်ရ၊ |

http://www,dhammadownload.com



၉။ တောရသမဘာဝ — မိခိလာပြည် အင်္ဂတိမင်းကြီး၏သမီး ရုစာဒေဝီဖြစ်၊

၁၀။ စုဒ္ဒသမဘာဝ — တာဝတိံသာ၌နတ်သားဖြစ်၊ ထိုအခါမှ ကာမေသုမိစ္ဆာစာရ အကျိုးဆက်လွတ်ကင်းရသည်၊

မိစ္ဆာစာရ အကျိုးဆက်လွတ်ကင်းရသည်။

**(နာရဒဇာတ်တော်ကြီး)**

## ဆောင်ပုဒ်

ပန်းထိမ်ခေါ်ရေး၊ သင့္ဌေးသားနောက်၊ ရောရုရောက်၍၊
ဆိတ်,မျောက်,နွားစစ်၊ နပုံးဖြစ်လတ်၊ နတ်မိဖုရား၊
ငါးကြိမ်ဖြစ်ခါ၊ ရုစာနတ်သား၊
ဆယ့်လေးပါးသည်၊ ညီဘွားအာနန် ဖြစ်ရချက်။ **(သံဝေဂဝတ္ထုဒီပနီမှ)**

အထက်ပါဝတ္ထုတို့ကို ထောက်ထား၍ ကာမေသုမိစ္ဆာစာရကံ၏ စက်ဆုပ်ဖွယ်ကောင်းပုံကို သံဝေဂယူပြီး မပြုမိအောင် ရှောင်ကြဉ်ကြရာ၏။

## ၄။ မုသားရပြိတ္တာ

ကုန်သည်တစ်ယောက်သည် စပါးအညံ့နှင့်အကောင်းကိုရော၍ လိမ်လည်ရောင်းသောကြောင့် မီးပြိတ္တာဖြစ်ရ၏၊ သူ၏သားဖြစ်သူသည် မိခင်၏ဦးခေါင်းကို ရိုက်သောကြောင့် တင်းပုတ်အထုခံပြိတ္တာဖြစ်ရ၏၊ ချွေးမဖြစ်သူသည် အများအတွက်ထားသော အစားအစာကို မသိအောင်စားတတ်ပြီး လိမ်ညာပြောတတ်သောကြောင့် ကိုယ့်ကျောသားကို ကုတ်ဖဲ့စားရသော ပြိတ္တာဖြစ်ရလေ၏၊ ကုန်သည်၏မယားမှာ ပစ္စည်းများရှိပါလျက် သူတပါးကမေးသောအခါ မရှိပါဟု လိမ်လည်ပြောသောကြောင့် သေသောအခါ မစင်စားပြိတ္တာ ဖြစ်ရ၏။

http://www,dhammadownload.com



ဤဝတ္ထုကိုထောက်၍ မုသာဝါဒကံ၏ စက်ဆုပ်ရွံရှာဖွယ်ကောင်းပုံ ကိုသံဝေဂယူပြီး မပြုမိအောင် ရှောင်ကြဉ်ကြရာ၏။

**(ပေတဝတ္ထု၊ ၄၊ ၁၇၆)**

## ၅။ မူးယစ်သေစာကြောင့် ဘဝနစ်မွန်းရသူများ

သိကြားဟောင်းရာထူးပြုတ်၍ အသူရာဖြစ်ရခြင်း၊ တပင်ရွှေထီးဘုရင် ရန်သူလက်ချက်ဖြင့် သေရခြင်း၊ အင်းဝမင်းခေါင်ကြီး၏ သား မင်းရဲကျော်စွာ ဆင်ပေါ်မှကျ၍ သေရခြင်း၊ ဓမ္မဇေဓာတ်၌ ဖခင်ဘုရင်ကြီးက ရင်သွေးကိုသတ်၍ စားမိခြင်း၊ အရှင်သာဂတမထေရ် ရွာတံခါးဝတွင် မှောက်ရက်လဲ၍ အရက်ကွဲရခြင်း စသည်တို့မှာအရက်၏ ဆိုးကျိုးများပင်ဖြစ်သည်၊ ဤသာဓကများကိုရှု၍ အရက်၏ ကောင်းကျိုးမပေးပုံကို သင်ခန်းစာယူ၍ရှောင်ကြဉ်ကြ၏။

### ဒုစရိုက် ဆယ်ပါး

**၁။ ပါဏာတိပါတ** = သူတစ်ပါးအသက် သတ်ခြင်း။

**၂။ အဒိန္နာဒါန** = သူတစ်ပါးဥစ္စာ ခိုးခြင်း။

**၃။ ကာမေသုမိစ္ဆာစာရ** = ကာမဂုဏ်တို့၌ မှားယွင်းစွာကျင့်ခြင်း (သူ့သားသမီး ဖျက်ဆီး)။

*(ဤသုံးပါးမှာ **ဒုစရိုက်ကာယကံသုံးပါး** ဖြစ်သည်)*

**၄။ မုသာဝါဒ** = မဟုတ်မမှန်ပြောခြင်း။

**၅။ ပိသုဏာဝါစာ** = ကုန်းတိုက်ခြင်း။

**၆။ ဖရုသဝါစာ** = အယုတ်တမာ ဆဲရေးခြင်း။

**၇။ သမ္ဖပ္ပလာပဝါစာ** = အနှစ်မဲ့သောစကားကိုပြောခြင်း။

*(ဤလေးပါးမှာ **ဒုစရိုက်ဝစီကံလေးပါး** ဖြစ်သည်)*

**၈။ အဘိဇ္ဈာ** = သူတစ်ပါးစည်းစိမ်ကို မတရား ကြံစည်ခြင်း။

http://www,dhammadownload.com



၉ ။ ဗျာပါဒ = သူတစ်ပါးပျက်စီးအောင် ဖျက်ဆီးခြင်း။
၁၀ ။ မိစ္ဆာဒိဋ္ဌိ = အယူမှားခြင်း။

*(ဤသုံးပါးမှာ **ဒုစရိုက်မနောကံသုံးပါး** ဖြစ်သည်)*

ဤဒုစရိုက် ၁၀–ပါးကို အကုသလကမ္မပထတရားဟုခေါ်၏၊ အပါယ်ရောက်ကြောင်း မကောင်းသောလမ်းခရီးဖြစ်သော အကုသိုလ်ကံများဟုမှတ်သားရပါမည်။

(ဒု = မကောင်းသော + **စရိတ** = အကျင့်၊
မကောင်းသောအကျင့်ကို **ဒုစရိုက်** ဟု ခေါ်သည်)

## သုစရိုက် ဆယ်ပါး

**၁ ။ ပါဏာတိပါတဝိရတိ** = သူတစ်ပါးအသက်ကိုမသတ်ခြင်း။
**၂ ။ အဒိန္နာဒါနဝိရတိ** = သူတစ်ပါးဥစ္စာကို မခိုးခြင်း။
**၃ ။ ကာမေသုမိစ္ဆာစာရဝိရတိ** = ကာမဂုဏ်တို့၌မှားယွင်းစွာ မကျင့်ခြင်း။

*(ဤသုံးပါးမှာ **သုစရိုက်ကာယကံသုံးပါး** ဖြစ်သည်)*

**၄ ။ မုသာဝါဒဝိရတိ** = မဟုတ်မမှန်တာကို မပြောခြင်း၊
**၅ ။ ပိသုဏာဝါစာဝိရတိ** = ကုန်းမတိုက်ခြင်း၊
**၆ ။ ဖရုသဝါစာဝိရတိ** = အယုတ်တမာ မဆဲရေးခြင်း၊
**၇ ။ သမ္ဖပ္ပလာပဝိရတိ** = အနှစ်မဲ့စကားကို မပြောဆိုခြင်း၊

*(ဤလေးပါးမှာ **သုစရိုက်ဝစီကံလေးပါး** ဖြစ်သည်)*

**၈ ။ အနဘိဇ္ဈာ** = သူတစ်ပါးစည်းစိမ်ကို မတရားမကြံစည်ခြင်း၊
**၉ ။ အဗျာပါဒ** = သူတစ်ပါးကို မဖျက်ဆီးခြင်း၊
**၁၀ ။ သမ္မာဒိဋ္ဌိ** = အယူမှန်ကန်ခြင်း၊

(ဤသုံးပါးမှာ ***သုစရိုက်မနောကံသုံးပါး*** ဖြစ်သည်)

http://www,dhammadownload.com



ဤသုစရိုက် ၁၀ ပါးကို ကုသလကမ္မပထတရားဟုခေါ်၏၊ သုဂတိရောက်ကြောင်း ကောင်းသော လမ်းခရီးဖြစ်သော ကုသိုလ်ကံများဟု မှတ်သားရပါမည်။

(**သု** = ကောင်းသော+**စရိတ** = အကျင့်။ ကောင်းသောအကျင့်ကို **သုစရိုက်** ဟုခေါ်သည်။)

## ဒုစရိုက် ဆယ်ပါး ဆောင်ပုဒ်ကဗျာ

**၁။** သက်သတ်ခိုးမှု၊ ကာမေသု၊
သုံးခု ကာယကံ။

**၂။** မုသားဆိုပြော၊ ကုန်းချောရန်တိုက်၊ အမိုက်အမဲ၊ ဆဲရေး, ခြောက်ခြိမ်း၊ အပြိန်းစကား၊ နေ့စဉ်ပွား၊
လေးပါး ဝစီကံ။

**၃။** သူ့စည်းစိမ်ကို ငါပိုင်လိုမှု၊ သူ့သက်ဇီဝေ၊ သေစေချင်ဟူ၊ အယူမှောက်မှား၊ နေ့စဉ်ပွား၊
သုံးပါး မနောကံ။

## သုစရိုက် ဆယ်ပါး ဆောင်ပုဒ်ကဗျာ

**၁။** သက်သတ် ခိုးမှု၊ ကာမေသု၊
ရှောင်မှုသုံးတန် ကာယကံ။

**၂။** မုသားဆိုပြော၊ ကုန်းချောရန်တိုက်၊ အမိုက်အမဲ၊ ဆဲရေး ခြောက်ခြိမ်း၊ အပြိန်းစကား၊
ဤလေးပါး၊ ရှောင်ငြား ဝစီကံ။

**၃။** သူ့စည်းစိမ်ကို၊ တည်စေလိုမှု၊ သူ့သက်ဇီဝေ၊ ရှည်စေချင်ဟူ၊ အယူဖြောင့်ငြား၊
ဤသုံးပါး၊ မှတ်သား မနောကံ။

**မှတ်ချက် ။ ကလေးအရွယ်နှင့်လိုက်ရုံ သင်ပြရပါသည်၊ ပိုမိုပြည့်စုံအောင် လေ့လာကြပါဦး။**

http://www,dhammadownload.com



## ဒုစရိုက်နှင့်သုစရိုက် လေးဆယ်စီ မြောက်ပွားပုံ

### ဒုစရိုက်

ဒုစရိုက် ၁၀–ပါး ကို တည်၊
ကိုယ်တိုင် ပြုခြင်း၊ တိုက်တွန်းခြင်း၊ ချီးမွမ်းခြင်း၊ အလိုတူခြင်း လေးမျိုး
နှင့် မြှောက်
ဒုစရိုက် ၄၀–ဖြစ်၏။

### သုစရိုက်

သုစရိုက် ၁၀–ပါး ကို တည်၊
ကိုယ်တိုင်ပြုခြင်း၊ တိုက်တွန်း ခြင်း၊ ချီးမွမ်းခြင်း၊ အလိုတူခြင်း လေးမျိုး
နှင့် မြှောက်
သုစရိုက် ၄၀–ဖြစ်၏။

► ကိုယ်တိုင်တိုက်တွန်း၊ ချီးမွမ်းစိတ်တူ၊
ပွားပြန်မူ၊ မှတ်ယူလေးဆယ်ကာံ။

### ဒုစရိုက်နှင့် ဆုတ်ကပ်သော

**သက်တမ်း** **ဖြစ်ပေါ်သော ဒုစရိုက်အမည်**

၈ – သောင်း တွင် .. ပါဏာတိပါတ၊ အဒိန္နာဒါန (သတ်+ခိုး)၊
၂–ပါး ပေါ်သည်။

၄ – သောင်း တွင် .. မုသာဝါဒ(လိမ်လည်မှု)ထပ်တိုးသည်၊
၃–ပါး။

၂ – သောင်း တွင် .. ပိသုဏာဝါစာ (ကုန်းတိုက်)ထပ်တိုးသည်၊
၄–ပါး၊

၁ – သောင်း တွင် .. ကာမေသုမိစ္ဆာစာရ (ပြစ်မှားမှု)ထပ်တိုးသည်၊
၅–ပါး

http://www,dhammadownload.com



၅ – ထောင် တွင် .. **ဖရုသဝါစာ** နှင့် **သမ္ဖပ္ပလာပ**(ကြမ်းတမ်းစွာ ပြောဆိုခြင်းနှင့် အနှစ်မဲ့စကားပြောဆိုခြင်း) ထပ်တိုးသည်၊
၇–ပါး

၂ – ထောင် တွင် .. **အဘိဇ္ဈာနှင့်ဗျာပါဒ** (မတရားလိုချင်မှုနှင့် ဖျက်ဆီးမှု)တိုး၊
၉–ပါး၊

၁ – ထောင် တွင် .. **မိစ္ဆာဒိဋ္ဌိ** (အယူမှား)တိုးသည်၊
၁၀–ပါးစုံပြီ။

၅ – ရာ တွင် .. **အဓမ္မရာဂ၊ ဝိသမလောဘ၊ မိစ္ဆာဓမ္မ** (မတရားတပ်မက်ခြင်း၊ မမျှတသောအလို၊ မှုမမှန်သောရာဂ) တရားဆိုးသုံးပါး ထွန်းကားစပြုလာသည်။

၂ – ရာ တွင် .. အမိ၊ အဖ၊ ရဟန်း သူတော်ကောင်းနှင့် ကြီးသူတို့အပေါ် ကျင့်ဝတ်များ ပျက်ကွက်စပြုလာသည်။ အနှစ်တစ်ရာအထိ ဆုတ်။

၁ – ရာ တွင် .. နှစ်တစ်ရာမှနောက်သုစရိုက်တရားများ ဆုတ်ယုတ်ပြီး၊ ဒုစရိုက်တရားများ တိုးပွားလာ၍ ဆယ်နှစ်တမ်းအထိ ဆုတ်သွားမည်။ ၅–နှစ်အရွယ် အိမ်ထောင်ပြုကြမည်။

## ဆောင်ပုဒ်

ရှစ်သောင်းအာယု၊ အ,စပြု၍၊ ပါ–မု–ပိ–ကာ၊ ဖ–ဘိဇ်–ဗျာနှင့်၊ မိစ္ဆာသုံးငါး၊ အကုပွား၍၊ လျော့ပါးထက်ဝက်၊ ၉–ဆင့်ပျက်သည်၊ အသက်ရာတမ်းရောက်သတည်း။

http://www,dhammadownload.com



## သုစရိုက်နှင့် တက်ကပ်သဘော

၁၀–နှစ်တမ်းတွင် သတ္တန္တရကပ် ဘေးဆိုးကြီးမှ လွတ်မြောက်လာသူတို့အချင်းချင်း တွေ့ဆုံကြသောအခါ သံဝေဂကြီးစွာရ၍ ပါဏာတိပါတအမှုကိုရှောင်သောကြောင့် ၁၀–နှစ်သက်တမ်းမှ အနှစ် ၂၀–အထိ သက်တမ်းတိုးလာသည်။ ၂၀ မှ ၄၀*၈၀*၁၆၀*၃၂၀*၆၄၀*၂၀၀၀*၄၀၀၀*၈၀၀၀*၂၀၀၀၀ *၄၀၀၀၀*၈၀၀၀၀ အထိ အဆင့်ဆင့်တိုးလာသည်။ တက်ကပ်ကာလ၌ သုစရိုက်တရား ထွန်းကားလာသောကြောင့် သောကဗျာပါဒ နည်းပါးပြီး ချမ်းသာသုခ ပြည့်ဝစွာ နေထိုင်ကြရသည်။

### ဆောင်ပုဒ်

ဆယ်နှစ်တမ်းမှ၊ တဖန်စ၍၊ ကမ္ဘပထာ၊ ကုဆယ်ဖြာနှင့်၊
သုံးဖြာငါးမျိုး၊ ကုသိုလ်တိုး၍၊ တပိုးပြန်လျက်၊
ဆယ့်နှစ်ဆင့်တက်သည်၊ အသက်ရှစ်သောင်း၊ ရောက်လိမ့်သတည်း။

**ရှင်းလင်းချက်** ။ ။ "မိစ္ဆာသုံးငါး၊ အကုပွား"ဆိုရာ၌ ၃–အရ အဓမ္မရာဂ၊ ဝိသမလောဘနှင့် မိစ္ဆာဓမ္မ ဤ ၃–ပါးကိုယူရသည်။ ၅–အရ မိဝတ်၊ ဖဝတ်၊ ရဟန်းဝတ်၊ သူတော်ကောင်းဝတ်၊ ကြီးသူကျင့်ဝတ်များ ပျက်ကွက်မှုကို ယူရသည်။ "သုံးဖြာငါးမျိုး ကုသိုလ်တိုး"ဆိုရာ၌ အထက်ဖော်ပြပါ အကုသိုလ်သုံးပါးနှင့်ကျင့်ဝတ်ငါးပါးမှ ရှောင်ကြဉ်ခြင်းကိုဆိုသည်။

## ဒုစရိုက်၏ အပေါ့ဆုံးအပြစ်

**၁။ ပါဏာတိပါတ** ၏ အပေါ့ဆုံးအပြစ်ကား အသက်တို၏။
**၂။ အဒိန္နာဒါန** ၏ အပေါ့ဆုံးအပြစ်ကား ဥစ္စာပျက်စီး၏။
**၃။ ကာမေသုမိစ္ဆာစာရ** ၏ အပေါ့ဆုံးအပြစ်ကား ရန်များ၏။

http://www,dhammadownload.com



၄။ **မုသာဝါဒ** ၏အပေါ့ဆုံးအပြစ်ကား စွပ်စွဲခံရတတ်၏။
၅။ **ပိသုဏာဝါစာ** ၏အပေါ့ဆုံးအပြစ်ကား မိတ်ပျက်တတ်၏။
၆။ **ဖရုသဝါစာ** ၏အပေါ့ဆုံးအပြစ်ကား မနှစ်သက်ဖွယ်အသံထွက်၏။
၇။ **သမ္ဖပ္ပလာပ** ၏အပေါ့ဆုံးအပြစ်ကား မိမိစကား သူများမယုံတတ်။
► **သုရာမေရယ** ၏အပေါ့ဆုံးအပြစ်ကား အရူးဖြစ်တတ်၏။

ဤသည်တို့မှာ ဒုစရိုက်ကံ၏အသေးငယ်ဆုံး (အပေါ့ဆုံး) အပြစ်များတည်း၊ သေလွန်သော် ဒုစရိုက်ကံ၏ဆိုးကျိုးအပြစ်ကား ငရဲတိရစ္ဆာန်ပြိတ္တာဖြစ်ရတတ်သည်။

**(အင်္ဂုတ္တိုရ်၊ ဒုစ္စရိတ ဝိပါကသုတ်)**

## လယ်တီဆရာတော်၏ ဆုံးမစာ

၁။ ဘုရား, တရား, သံဃာ၊ ရတနာကို၊ မခြားနေ့ည၊ ရှိဦးချ။
၂။ သရဏဂုံ၊ သုံးပါးစုံကို၊ ခိုလှုံအမြဲ၊ နေ့ညစွဲ။
၃။ သီလငါးပါး၊ လူ့တရားကို၊ မမှားစေမှု၊ အလေးပြု။
၄။ မိဘဘိုးဘွား၊ ကြီးသူများကို၊ လေးစားသမှု၊ ဂရုပြု။
၅။ မြွေဆိုး,ကျားဆိုး၊ ဘီလူးဆိုးကို၊ မတိုးဝံ့ငြား၊ ဝေးစွာရှားသို့၊ ငါးပါးသီလ၊ မရှိကြသူ၊ လူမသူတော်၊ လူပျက်ချော်ကို၊ အဖော်မပြု၊ ဝေးစေမှု။
၆။ ခနေပေါမှု၊ ကုသိုလ်ပေါရာ၊ ပညာပေါငြား၊ ပေါသုံးပါးကို၊ မနားမနေ ကြိုးစားလေ။

http://www,dhammadownload.com



## နှိုင်းယှဉ်ချက်နိဂုံး

ငါးပါးသီလပျက်စီးသူသည်

(က) အသက်ရှင်လျက် သေသူမည်၏။

(ခ) အမှိုက်သဖွယ် စွန့်ပစ်အပ်သောသူ မည်၏။

(ဂ) အနံ့မကောင်းသော အကောင်ပုပ်နှင့် တူ၏။

(ဃ) ဦးခေါင်းမရှိသော သူနှင့်တူ၏။

# အခန်း (၄)

## မင်္ဂလာသင်္ခန်း မိုးချုပ်ချုပ်

### မင်္ဂလသုတ်

### ပါဠိနှင့်မြန်မာပြန်

#### မင်္ဂလာအာမြွက်

**ယံ မင်္ဂလံ ဒွါဒသဟိ၊ စိန္တယိံသု သဒေဝကာ။**

**သောတ္ထာနံ နာဓိဂစ္ဆန္တိ၊ အဋ္ဌတိံသဥ္စ မင်္ဂလံ။**

နတ်နှင့်တကွသော လူတို့သည် ဆယ့်နှစ်နှစ်တိုင်အောင် ကြံစည်တွေးတောပါသော်လည်း မင်္ဂလာတရား၏အဓိပ္ပာယ်ကို မသိနိုင်ကြကုန်၊ မင်္ဂလာတရားသည် အရေအတွက် ၃၈–ပါး ရှိ၏၊ မင်္ဂလာတရားသည် ကြီးပွားခြင်း၏ အကြောင်းဖြစ်၏။

**ဒေသိတံ ဒေဝဒေဝေန၊ သဗ္ဗပါပ ဝိနာသနံ။**

**သဗ္ဗလောက ဟိတတ္ထာယ၊ မင်္ဂလံ တံ ဘဏာမ ဟေ။**

နတ်တကာတို့ထက်မြတ်သော ဝိသုဒ္ဓိနတ် ဘုရားမြတ်သည် သတ္တဝါအားလုံးတို့၏အကျိုးစီးပွားအလို့ငှာ မင်္ဂလာတရားကို ဟောတော်မူခဲ့ပါသည်၊ မကောင်းမှုအားလုံးကို ပယ်ဖျောက်တတ်သောကြောင့် မင်္ဂလာဟုခေါ်ပါသည်၊ အို သူတော်ကောင်းတို့ ထိုမင်္ဂလာတရားကို ကျွန်ုပ်တို့ ရွတ်ဖတ်ကြပါကုန်စို့။

#### မင်္ဂလာနိဒါန်း

**ဧဝံ မေ သုတံ၊ ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထ ပိဏ္ဍိကဿ အာရာမေ။ အထ ခေါ အညတရာ ဒေဝတာ အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တဝဏ္ဏာ**

http://www,dhammadownload.com



**ကေဝလကပ္ပံ ဇေတဝနံ ဩဘာသေတွာ ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ အဋ္ဌာသိ၊ ဧကမန္တံ ဌိတာခေါ သာ ဒေဝတာ ဘဂဝန္တံ ဂါထာယ အဇ္ဈဘာသိ။**

အကျွန်ုပ်အာနန္ဒာသည် မင်္ဂလာတရားတော်ကို မြတ်စွာဘုရား၏ ရှေ့မှောက်တော်မှ ဤသို့ ကြားနာမှတ်သားခဲ့ရပါသည်၊ အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သဌေးဆောက်လုပ်လှူဒါန်းသော ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူပါသည်။ ထိုအခါ မထင်ရှားသော နတ်သားတစ်ယောက်သည် သန်းခေါင်ယံအချိန်၌ မြတ်စွာဘုရားရှိရာသို့ ချဉ်းကပ်လာပါသည်၊ ဇေတဝန်တစ်ကျောင်းလုံး နတ်သား၏ကိုယ်ရောင်ကိုယ်ဝါဖြင့် ထွန်းလင်းတောက်ပနေပါသည်။ မြတ်စွာဘုရားရှိရာသို့ ချဉ်းကပ်လာသောနတ်သားသည် သင့်လျော်ရာအရပ်၌ မတ်တပ်ရပ်လျက် မြတ်စွာဘုရားကို ရိုသေစွာ ရှိခိုးပြီးလျှင် ဂါထာဖြင့် ဤသို့ မေးလျှောက်လေသည်။

### မင်္ဂလာတရားတောင်း

**ဗဟူဒေဝါ မနုဿာ စ၊ မင်္ဂလာနိ အစိန္တယုံ။**
**အာကင်္ခမာနာ သောတ္ထာနံ၊ ဗြူဟိ မင်္ဂလ မုတ္တမံ။**

ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား များစွာကုန်သော နတ်နှင့်လူတို့သည် စင်ကြယ်သောနိဗ္ဗာန်ချမ်းသာကို လိုချင်တောင့်တကုန်၍ မင်္ဂလာတရားတော်ကို ၁၂–နှစ်ကြာမျှ ကြံစည်တွေးတောပါသော်လည်း မသိနိုင်ကြပါကုန်၊ ထိုမင်္ဂလာတရားကို ရှင်းလင်းဟောကြားပေးသနားတော်မူပါဘုရား။

http://www,dhammadownload.com



## ၃၈ - ဖြာမင်္ဂလာတရားတော်

### ၁။ ပေါင်းသင်းဆက်ဆံရေး မင်္ဂလာ သုံးပါး

၁။ အသေဝနာ စ ဗာလာနံ = လူဆိုး, လူမိုက်ကို မမှီဝဲမပေါင်းသင်းရခြင်း၊

၂။ ပဏ္ဍိတာနဉ္စ သေဝနာ = ပညာရှိ,လူလိမ္မာကို မှီဝဲပေါင်းသင်းရခြင်း၊

၃။ ပူဇာစ ပူဇနေယျာနံ = ပူဇော်ထိုက်သောသူတို့ကို ပူဇော်ရခြင်း၊

ဧတံမင်္ဂလမုတ္တမံ = ဤသုံးပါးသည် မြတ်သောမင်္ဂလာမည်၏။

### ၂။ နေရေးထိုင်ရေးမင်္ဂလာ သုံးပါး

၄။ ပတိရူပ ဒေသဝါသော စ = သင့်လျော်သောအရပ်၌နေရခြင်း၊

၅။ ပုဗ္ဗေစ ကတပုညတာ = ရှေး၌ပြုဖူးသောကောင်းမှု အထူးရှိခြင်း၊

၆။ အတ္တသမ္မာပဏိဓိ စ = မိမိ၏ ကိုယ်, စိတ်နှစ်ပါးကို စောင့်ထိန်းခြင်း၊

ဧတံမင်္ဂလမုတ္တမံ = ဤသုံးပါးသည် မြတ်သောမင်္ဂလာမည်၏။

### ၃။ သင်ကြားရေး မင်္ဂလာ လေးပါး

၇။ ဗာဟုသစ္စဉ္စ = လောကီလောကုတ် အကြားအမြင်များခြင်း၊

၈။ သိပ္ပဉ္စ = စက်မှု, လက်မှုအတတ်တို့ကို တတ်ရခြင်း၊

၉။ ဝိနယောစ သုသိက္ခိတော = လူနှင့်ဆိုင်ရာ ကျင့်ဝတ်များကို ကောင်းစွာသင်ကြား နားလည်ခြင်း၊

http://www,dhammadownload.com



၁၀။ သုဘာသိတာစ ယာဝါစာ = အပြောအဆို ချိုသာယဉ်ကျေးခြင်း၊

တော်မင်္ဂလမုတ္တမံ = ဤလေးပါးသည် မြတ်သောမင်္ဂလာမည်၏။

## ၄။ ပြုစုရေးမင်္ဂလာ သုံးပါး

၁၁။ မာတာပိတု ဥပဋ္ဌာနံ = မိဘနှစ်ပါးကို လုပ်ကျွေးပြုစုခြင်း၊

၁၂။ ပုတ္တဒါရဿ သင်္ဂဟော = သား, မယားတို့ကို တရားနှင့်အညီ လုပ်ကျွေးခြင်း၊

၁၃။ အနာကုလာစ ကမ္မန္တာ = အနှောက်အရှက် ကင်းသော အလုပ်ကို လုပ်ကိုင်ခြင်း၊

တော်မင်္ဂလမုတ္တမံ = ဤသုံးပါးသည် မြတ်သောမင်္ဂလာမည်၏။

## ၅။ လိုက်နာကျင့်သုံးရေးမင်္ဂလာ လေးပါး

၁၄။ ဒါနဥ္စ = စွန့်ကြဲပေးကမ်းလှူဒါန်းခြင်း၊

၁၅။ ဓမ္မစရိယာ = သုစရိုက်တရားကိုကျင့်ခြင်း၊

၁၆။ ဉာတကာနဥ္စသင်္ဂဟော = ဆွေမျိုးတို့အား ထောက်ပံ့ကူညီခြင်း၊

၁၇။ အနဝဇ္ဇာနိ ကမ္မာနိ = အပြစ်ကင်းသောအမှုတို့ကိုပြုရခြင်း၊

တော်မင်္ဂလမုတ္တမံ = ဤလေးပါးသည် မြတ်သောမင်္ဂလာမည်၏။

## ၆။ ရှောင်ကြဉ်ရေးမင်္ဂလာ လေးပါး

၁၈။ အာရတိ = မကောင်းမှုမဖြစ်အောင် စိတ်ဖြင့် ရှောင်ခြင်း၊

၁၉။ ဝိရတိပါပါ = မကောင်းမှုမဖြစ်အောင် ကိုယ်,နှုတ် ဖြင့်ရှောင်ခြင်း၊

၂၀။ မဇ္ဇပါနာစ သံယမော = မူးယစ်သေစာ မသောက်စားခြင်း၊

၂၁။ အပ္ပမာဒေါစ ဓမ္မေသု = ကုသိုလ်တရားတို့၌ မမေ့မလျော့ခြင်း၊

တော်မင်္ဂလမုတ္တမံ = ဤလေးပါးသည် မြတ်သောမင်္ဂလာမည်၏။

http://www,dhammadownload.com



## ၇။ စိတ်ထားရေးမင်္ဂလာ ငါးပါး

၂၂။ ဂါရဝေါစ = ရိုသေထိုက်သောသူတို့ကို ရိုသေရခြင်း၊
၂၃။ နိဝါတောစ = မိမိကိုယ်ကို နှိမ့်ချရခြင်း၊
၂၄။ သန္တုဋ္ဌီစ = ရောင့်ရဲလွယ်ခြင်း(လောဘအပို, အလို မလိုက်ခြင်း)၊
၂၅။ ကတညုတာ = သူတစ်ပါးကျေးဇူးကိုသိခြင်း၊
၂၆။ ကာလေနဓမ္မဿဝနံ = သင့်လျော်သောအခါ တရားနာခြင်း၊
ဧတံမင်္ဂလမုတ္တမံ = ဤငါးပါးသည် မြတ်သောမင်္ဂလာမည်၏။

## ၈။ သည်းခံရေးမင်္ဂလာ လေးပါး

၂၇။ ခန္တီစ = သည်းခံရခြင်း၊
၂၈။ သောဝစဿတာ = ဆုံးမလွယ်ရခြင်း၊
၂၉။ သမဏာနဉ္စဒဿနံ = ရဟန်းသံဃာတို့အား ဖူးမြော် ရခြင်း၊
၃၀။ ကာလေနဓမ္မသာကစ္ဆာ = သင့်လျော်သောအခါ တရား ဆွေးနွေးခြင်း၊
ဧတံမင်္ဂလမုတ္တမံ = ဤလေးပါးသည် မြတ်သောမင်္ဂလာမည်၏။

## ၉။ ခြိုးခြံရေးမင်္ဂလာ လေးပါး

၃၁။ တပေါစ = ခြိုးခြံချွေတာခြင်း၊
၃၂။ ဗြဟ္မစရိယဉ္စ = မြတ်သောအကျင့်ကို ကျင့်ခြင်း (မေထုန်မှရှောင်ခြင်း)၊
၃၃။ အရိယသစ္စာနဒဿနံ = သစ္စာလေးပါးကိုသိခြင်း၊
၃၄။ နိဗ္ဗာန သစ္ဆိကိရိယာစ = နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း၊
ဧတံမင်္ဂလမုတ္တမံ = ဤလေးပါးသည် မြတ်သောမင်္ဂလာမည်၏။

http://www,dhammadownload.com



## ၁၀။ စိတ်ထား ရှိင်ခံ့ရေးမင်္ဂလာ လေးပါး

၃၅။ ဖုဋ္ဌဿ လောကဓမ္မေဟိ= လောကဓံတရားနှင့်တွေ့ကြုံသော အခါ၊

စိတ္တံ ယဿ န ကမ္ပတိ = စိတ်ဓာတ်မတုန်လှုပ်ခြင်း၊

၃၆။ အသောကံ = မစိုးရိမ်ခြင်း၊

၃၇။ ဝိရဇံ = ကိလေသာမြူကင်းခြင်း၊

၃၈။ ခေမံ = ဘေးကင်းခြင်း၊

ဧတံ မင်္ဂလမုတ္တမံ = ဤလေးပါးသည် မြတ်သောမင်္ဂလာမည်၏။

မှတ်ချက် ။ ။ ၁ မှ ၃၂ အထိ လောကီမင်္ဂလာ၊

ကျန် ၆ ပါး လောကုတ္တရာမင်္ဂလာ။

၁ မှ ၃၃ အထိ အကြောင်းမင်္ဂလာ၊

ကျန် ၅ ပါး အကျိုးမင်္ဂလာ ဟု မှတ်ပါ။

## မင်္ဂလာအကျိုးပြနိဂုံး

ဧတာဒိသာနိ ကတွာန၊ သဗ္ဗတ္ထ မပရာဇိတာ။

သဗ္ဗတ္ထ သောတ္ထိံ ဂစ္ဆန္တိ၊ တံ တေသံ မင်္ဂလမုတ္တမံ။

ဤသုံးဆယ့်ရှစ်ပါးသော မင်္ဂလာတရားတို့ကို လိုက်နာပြုကျင့်သောကြောင့် ရန်သူမှန်သမျှ အနိုင်မခံရ၊ အရပ်ဒေသအားလုံးတို့၌ ကြီးပွားချမ်းသာခြင်းသို့ ရောက်နိုင်၏။ ၃၈-ဖြာမင်္ဂလာတရားသည် နတ်, လူတို့အတွက် အမြတ်ဆုံးသော မင်္ဂလာမည်၏။

## မင်္ဂလာရှင်းတမ်း

၁။ မင်္ဂလာတရားဟောကြားသူ = မြတ်စွာဘုရား။

၂။ ဟောကြားသည့်နေရာ = သာဝတ္ထိပြည် ဇေတဝန်ကျောင်း။

၃။ ဟောကြားသည့်အချိန် = သန်းခေါင်ယံ။

၄။ ဟောရန်တောင်းပန်သူ = မထင်မရှားသော နတ်သား။

http://www,dhammadownload.com



| | |
|---|---|
| **၅။ ဟောရခြင်းအကြောင်း** | = မင်္ဂလာအငြင်းပွား၍ ဝိဝါဒငြိမ်းအေးစေရန်။ |
| **၆။ မင်္ဂလာအဖြေမှန်** | = မင်္ဂလသုတ္တန်ဖြင့်ညွှန်ပြ။ |
| **၇။ မင်္ဂလာအဓိပ္ပာယ်** | =မကောင်းမှုကိုပယ်ဖျောက်တတ်သောကြောင့်(မင်္ဂလာ)၊ ကြီးပွားတိုးတက်ခြင်း၏အကြောင်းဖြစ်သောကြောင့်(မင်္ဂလာ)။ |
| **၈။ အရေအတွက်** | = ၃၈-ပါး။ |
| **၉။ မင်္ဂလာစတင်ဖြန့်ဖြူးသူ** | = အရှင်အာနန္ဒာ။ |
| **၁၀။ မင်္ဂလာအကျိုး** | = ရန်သူအနိုင်မခံရ၊ ချမ်းသာ ကြီးပွား။ |
| **၁၁။ မင်္ဂလာနှုတ်ခွန်းဆက်** | = မင်္ဂလာပါခင်ဗျား(မင်္ဂလာပါရှင့်)။ |
| **၁၂။ မင်္ဂလာနှင့်ယဉ်ကျေးမှု** | = မင်္ဂလာတရားတော်နှင့် အညီ လိုက်နာ ကျင့်သုံးနေထိုင်ပါလျှင် လူ့ယဉ်ကျေးကလေးများ အမှန်မုချဖြစ်နိုင်ပါသည်။ |

► အကုသိုလ်ဖြတ်၊ ကုသိုလ်မြတ်၊ ခေါ်အပ်မင်္ဂလာ။

► တိုးတက်ကြီးပွား၊ ဤတရား၊ မှတ်သားမင်္ဂလာ။

## မင်္ဂလာအတ္ထုပ္ပတ္တိ သိမှတ်ဖွယ်ရာ

ဂေါတမမြတ်စွာဘုရား မပွင့်သေးမီအချိန်က ထိုခေတ်လူသားများအဖို့ အနှစ်သာရရှိသော အဖိုးတန်တရားစကားမျိုးကို မကြားဖူးချေ။ မင်္ဂလာဆိုတာဘာလဲ ဟူသော ပြဿနာတစ်ရပ်ပေါ်ပေါက်ခဲ့ဖူး၏၊ အမြင်ကောင်းကို မင်္ဂလာ၊ အကြားကောင်းကို မင်္ဂလာ၊ အတွေ့

http://www,dhammadownload.com



ကောင်းကို မင်္ဂလာဟူ၍ မိမိတို့ထင်ရာ မြင်ရာ ပြောဆို၍ ငြင်းခုံလာသည်မှာ ၁၂-နှစ်ကြာသွား၏။ အဖြေမှန်ကိုကား မသိရ၊ လူ,နတ်, ဗြဟ္မာမည်သူတစ်ဦးတစ်ယောက်မျှ မင်္ဂလာ၏အဓိပ္ပာယ်ကို မဖွင့်ဆိုနိုင်ကြ၊ ဂေါတမမြတ်စွာဘုရား ပွင့်ပေါ်လာမှ ဤပြဿနာ ငြိမ်းအေးတော့၏။ မင်္ဂလာအဓိပ္ပာယ်ကို သိခွင့်ရကြ၏။

## ကောလာဟလ ငါးမျိုး

၁။ ကပ္ပကောလာဟလ၊ ၂။ ဗုဒ္ဓကောလာဟလ၊

၃။ စက္ကဝတ္တိကောလာဟလ၊ ၄။ မင်္ဂလာကောလာဟလ၊

၅။ မောနေယျကောလာဟလ။

သိန်းမှာကမ္ဘာ၊ ထောင်မှာဘုရား၊ ရာကားစကြာ၊

မင်္ဂလာဆယ့်နှစ်နှစ်၊ ခုနစ်နှစ်မောနေယျ၊ ပိုင်းခြားပြ၊

ငါးဝကောလာဟလ၊

## သာဝတ္ထိ+ဇေတဝန်+အနာထပိဏ်

သဝတ္ထရသေ့၏နေရာဌာတည်ထောင်သော မြို့ဖြစ်၍ သာဝတ္ထိခေါ်၏။ တနည်းအားဖြင့် လူသုံးပစ္စည်းမှန်သမျှ အပြည့်အစုံရှိသောကြောင့် သာဝတ္ထိခေါ်၏။

ဇေတမင်းသား၏ ဥယျာဉ်ကိုဝယ်၍ ဆောက်လုပ်သောကျောင်းဖြစ်၍ ဇေတဝန်ကျောင်းခေါ်၏။ အနာထပိဏ်သဌေးကြီးက ၅၄-ကုဋေအကုန်ခံ၍ ဆောက်လုပ်သည်၊ ခိုကိုးရာမဲ့ ဆင်းရဲနွမ်းပါးသူတို့အား အစာအာဟာရ ဝေငှပေးကမ်းတတ်သည်ကိုစွဲ၍ အနာထပိဏ်ဟုလူတွေကခေါ်ကြသည်။ မိဘပေးသောအမည်ရင်းမှာ သုဒတ္တဖြစ်သည်။

http://www,dhammadownload.com



## ဟာလနှင့် ပဏ္ဍိတ

မကောင်းသုံးခု၊ ကြံပြောပြု၊ သိမှု လူမိုက်သာ။
အကောင်းသုံးခု၊ ကြံပြောပြု၊ သိမှု လူလိမ်မာ။

## ပူဇော်ထိုက်သူများ

ဘုရားပစ္စေကာ၊ မြတ်သံဃာနှင့်၊ ဆရာ, မိဘ၊ ယောက္ခမဆို၊ အကို,အမ၊ ဂုဏဝုဍ္ဍိ၊ သက်ကြီးဘိနှင့်၊ ကိုယ်၏လင်သား၊ ဆယ့်သုံးပါးကို၊ မမှားမှန်စွာ၊ ပူဇော်ရာသည်၊ မင်္ဂလာမောင်တို့သိဖွယ်တည်း၊ ( မင်္ဂလာမယ်တို့သိဖွယ်တည်း )

## ပဋိရူပအရပ်

ကုသိုလ်၊ ပညာ၊ ဥစ္စာ၊ ကျန်းမာမှု၊ ငြိမ်းချမ်းရေးတို့နှင့်ပြည့်စုံသော အရပ်မျိုးကို ပဋိရူပအရပ်ဟုမှတ်ရမည်။

## သမ္မတ္တစက် လေးပါး

မိတ်ကောင်းကိုရှာ၊ သင့်ရာနေအပ်၊ ပြုလတ်ကုသိုလ်၊ ကိုယ်ကိုစောင့်စည်း၊ စက်ကြီးလေးပါး၊ ပြည့်စုံငြား၊ မှတ်သားသမ္မတ္တိ။

**၁။** သပ္ပုရိသူပနိဿယစက်၊ **၂။** ပတိရူပဒေသဝါသစက်၊
**၃။** ပုဗ္ဗေစ ကတပုညတာစက်၊ **၄။** အတ္တသမ္မာပဏိဓိစက်။

## ဝိနည်း စည်းကမ်း နှစ်မျိုး

**၁။ အာဂါရိက ဝိနယ** = လူ့ဝိနည်း၊ လူ့စည်းကမ်း
**၂။ အနာဂါရိက ဝိနယ** = ရဟန်းဝိနည်း၊ ရဟန်းစည်းကမ်း

http://www,dhammadownload.com



## သုဘာသိတ စကားအင်္ဂါ လေးပါး

ကောင်းစွာပြောကြား၊ တရားနှင့်ယှဉ်၊ နားဝင်ချမ်းသာ၊
မှန်ရာ မြွက်လွယ်၊
ဤလေးသွယ်၊ နှုတ်ဝယ်ဂုဏ်အင်္ဂါ။

## မိဘကျေးဇူးဥပမာ

၁။ ဤမြေကြီးမှာ၊ ဝါးရွက်သာ၊ ပမာနှိုင်းဆိုရ၊
၂။ မြင်းမိုရ်တောင်မှာ၊ နွားချိုသာ၊ ပမာနှိုင်းဆိုရ၊
၃။ စကြဝဠာ၊ အပ်နဖားသာ၊ ပမာနှိုင်းဆိုရ၊
၄။ သမုဒ္ဒရာ၊ မိုးပေါက်သာ၊ ပမာနှိုင်းဆိုရ၊

- ► ကျေးဇူးမိဘ၊ အနန္တ၊ များလှဤပုံပြ၊
- ► မိဘကျေးဇူး၊ မြင်းမိုရ်ဦး၊ အထူးသိမှဆပ်လိုရ။

## သားသမီး သုံးမျိုး

ပုတ္တဒါရသင်္ဂဟမင်္ဂလာ၌ ပုတ္တအရ သားနှင့်သမီး ၂-မျိုးလုံးကို ယူရသည်။ ဒါရအရ အဂမနိယဝတ္ထုခေါ်သော မယား ၂၀-လုံးကို ယူရမည်။

**၁။ အတိဇာတသား,သမီး** = မိဘထက်
သီလ, သမာဓိ, ပညာ, အကျင့်
သာလွန်သူ။

**၂။ အနုဇာတသား,သမီး** = မိဘနှင့်
သီလ, သမာဓိ, ပညာ, အကျင့်
တူညီသူ။

http://www,dhammadownload.com



**၃။ အဝဇာတသား,သမီး** = မိဘအောက်
သီလ, သမာဓိ, ပညာ, အကျင့်
ညံ့ဖျင်းသူ။

## မယား ခုနစ်မျိုး

မယားခုနစ်မျိုး၊ ယိုမြဲရိုးတွင်၊ ခိုးသူအရှင်၊ သူသတ်သွင်သို့၊ အကြင်မယား၊ လား၏ငရဲ၊ အမြဲမှတ်ဘိ၊ အမိတမျှ၊ နှစ်မ မယွန်း၊ ခင်ပွန်းသဖွယ်၊ ကျွန်နှယ်လေးဖြာ၊ မယားမှာမူ၊ နိဗ္ဗာ နတ်ပြည်၊ လားကြောင်းမည်၏။ ယင်းသည်လေးသွယ်၊ မယားဝယ်လည်း၊ ကျွန်နှယ်အလား၊ ထိုမယားမူ၊ ယောကျ်ားဆုပန်၊ နိဗ္ဗာန်ဆုကောင်း၊ တောင်းကမလွတ်၊ မချွတ်တူညီ၊ ပြည့်မြဲမည်၏။

**(မဃဒေဝ၊ ပုဒ်ရေ၊ ၃၁၂။)**

## အနာကုလ = အနှောက်အယှက်ကင်း

အချိန်ကို လေးစားခြင်း၊ သင့်လျော်အောင်ဆောင်ရွက်ခြင်း၊ မပျင်းရိခြင်း၊ လုံ့လရှိခြင်း၊ မဖြုန်းတီးခြင်း ဤအချက်များနှင့် အညီဆောင်ရွက်သော လယ်လုပ်ကုန်သွယ် အမှုမျိုးကို အနာကုလကမ္မ ခေါ်သည်။

ချိန်ခါသိလင့်၊ သင့်အောင်ပြုခြင်း၊ မပျင်းမရိ၊ လုံ့လရှိလျက်၊
မပျက်စီးစေ၊ အလုပ်တွေ၊ ရှုပ်ပွေမရှိရာ။

## ဒါန သုံးမျိုး

**၁။ ဣဏဒါန** = ကြွေးသစ်ချခြင်း
(သားသမီးကို ကျွေးမွေးခြင်း)။

**၂။ မောက္ခဒါန** = ကြွေးဟောင်းဆပ်ခြင်း
(မိဘကို လုပ်ကျွေးပြုစုခြင်း)။

http://www,dhammadownload.com



၃။ နိမိဒါန = ရှေ့အိုးမြှုပ်ခြင်း (ကုသိုလ်ကောင်းမှုပြုခြင်း)။

## အနဝဇ္ဇကမ္မ = အပြစ်မရှိသောအမှု

ဥပုသ်စောင့်ခြင်း၊ ကုသိုလ်ရေး၌ ဝေယျာဝစ္စပြုခြင်း၊ သစ်ပင်စိုက်ခြင်း၊ တံတားဆောက်ခြင်း၊ ရေတွင်းရေကန်တူးခြင်း၊ ရေချမ်းစင်တည်ခြင်း၊ ဇရပ်ဆောက်ခြင်း၊ လမ်းပြင်ခြင်း စသောအမှု လုပ်ငန်းတို့ကို အနဝဇ္ဇကမ္မ (အပြစ်မရှိသောအမှု)ဟုဆိုရသည်။

## ဂါရဝနှင့်နိဝါတ

ဂါရဝသည် အထက်လူကြီးကိုရိုသေရ၍ ကိုယ်,နှုတ်ယဉ်ကျေးမှုနှင့် ဆိုင်၏။ နိဝါတသည် မိမိ၏မာန်မာနကို နှိမ်ချ၍ စိတ်ယဉ်ကျေးမှုနှင့် ဆိုင်၏။ မာန်မာနကိုနှိမ်ချရာ၌ ခြေသုတ်ပုဆိုး၊ မြွေစွယ်ကျိုးနှင့် ချိုကျိုးနွားလား သဘောထားရမည်။ ရိုသေခြင်းကြောင့် မျက်မှောက် ချီးမွမ်းခံရခြင်း၊ တမလွန်၌ သုဂတိရောက်ရခြင်းအကျိုး ၂-ပါးကိုရ နိုင်၏။ ဤကား တိတ္တိရဇာတ်အလိုတည်း၊ ပရိတ်ကြီးပါဠိ၌ အရ "သက်ရှည်၊ ဆင်းလှ၊ သုခ၊ ခွန်အား" အကျိုးလေးပါးကို ရနိုင်၏။

## ကတညုနှင့်ကတဝေဒီ

မေတ္တာရှေးဦး၊ ပြုပေဖူးကို၊ ကျေးဇူးသိမှု၊ ကတညူတည့်၊ ထိုသူထက်ပင်၊ ကျေးဇူးအင်ကို၊ ထင်ထင်မချွတ်၊ ပြောဆိုတတ်က၊ သူမြတ်မှန်လှ၊ ကတဝေဒီ၊ ဟူတုံပြီရှင့်။

(မဃ၆၁၀)

http://www,dhammadownload.com



## ကျေးငှက်သိခြင်းအကျိုး ဆယ်ပါး

၁။ အစားအစာပေါများခြင်း။

၂။ ရောက်ရာအရပ်၌ အပူဇော်ခံရခြင်း။

၃။ သူခိုး,ဓားပြ,အစိုးရတို့ အနှိပ်စက်မခံရခြင်း။

၄။ လူအများက နှစ်သက်လိုလားခြင်း။

၅။ ဂုဏ်ကျေးဇူးသတင်းကျော်စောခြင်း။

၆။ အခြံအရံပေါများခြင်း။

၇။ ဘုန်းကြက်သရေ တိုးပွားခြင်း။

၈။ အမြင့်မှကျသော်လည်း မှီရာတည်ရာရခြင်း။

၉။ ဆင်, မြင်း, ကျွဲ, နွား, လယ်ယာ, စပါး တိုးပွားခြင်း။

၁၀။ ရန်သူမထိပါးနိုင်ခြင်း။

(တေမိယဇာတ်တော်ကြီး)

## တရားနာခြင်းအကျိုး ငါးပါး

မကြားဘူးက၊ ကြားဖူးရခြင်း၊ ပြီးခြင်းစင်ကြယ်၊ ဖျောက်ပယ်ယုံမှား၊ ဖြောင့်ငြားအယူ၊ ကြည်ဖြူစိတ်ထား၊ ဤငါးပါးကို၊ တရားနာက၊ ရလေရ။

(သုံးပုံတံတားကျမ်း)

## သည်းမခံခြင်းအပြစ်နှင့်

## သည်းခံခြင်းအကျိုး

သည်းမခံသူ၊ ဖြစ်ပါမူကား၊ သူမချစ်ခင်၊ ရန်လျှင်တိုးပွား၊ အပြစ်များခဲ့၊ သေကားတွေဝေ၊ သေလျှင်အပါယ်၊ လားစဖွယ်တည်း၊ ငါးသွယ်အပြန်၊ ရမြဲမှန်သည်၊ သည်းခံသူဖို့ အကျိုးတည်း။

http://www,dhammadownload.com



## ရဟန်းသံဃာဖူးမြင်ရခြင်းအကျိုး

၁။ ဘဝတစ်ထောင် မျက်စိရောဂါကင်းခြင်း။

၂။ ပူပန်မှုငြိမ်းအေးခြင်း။

၃။ မျက်စိကြည်လင်၍ ရတနာဗိမာန်၌ဖွင့်ထားသော ပတ္တမြား ပြူတင်းပေါက်နှင့်တူခြင်း။

၄။ ကမ္ဘာတစ်သိန်းပတ်လုံး နတ်စည်းစိမ် ချမ်းသာကိုရခြင်း။

(သုတ္တနိပါတ်၊ ၄၊ ၂၊ ၃၂။)

## လောကဓံတရား ရှစ်ပါး

၁။ လာဘော = လာဘ်ရခြင်း။

၂။ အလာဘော = လာဘ်မရခြင်း။

၃။ ယသော = အခြံအရံများခြင်း။

၄။ အယသော = အခြံအရံ နည်းပါးခြင်း။

၅။ နိန္ဒာ = ကဲ့ရဲ့ခံရခြင်း။

၆။ ပသံသာ = ချီးမွမ်းခံရခြင်း။

၇။ သုခံ = ချမ်းသာခြင်း။

၈။ ဒုက္ခံ = ဆင်းရဲခြင်း။

## ဆရာကြီး ဒဂုံဦးထွန်းမြင့် ရေးဖွဲ့ထားသော

## သုံးဆယ့်ရှစ်ဖြာ မင်္ဂလာကဗျာများ

### ၁ - အသေဝနာ စ

လူမိုက်ဆိုလျှင် ရှောင်သွေလွှဲလို့၊ မမှီဝဲနဲ့ ကင်းအောင်နေ။

ပညာရှိကို အရှည်တွဲလို့၊ မှီဝဲဆည်းကပ် နည်းယူစေ။

သုံးပါးရတနာ မိဘများနှင့်၊ ဆရာသမားကို ပူဇော်လေ။

http://www,dhammadownload.com



ချမ်းသာကိုပေး ဆက်ဆံရေး၊ မြော်တွေးသုံးချက်ပေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

## ၂ - ပဏ္ဍိတ

ကုသိုလ်ပညာ ဥစ္စာရဖို့၊ သင့်ရာဒေသ အမြဲနေ။
ရှေးကတင်ကြို ပြုခဲ့ဖူးသည့်၊ ကောင်းမှုအထူး ရှိပါစေ။
မိမိကိုယ်ကို ကောင်းအောင်ထိန်းလို့၊ မတိမ်းစေနဲ့ ဆောက်တည်လေ။
ဥစ္စာကိုပေး နေထိုင်ရေး၊ မြော်တွေးသုံးချက်ပေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

## ၃ - ဗာဟုသစ္စ

တတ်ကောင်းတတ်ရာ ဟူသမျှကို၊ ကြားမြင်သုတ ရှိပါစေ။
အိုးအိမ်တည်ထောင် ဝမ်းစာရေးနဲ့၊ အသက်မွေးဖို့အတတ်သင်လေ။
လူနှင့်ဆိုင်ရာ ကျင့်ဝတ်များကို၊ ကောင်းစွာသင်ကြား နားလည်စေ။
မှန်ကန်ယဉ်ကျေး ချိုသာအေး၊ ဆိုရေးတတ်ပါစေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

## ၄ - မာတာပိတု

မြင်းမိုရ်ရွှေတောင်မိဘကျေးကို၊ ကောင်းစွာဆပ်ပေး ဝတ်ကျေကျေ။
ကြွေးသစ်ချကာ သားနှင့်မယား၊ မြောက်စားချီးမြှင့် ဝတ်ကုန်စေ။
အလုပ်တာဝန် မလစ်ဟင်းနဲ့ အပြစ်ကင်းအောင် လုပ်ပါလေ။
စည်းစိမ်ကိုပေး ပြုစုရေး၊ မြော်တွေးသုံးချက်ပေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

## ၅ - ဒါနဥ

သုံးတန်စေတနာ ဖြူစင်လန်းလို့၊ ပေးကမ်းဝေမျှ လှူနိုင်စေ။
ကိုယ်နှုတ်စိတ်ကြံ မမိုက်မှားနဲ့၊ သုစရိုက်တရားကို ကျင့်ပါလေ။

http://www,dhammadownload.com



ဆွေမျိုးတွေကို ပြင်ပမထားနဲ့၊ သင်္ဂဟတရားနှင့်ချီးမြှောက်လေ။
သန့်စင်ပြစ်မျိုး လူထုကျိုး၊ သယ်ပိုးဆောင်ရွက်စေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

## ၆ - အာရတီ ဝိရတီ

မကောင်းမှုတွေ ဟူသမျှကို၊ မတွေ့ခင်က ရှောင်ကြဉ်လေ။
တွေ့ကြုံလာလျှင် မလွန်ကျူးနဲ့၊ အထူးသဖြင့် စောင့်စည်းနေ။
အရက်သေစာ မသောက်စားနဲ့၊ မှောက်မှားတတ်တဲ့ အရာပေ။
လုပ်ကိုင်ပြောကြား သတိထား၊ တရားမမေ့စေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

## ၇ - ဂါရဝေါ စ

အသက်ဂုဏ်ဝါ ကိုယ့်ထက်ကြီးက၊ ဆည်းကပ်ခစား ရှိသေလေ။
မာနတံခွန် ဂုဏ်မကြွနဲ့၊ ကိုယ့်ကိုနှိမ့်ချ အမြဲနေ။
လောဘအပို လိုမလိုက်နဲ့၊ ကိုယ်ထိုက်ပမာနဲ့ ကျေနပ်လေ။
ကိုယ့်ပေါ်ပြုဖူး သူ့ကျေးဇူး၊ အထူးသိတတ်စေ။
ကောင်းကျိုးဆင့်ပွား မြတ်တရား၊ နာကြားမပြတ်ပေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

## ၈ - ခန္တီ စ

ဝတ်စားနေထိုင် ရန်ခပ်သိမ်း၊ စိတ်ကိုချုပ်ထိန်း သည်းခံလေ။
ကျိုးကြောင်းပြဩွန် ဆုံးမစကား၊ ပြောကြားလာက နာလွယ်စေ။
သူမြတ်ပုဂ္ဂိုလ် ဟူသမျှ၊ မကြာခဏ တွေ့ဆုံလေ။
သဘာဝတွေး မှန်ကန်ရေး ဆွေးနွေးမပြတ်ပေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

http://www,dhammadownload.com



### ၉ - တပေါ စ

လောကီအာရုံ ခိမ်ယစ်မူးလို့၊ အပျော်မကြူးနဲ့ ခြိုးခြံလေ။
မေတ္တာဗြဟ္မစို်ရ် လက်ကိုင်သုံးလို့၊ သူမြတ်ကျင့်ထုံး ယွင်းမသွေ။
လေးပါးသစ္စာ ဉာဏ်မြင်ကြည့်လို့၊ အမှန်သိအောင် ကြိုးစားလေ။
ဒုက္ခလွတ်ကင်း နိဗ္ဗာန်ချဉ်း၊ အလင်းပေါက်နိုင်စေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

### ၁၀ - ဖုဋ္ဌဿ

ဆင်းရဲ, ချမ်းသာ သဘာဝ၊ တွေ့ကြုံနေကြ လူတိုင်းပေ။
ကောင်းဆိုးနှစ်တန် အစုံတွဲလို့၊ တစ်လဲစီလှည့် အမြဲနေ။
လောကဓံကြုံ မဖြုံတမ်းပေါ့၊ မတုန်စမ်းနဲ့ စိတ်ခိုင်စေ။
သောကကိုထိန်း၊ ရမ္မက်သိမ်း၊ အေးငြိမ်းချမ်းသာနေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

### မင်္ဂလာ၏အကျိုး

သုံးဆယ့်ရှစ်ဖြာ မင်္ဂလာကုံးကို၊ လိုက်နာကျင့်သုံး ပန်သူတွေ။
စီးပွားချမ်းသာ ကျက်သရေတိုးလို့၊ ကောင်းကျိုးစည်ပွင့် တဝေဝေ။
ဘေးကင်းရန်ကွာ ချစ်သူပေါလို့၊ စိတ်ရောကိုယ်ရော ချမ်းသာမလေ။
ပြောဆိုကြံဆ ဆောင်သမျှ၊ အောင်ရမည်ကိန်းသေ။
အဲဒါကြောင့် ပန်ကြ ဆင်ကြ မင်္ဂလာ့ပန်းခိုင်တွေ။

## သုံးဆယ့်ရှစ်ဖြာ မင်္ဂလာဝတ္ထုများ

### ၁။ အသေဝနာ စ ဗာလာနံ မင်္ဂလာ

### ၂။ ပဏ္ဍိတာနဉ္စ သေဝနမင်္ဂလာ

ရှေးအခါက လက်ပံပင်ကြီးတပင်၌ကျေးငှက်မကြီးတစ်ကောင်က ကျေးသားငယ်နှစ်ကောင်မွေးဖွားထားရာ လေပြင်းမုန်တိုင်း တိုက်

http://www,dhammadownload.com



ခတ်၍ တစ်ကွဲတစ်ပြားစီ လွင့်ပါးသွားကြ၏၊ ရသေ့သူတော်စင်များ၏ နေရာသို့ကျရောက်သောကျေးသားမှာ ယဉ်ကျေးလိမ္မာ၍ လူဆိုးများ၏လက်တွင်းသို့ကျရောက်သောကျေးမှာ ရိုင်းစိုင်း၍ သွားလေသည်။

**(သတ္တိဂုမ္ဗဇာတ်ကြည့်)**

အောက်ပါကဗျာများကို ကျက်ထားပါ။

တစ်မိဝမ်းအောင်း၊ ရသေ့ကျောင်းနှင့်၊
ဆိုးကောင်းယုတ်မာ၊ ခိုးသူရွာသို့၊
ရောက်ရာကုန်ကြ၊ သူ့ဝန့်စ်ကောင်၊
ကျေးညီနောင်တို့၊ တစ်ကောင်မှာသော်၊
သူတော်ဓလေ့၊ သိမ်မွေ့လိမ္မာ၊
တစ်ကောင်မှာမူ၊ ဝါစာဖရုသ်၊
ကြမ်းကြုတ်စရိုက်၊ ရန့်ရင်းမိုက်ရှင့်။

**(မဃဒေဝ၊ ပုဒ်ရေ၊ ၂၃၇)**

## ၃။ ပူဇာစ ပူဇနေယျာနမင်္ဂလာ

ရှေးအခါက လယ်တောသူမလေးတစ်ယောက်သည် ဈာန်သမာပတ်မှ ထလာသော ရှင်မဟာကဿပ ကိုယ်တော်ကြီးအား သလေးစပါးပေါက်ပေါက်တို့ဖြင့် ပူဇော်လှူဒါန်းပြီး အိမ်သို့အပြန် မြွေခဲ၍သေရာ တာဝတိံသာ နတ်ပြည်၌ ဇာကွန်ယက်တို့ဖြင့် ဆန်းကြယ်သော ရွှေဗိမာန်ဝယ် နတ်သမီးဖြစ်ရလေ၏။

**(ဓမ္မပဒ၊ ၄၊ ၃၊ နှာ၊၅)**

## ၄။ ပတိရူပဒေသဝါသမင်္ဂလာ

ရှေးအခါက အခက်အခွနှင့်ပြည့်စုံသော သစ်ပင်ကြီးတစ်ပင်တွင် ငှက်များစွာ မှီခို၍နေကြရာ လေတိုက်ရာမှ သစ်ကိုင်းချင်းပွတ်ပြီး အခိုးထ၍လာ၏၊ ဘုရားလောင်းငှက်မင်းက အန္တရာယ်မြင်၍ ဤ

http://www,dhammadownload.com



အရပ်ကိုစွန့်ခွာရန်ပြောရာ ဘုရားလောင်းငှက်မင်း၏စကားကို နားထောင်သောငှက်တို့က ဘေးလွတ်ရာသို့ပျံသွား၍ အသက်ချမ်းသာရာရလေ၏၊ နားမထောင်သောငှက်တို့မှာ မီးလောင်သေဆုံးကြရလေ၏၊

**(ဇာ၊ ဌ၊ ၁၊ နှာ၊ ၂၃၁)**

## ၅။ ပုဗ္ဗေ စ ကတပုညတာမင်္ဂလာ

ဤမင်္ဂလာအတွက် ဇောတိက၊ ဇဋိလ၊ မေဏ္ဍက၊ အနာထပိဏ်၊ ဝိသာခါ စသောပုဂ္ဂိုလ်များကို သာဓကထုတ်ပါလေ။

## ၆။ အတ္တသမ္မာပဏိဓိမင်္ဂလာ

ဗာရာဏသီပြည် ဒိသာပါမောက္ခဆရာကြီးက တပည့်များ၏ကိုယ်ကျင့်တရားကို စုံစမ်းလို၍ သူ့သမီးချောကလေးကို ရလိုပါက အိမ်သို့ပြန်၍ ပစ္စည်းများကိုယူခဲ့ကြဟု မှာလိုက်၏၊ ကျောင်းသားအားလုံးက ဆရာကြီးမှာလိုက်သည့်အတိုင်း ပစ္စည်းများကိုယူဆောင်လာသော်လည်း ကျောင်းသားတစ်ဦးကမူ ကိုယ်ကျင့်တရားပျက်မည်စိုး၍ ဘာပစ္စည်းမှ ယူ၍မလာချေ၊ ဆရာကြီးက ရိုးသားဖြောင့်မတ်သော ထိုတပည့်နှင့် သူ၏သမီးကို ထိမ်းမြားပေးလိုက်၏။

**(စတုက္ကနိပါတ်၊ သီလဝီမံသနဇာတ်၊ ဌ၊ နှာ၊ ၁၇)**

## ၇။ ဗာဟုသစ္စ မင်္ဂလာ

အင်းဝခေတ်က ဝန်ဇင်းရွာမှ ကျေးတောသားကလေးတစ်ဦးသည် လေ့လာဆည်းပူးခဲ့သော ဗဟုသုတကြောင့် အင်းဝနေပြည်တော်တွင် အမတ်ကြီးဖိုးရာဇာအဖြစ် ကျော်ကြားခဲ့ရသည်မှာ ဗာဟုသစ္စမင်္ဂလာ၏သာဓကပင်ဖြစ်သည်။

မဟောသဓာ၊ ကာလီဒါသနှင့် ဝိရဗလတို့ကိုလည်း သာဓကထုတ်နိုင်၏။

http://www,dhammadownload.com



## ၈။ သိပ္ပဉ္စမင်္ဂလာ

ဗာရဏသီပြည်အနီး အိမ်ခြေတစ်ထောင်ရှိသော ရွာကြီး၌ ပန်းပဲသူကြီး၏ သမီးကလေးမှာ အလွန်လှပချောမော၏၊ ဂေါတမ ဘုရားအလောင်းသည် အလွန်သေးငယ်သော သံမဏိအပ်ကလေးကို ၇–ထပ် ၇–လွှာ ဖူးဖြင့်ထည့်၍ ပန်းပဲဆရာကြီးထံသွားရောက်၍ ပညာ စွမ်းပြရာ ဆရာကြီးက ပညာကို တန်ဖိုးထားသောအားဖြင့် သူ၏သမီး ချောကလေးနှင့်ပေးစားလိုက်၏။ **(သတ္တနိပါတ်၊ သူစိဇာတ်)**

## ၉။ ဝိနယောစ သုသိက္ခိတာမင်္ဂလာ

ရှေးအခါက ကုရုတိုင်းမှ ပြည့်တန်ဆာမတစ်ဦးသည် ကုရုဓမ္မ ခေါ်သော ငါးပါးသီလကိုစောင့်ထိန်း၍နေ၏၊ သိကြားမင်းက စုံစမ်း လို၍ လုလင်အသွင်ဖန်ဆင်းပြီး ငွေတစ်ထောင်စရံပေး၍ သူမလာမီ လူသစ်တစ်ဦးကိုမျှ လက်မခံရန်မှာထားခဲ့၏၊ သုံးနှစ်ကြာအောင် စောင့်သော်လည်း မလာမှနောက်ထပ်လူသစ်တစ်ဦးထံမှ ငွေကို လက်ခံမည်အပြုတွင် သိကြားမင်းပေါ်လာ၏၊ ထိုအခါပြည့်တန်ဆာမ က နောက်လူသစ်၏ငွေကို လက်မခံတော့ပဲ ပြန်လွှတ်လိုက်၏။ သိကြားမင်းက ပြည့်တန်ဆာမ၏ကျင့်ဝတ်ကိုသဘောကျ၍ ရတနာ များချီးမြှင့်ထားခဲ့၏။ **(တိကနိပါတ်၊ ကုရုဓမ္မဇာတ်)**

## ၁၀။ သုဘာသိတာ စ ယာဝါစာမင်္ဂလာ

ရှေးအခါက ဗာရာဏသီပြည်သား သဌေးသား လေးယောက် တို့သည် ခရီးလမ်းဆုံတစ်ခု၌ စကားပြောဆိုနေကြ၏၊ ထိုအခိုက် မုဆိုးတစ်ယောက်သည် သားကောင်များကိုတင်ဆောင်၍ အမဲလှည်း ကြီးကိုမောင်းနှင်လာရာ ပထမသူဌေးသားက "ဟယ်မုဆိုး ငါ့ကို အမဲ သားပေးလော့"ဟု မောက်မာစွာ တောင်းဆိုသောကြောင့် သူ၏စကား နှင့်တန်ရုံ မကောင်းမကန်းအသားများကို ပေးလိုက်၏။

http://www,dhammadownload.com



ဒုတိယသူဌေးသားက"အကို"ဟူ၍တောင်းသောကြောင့် ပေါင်သားကိုပေးလိုက်၏၊ တတိယသူဌေးသားက"ဖခင်"ဟူ၍တောင်းသောကြောင့် အသည်း,နှလုံး,အဆုတ်ကို ပေးလိုက်၏၊ စတုတ္ထ သူဌေးသားက"မိတ်ဆွေ"ဟူ၍တောင်းသောကြောင့် လှည်းပေါ်ရှိ အသားအားလုံးကို ပေးလိုက်လေ၏။ အထွေးဆုံးသူဌေးသားကလည်း ကျေးဇူးကိုသိသောအားဖြင့် မုဆိုးကြီး၏သား,မယားကိုပါ ခေါ်ယူစေကာ စည်းစိမ်တစ်ဝက်ပေးပြီးလျှင် အေးအတူ,ပူအမျှ နေထိုင်သွားလေ၏။ (စတုက္က နိပါတ်၊ သဗ္ဗမံသလာဘဇာတ်၊ အဋ္ဌ ကထာ၊ နှာ ၄၆) တိကနိပါတ် သုဇာတာဇာတ်နှင့် ဧကနိပါတ် နန္ဒိဝိသာလဇာတ်တို့ကိုလည်း သာကေထုတ်နိုင်၏။

## ၁၁။ မာတာပိတုဥပဋ္ဌာနမင်္ဂလာ

ဂေါတမဘုရားအလောင်းတော်သည် ဝေပူရကိတ္တိမင်းဖြစ်စဉ်အခါက မယ်တော်ကံကုန်၍ သဂြိုဟ်ရာ ထိုမင်းသားက "ငါ့ကိုထင်းပြု၍ သဂြိုဟ်ပါ"ဟုဆိုလျှင် မင်းသားကိုထင်းပြု၍ သဂြိုဟ်သည်။ မယ်တော်အလောင်း မီးကျွမ်းသော်လည်း မင်းသားကိုယ်မှာ အမွေးတစ်ချောင်းမျှ မီးမလောင် အသက်ထက်ဆုံး တရားနှင့်အညီ မင်းပြုရသည်။ (မဏိရတနာပုံကျမ်း၊ နှာ – ၁၄၀) သုဝဏ္ဏသာမဇာတ်၊ စူဠနန္ဒိယဇာတ်၊ သုတနုဇာတ်၊ ကေဒါရဇာတ်၊ မာတုပေါသကဇာတ်တို့ကိုလည်း သာကေထုတ်အပ်၏။

## ၁၂။ ပုတ္တဒါရဿ သင်္ဂဟမင်္ဂလာ

အခါတစ်ပါး သိကြားမင်းသည် မာတလိနတ်သားနှင့်အတူ ဝေဇယန္တာနတ်ရထားကြီးကို စီး၍နန္ဒဝံဥယျာဉ်သို့သွားကြ၏၊ ဥယျာဉ်သို့ ရောက်သောအခါ ရထားပေါ်မှဆင်း၍ သိကြားမင်းက အရပ်လေးမျက်နှာကိုလှည့်လည်ပြီး ရှိခိုးလေ၏၊ မာတလိက အဘယ့်ကြောင့်

http://www,dhammadownload.com



ရှိခိုးရပါသလဲဟု မေးသောအခါ သီလဝန္တရဟန်းတော်များ၊ ကုသိုလ်ပြုသူများ၊ သီလစောင့်ထိန်းသူများ၊ ရတနာသုံးပါးဆည်းကပ်သူများနှင့် သား,မယားကို တရားသဖြင့် ရှာဖွေကျွေးမွေးသူများကိုရည်ရွယ်ပြီး ရှိခိုးကြောင်း ပြန်လည်ဖြေကြားလေသည်။ **(သက္ကသံယုတ်၊ ဂဟဋ္ဌဝန္ဒနာသုတ်)**

## ၁၃။ အနာကုလာစ ကမ္မန္တမင်္ဂလာ

အချိန်ကိုလေးစားသူ၊ အလုပ်ကိစ္စတို့ကို သင့်လျော်အောင် ဆောင်ရွက်စီမံတတ်သူ၊ မပျင်းမရိဆောင်ရွက်သူ၊ မည်သည့်ကိစ္စမဆို လုံ့လဝီရိယရှိသူ၊ မိမိပစ္စည်း, သူတစ်ပါးပစ္စည်း, နိုင်ငံပိုင်ပစ္စည်းများကို မလေမလွင့်စေသူတို့မှာ အနာကုလာစကမ္မန္တမင်္ဂလာတွင် အကျုံးဝင်သူများဖြစ်လေသည်။ ယခုခေတ်တွင် နိုင်ငံတော်အစိုးရက ဂုဏ်ပြုခြင်းခံရသော စံပြလုပ်သားများမှာ အနာကုလာ စ ကမ္မန္တမင်္ဂလာ၏ သာဓကများပင်ဖြစ်ပေသည်။

## ၁၄။ ဒါနဥမင်္ဂလာ

ဥဇ္ဇေနီပြည် တေလနာလိနိဂုံးရွာ၌ ကံပြိုင်,ဉာဏ်ပြိုင် သဌေးသမီး နှစ်ယောက်နေထိုင်ကြရာ တစ်ဦးက ပစ္စည်းချမ်းသာသော်လည်း ဆံပင်ညံ့၍ အလှဂုဏ်ချို့တဲ့၏။ တစ်ဦးမှာ ဆံပင်ကောင်း၍ မိန်းမအင်္ဂါပြည့်စုံသော်လည်း ပစ္စည်းချို့တဲ့ရှာ၏။ ဆံပင်ညံ့သူက ဆံပင်ကောင်းသူထံငွေပေးဝယ်ရာဆံပင်ကိုမြတ်နိုးသောကြောင့် ငွေတစ်ထောင်ပေးသော်လည်း မရောင်းဘဲနေ၏။ တစ်နေ့တွင် ရှင်မဟာကစ္စည်းနှင့် ရဟန်းတော်ရှစ်ပါး ဆွမ်းခံကြွလာရာ ဆံပင်ရှည်သော ဒီဃကေသီအမျိုးသမီးက မိမိ၏ဆံပင်ကိုဖြတ်၍ ယခင်ဝယ်ဖူးသော သူဌေးသမီးထံရောင်းချသည်တွင် နိမ်လိုသောသဘောဖြင့် ငွေရှစ်အသပြာမျှသာပေးလိုက်၏။ ဒီဃကေသီသည် ထိုငွေဖြင့် သံဃာတော်များကို ဆွမ်းဆက်ကပ်လိုက်၏။ ဆံပင်လည်း ရှေးကအတိုင်း ပြန်ရှည်လာ၏။ ရဟန်း

http://www,dhammadownload.com



တော်များသည် ဥဒ္ဒေနီမင်း၏နန်းတော်သို့ ကြွသွားရာ အကျိုးအကြောင်းပြောပြသောကြောင့် ဥဒ္ဒေနီဘုရင်က ဒီဃကောသီ၏ ဒါနစေတနာကိုတန်ဖိုးထား‌သောအားဖြင့် မိဖုရားကြီးမြှောက်လိုက်လေ၏။

(အံ၊ ၄၊ ၁၊ ၁၆၂)

## ၁၅။ ဓမ္မစရိယမင်္ဂလာ

တက္ကသိုလ်ပြည် ဒိသာပါမောက္ခဆရာကြီးထံတွင် တပည့်ငါးရာ ပညာသင်ကြားလျက်ရှိရာ ဆရာကြီး၏သားဖြစ်သူ သေဆုံး၍ တစ်ကျောင်းလုံးငိုကြွေးကြလေ၏။ ဓမ္မပါလလုလင်တစ်ဦးသာမငိုဘဲနေ၍ ဆရာကြီးက ဘာကြောင့်မငိုသလဲ မေးသည်တွင် "ကျွန်တော်တို့ ဓမ္မပါလတစ်မျိုးလုံးကိုယ်ကျင့်တရားမြဲ၍ ငယ်ငယ်ရွယ်ရွယ် သေရိုးမရှိသောကြောင့် မငိုပါ"ဟုပြန်လည်ဖြေကြား၏၊ ဆရာကြီးသည် အကျိုးအကြောင်းကိုသိလို၍ ဓမ္မပါလရွာသို့ ကိုယ်တိုင်သွားရောက်စုံစမ်းသောအခါ ပြောသည့်အတိုင်း မှန်၍နေလေ၏။

(ဒုသကနိပါတ်၊ မဟာဓမ္မပါလဇာတ်)

## ၁၆။ ဉာတကာနဉ္စသင်္ဂဟမင်္ဂလာ

တစ်ခါက ဗာရာဏသီပြည်၌ ညတစ်ညတွင် မိုးသည်းထန်စွာရွာသွန်းရာ ဘုရင်၏စီးတော်ရထားမှ သားရေများကို စိုစွတ်သည်တွင် အညှီနံ့ထွက်၍လာသောကြောင့် နန်းတော်တွင်းရှိခွေးများက စားပစ်သောကြောင့် ဘုရင့်ရထားကြီးပျက်စီးလေ၏။ မိုးလင်းသော အခါဘုရင်ကြီးကသိ၍ နန်းတွင်းမှခွေးများကို ချမ်းသာပေးပြီး တစ်ခြားခွေးများကို လိုက်လံ၍ အသတ်ခိုင်းလေ၏၊ မသေကြွင်းကျန်သောခွေးများက သုသာန်၌နေသော ဘုရားအလောင်းခွေးမင်းကို ပြေး၍ ပြောကြားရာ ဘုရားအလောင်းခွေးမင်းသည် နန်းတွင်းသို့ အသေခံ အခဲ့စွန့်၍ ဝင်ရောက်ပြီး ဘုရင်ကြီးထံ အကျိုးအကြောင်း ရှင်းပြလေသည်။

http://www,dhammadownload.com



ဘုရားအလောင်းခွေးမင်း၏ အကြံပြုချက်အရ နေဇာမြက်ကိုထောင်း၍ အစာဖြင့်ရောနှောတိုက်ရာ နန်းတွင်းရှိခွေးများ၏ ခံတွင်းမှ သားရေစ များ အန်ထွက်လာလေသည်။ ထိုအခါမှ အဖြစ်မှန်ကိုသိရပြီး ခွေး အပေါင်းကိုဘေးမဲ့ပေး၍ ဒုက္ခမှလွတ်ကင်းရလေ သည်။ အမျိုးသား များအတွက် အနစ်နာခံ အံရဲစွန့်ပြောကြားသော အလောင်းတော် ခွေးမင်းကို ဘုရင်ကြီးက ထီးဖြူမိုး၍ ပူဇော်လေ သည်။ (ဧကနိပါတ်၊ ကုက္ကုရဇာတ်၊ အဋ္ဌကထာ၊ နှာ-၁၉၀) မဟာကပိဇာတ်ကိုလည်း သာဓကထုတ်နိုင်သည်။

## ၁၅။ အနဝဇ္ဇာနိ ကမ္မာနိမင်္ဂလာ

မဂဓတိုင်း မစလရွာမှ မာဃလုလင်နှင့်ဆန္ဒတူ ရည်ရွယ်ချက် တူကြသော လူငယ် ၃၃-ယောက်တို့သည် ရပ်ရေးရွာရေးနှင့်လူမှုရေး ကိစ္စများကို တက်တက်ကြွကြွ ဆောင်ရွက်ကြ၏၊ လမ်းပြင်ခြင်း၊ တံတားဆောက်ခြင်း၊ အပန်းဖြေဇရပ်ဆောက်ခြင်း၊ ရေတွင်းရေကန် တူးဖော်ခြင်းကိစ္စများကိုပြုလုပ်ခြင်း ရပ်ရွာအကျိုးပြုလုပ်ငန်းများကို ပြုလုပ်သည့်အတွက် ကျေးရွာလူထုက မာဃတို့အဖွဲ့ကို သဘောကျပြီး လူဆိုး,လူပွေများ တစ,တစပျောက်ကင်းကာ တစ်ရပ်တစ်ရွာလုံး ယဉ် ကျေးလိမ္မာ၍ မာဃတို့အဖွဲ့သြဇာညောင်းလာလေ၏။ ထိုဖြစ်ပုံကို သဘောမကျသော မစလရွာသူကြီးက ဘုရင့်ထံ သူပုန်နှင့်ဆက်သွယ် ကြောင်း လည်ဆည် ကုန်းတိုက်လေ၏၊ ဘုရင်ကြီးက ယုံကြည်ပြီး မာဃတို့အဖွဲ့ကို ဆင်နှင့်နင်းသတ်စေရာ မာဃတို့အဖွဲ့သားများ၏ မေတ္တာကြောင့် ဆင်ကြီးမနင်းဝံ့ပဲဖြစ်နေ၏။ ထိုအခါမှ ဘုရင်ကြီးက အဖြစ်မှန်အားလုံးကိုသိပြီး ကုန်းတိုက်သူ သူကြီးဟောင်းကိုရာထူးမှ ဖြုတ်၍ မာဃကိုရွာစား(သူကြီး)ရာထူးပေးလိုက်လေ၏။

**(ဧကနိပါတ်၊ ကုလာဝကဇာတ်)**

http://www,dhammadownload.com



## ၁၈။ အာဂရဝတာနှင့်
## ၁၉။ ဝိရဝတာမင်္ဂလာ

သီဟိုဠ်ကျွန်း ရွာငယ်တစ်ရွာ၌ မိခင်အိုကြီးရောဂါဖြစ်၍ ဆေးဆရာကလတ်ဆတ်သော ယုန်သားကို ခတ်စာပေးလေ၏။ သားနှစ်ယောက်အနက် အကိုကြီး မဟာစက္ကနက ညီငယ် စူဠစက္ကနကို ယုန်ဖမ်းရန် တောသို့လွှတ်လိုက်၏။ ညီငယ်သည် တောသို့ ယုန်ဖမ်းသွားရာ ယုန်တစ်ကောင်ကိုမိလေ၏။ သတ်မည်ပြုပြီးမှ ကိုယ်ချင်းစာစိတ်ဝင်လာပြီး မသတ်ဘဲ ပြန်လွှတ်လိုက်လေ၏။ အိမ်သို့ရောက်သော် အကိုကြီး၏ အမာန်အမဲကို ခံရလေ၏။ ညီငယ်က မိခင်နားသို့သွား၍ "အကျွန်ုပ်သည် သိတတ်သောအရွယ်မှစပြီး သူတစ်ပါး၏အသက်ကို မသတ်ခဲ့ဖူးပါ၊ ဤမှန်သောသစ္စာစကားကြောင့် မိခင်ရောဂါပျောက်ကင်းပါစေ"ဟု သစ္စာပြုရာ မိခင်၏ရောဂါပျောက်ကင်းသွားလေသည်။

**(အင်္ဂုသာလိနီ၊ နှာ-၁၄၆)**

ဥတ္တရဝဍ္ဍမာနတောင်၌နေသော ဥပါသကာတစ်ယောက်သည် အမ္ဗရိယကျောင်း၌နေသော ပိင်္ဂလဗုဒ္ဓရက္ခိတမထေရ်၏အထံမှ သိက္ခာပုဒ်ကို ဆောက်တည်၍လယ်ထွန်နေ၏။ နွားပျောက်ရာရန် တောင်ပေါ်သို့အသွား စပါးကြီးမြွေအဖမ်းခံရ၍ ပါလာသောပဲခွပ်ဖြင့် ဖြတ်မည်ပြု၏။ ထို့နောက် ဆရာသမားအထံမှ ဆောက်တည်ခဲ့သော သိက္ခာပုဒ် ပျက်မည်စိုး၍ မဖြတ်ပဲနေ၏။ သုံးကြိမ်သုံးခါ ဖြတ်သင့်၊ မဖြတ်သင့် စဉ်းစားပြီး "အသက်သာအသေခံမည် ဆောက်တည်ထားသော သိက္ခာပုဒ် အပျက်မခံ"ဟု ဆုံးဖြတ်ချက်ချပြီး ပဲကွပ်ကို လွှင့်ပစ်လိုက်သည်နှင့် တပြိုင်နက် စပါးကြီးမြွေလည်း ထိုဥပါသကာ၏ သီလတန်ခိုးကြောင့် လူကိုလွှတ်၍ ထို နေရာမှ ထွက်ခွာသွားလေ၏။

**(အင်္ဂုသာလိနီ)**

http://www,dhammadownload.com



## ၂၀။ မဇ္ဈိမပဒေသ သံဃမင်္ဂလာ

သိကြားဟောင်းရာထူးပြုတ်၍ အသူရာဖြစ်ရခြင်း၊ တပင်ရွှေထီးဘုရင် ရန်သူလက်ချက်ဖြင့် သေရခြင်း၊ မင်းရဲကျော်စွာ ဆင်ပေါ်မှကျ၍ သေရခြင်း၊ ဓမ္မဇေဒီတော်၌ ဖခင်ဘုရင်ကြီးက ရင်သွေးကိုသတ်၍စားမိ ခြင်း၊ အရှင်သာဂတမထေရ် ရွာတံခါးဝတွင် မှောက်ရက်လဲ၍ အရက်ကွဲရခြင်းစသည်တို့မှာ အရက်၏ဆိုးကျိုးများ ဖြစ်ပေသည်။

၁။ သိင်္ဂါလ သတို့သား၊ တို့ဟုရားဟောတော့၊

၂။ သို့တရား စောစရာ၊ သဘောမှာ မှတ်သား၊

၃။ ပြစ်ခြောက်ရပ် အထူးဆောင်သည်၊ အရူးကောင်မင်းတို့အမှား၊

၄။ သိကြားဟောင်း အသူရာကို၊ မူပမာ တင်ထား၊

၅။ ဇမ္ဗူမှာထင်ရှားတဲ့၊ ဘုရင်များဘုရင်၊

၆။ ရွှေတောင်ငူ နန်းကေတုတွင်မှ၊ သေဥဒါန်းထိုးတဲ့ ထီးအရှင်၊

၇။ အင်းဝဆက် ရာဇဝင်တွင်၊ ဘာမထင်ဝင့်ကြွားတဲ့၊

၈။ ဘုရင့်သားရဲဘွဲ့တော်ပါ၊ ရဲတဲ့ကျော်စွာ။

၉။ ဒလပျက်အကျနာသလို၊ ဘဝပါရှုံးစေနှင့်လေး။

**ဆရာလွန်း (သခင်ကိုယ်တော်မှိုင်း)**

## ၂၁။ အပ္ပမာဒေါစ ဓမ္မေသု မင်္ဂလာ

ဇနသန္ဓမင်းသည် ဗာရာဏသီပြည်ကို မင်းကျင့်တရားနှင့်အညီ အုပ်ချုပ်သောကြောင့် ထိုမင်းလက်ထက်တွင် အချုပ်ထောင်များကို ဟင်းလင်းဖွင့်ထားရ၏။ အမှုအခင်းဖြစ်ပွားသူ မရှိသောကြောင့် တရားရုံးများကိုပိတ်ထားရ၏။ ထိုမင်းကြီးသည် ပန္နရသီ(၁၅-ရက်)ဥပုသ်နေ့တိုင်း ဥပုသ်သီလဆောက်တည်၍ တိုင်းသူပြည်သားတို့အား နန်းရင်ပြင်တွင် စုရုံးစေ၍ နောင်တ(၁၀)မျိုးမဖြစ်ရအောင် ကုသိုလ်တရား

http://www,dhammadownload.com



တို့၌ မမေ့မလျော့ကြစေရန် တိုက်တွန်းစကား ပြောကြားဆုံးမလေ့ရှိ၏။ တစ်လ ၂-ကြိမ် ဩဝါဒပေးတော်မူ၏။ လူများသည်ဇနသန္ဓမင်းကြီး၏ ဩဝါဒကြောင့် ကုသိုလ်တရားတို့၌ မမေ့မလျော့ရကားနတ်ရွာသုဂတိသို့ ရောက်ကြကုန်၏၊

## နောင်တ ဆယ်မျိုး

၁။ အချိန်ရှိခိုက် ငယ်စဉ်က ပညာမသင်ခဲ့မိလေခြင်း၊
၂။ ဥစ္စာမစုဆောင်းမိခဲ့လေခြင်း၊
၃။ သူတစ်ပါး၏အချစ်ကို ဖျက်ဆီးမိခဲ့လေခြင်း၊
၄။ သူတစ်ပါးအသက်ကို သတ်မိခဲ့လေခြင်း၊
၅။ သူတစ်ပါးသားမယားကို ပြစ်မှားမိခဲ့လေခြင်း၊
၆။ ဥစ္စာပစ္စည်းရှိလျက် မလှူမိခဲ့လေခြင်း၊
၇။ ဆုံးမစကားကို နားမထောင်မိခဲ့လေခြင်း၊
၈။ မိဘကို မလုပ်ကျွေးမိခဲ့လေခြင်း၊
၉။ ပညာရှိထံနည်းခံ၍ မသင်ကြားမိခဲ့လေခြင်း၊
၁၀။ မြတ်သောအကျင့်ကို မကျင့်မိခဲ့လေခြင်း။

(ဒွါဒသနိပါတ်၊ ဇနသန္ဓဇာတ်)

## ၂၂။ ဂါရဝမင်္ဂလာ

ဧကနိပါတ် တိတ္တိရဇာတ်တော်၌ ခါ, မျောက်, ဆင် သတ္တဝါသုံးဦးတို့ ညောင်ပင်တစ်ခုကို သက်သေပြု၍ ကြီးသူကို ငယ်သူကရိုသေစတမ်းကျင့်ဝတ်ထား နေသွားပုံကို ဂါရဝမင်္ဂလာအဖြစ် သက်သေထူအပ်၏၊ အောက်ပါကဗျာကို ကျက်ထားပါ။

ရှေးဝယ်သောခါ၊ တောဟေမာ၌၊
ပညာဒြော်မြင်၊ ခါ, မျောက်, ဆင်တို့၊
ညောင်ပင်တစ်ခု၊ သက်သေပြု၍၊

http://www,dhammadownload.com



ဂုဏဝုမှာ၊ ပစာဃန၊ ကျင့်ကုန်ကြကြောင်း၊
လူမှုမတန်၊ တိရစ္ဆာန်လျက်၊
နတ်ဌာန်မုချ၊ ရောက်ကုန်ကြ၏။ (မဃဒေဝ၊ ပုဒ်ရေ ၁၇၆)

## ၂၃။ နိဝါတမင်္ဂလာ

နိဝါတအမှုကိုပြုရာ၌ အရှင်သာရိပုတ္တရာကို အတုယူသင့်၏။ တစ်ခါက အရှင်သာရိပုတ္တရာသည် သင်္ကန်းဝတ်ပုံ မညီမညာဖြစ်၍ နေဖူး၏၊ အနီးရှိ ခုနစ်နှစ်အရွယ် သာမဏေငယ်တစ်ပါးက "အရှင်ဘုရား သင်္ကန်းဝတ်ရုံပုံမညီမညာဖြစ်နေပါသည်"ဟု လျှောက်ထားလေ၏၊ အရှင်သာရိပုတ္တရာသည် သာမဏေငယ်၏အကြံပြုချက်ကို လိုက်နာသောအားဖြင့် သင်္ကန်းကို အချိုးတကျ ပြန်ဝတ်၍ နိဝါတအမှုကို ပြုလိုက်လေသည်၊ ပြန်ဝတ်ပြီးနောက် သာမဏေငယ်ထံသို့ ပြန်လာပြီး လက်အုပ်ချီလျက် "ဤမျှပြင်ဆင်ဝတ်ရုံလျှင် သာရုပ္ပဖြစ်လောက်ပါပြီလား ဆရာ"ဟု နှုတ်ခွန်းဆက်လျက် သာမဏေအား ဆရာ၏အရာ၌ ထားလေသည်။ "ငါ၏အကျိုးကိုလိုလား၍ ဆုံးမလာခဲ့သော် ခုနစ်နှစ်အရွယ် သာမဏေ၏စကားကိုပင် ဦးခေါင်းဖြင့် ခံယူပါမည်"ဟု ကျူးရင့် တော်မူလေသည်။

(မိလိန္ဒ၊ ၃၈၂၊ သံ၊ ၄၊ ၁ နှာ၊ ၁၁၄)

## ၂၄။ သန္တုဋ္ဌိမင်္ဂလာ

. ရှေးအခါက ဗာရာဏသီပြည်မှ ပုဏ္ဏားတစ်ယောက်သည် သမီးသုံးယောက်မွေးဖွားပြီးနောက် ကွယ်လွန်သေဆုံးရာ ရွှေဟင်္သာငှက်မျိုး၌ ဖြစ်လေ၏၊ သမီးသုံးယောက်နှင့်ဇနီးမှာ ပုဏ္ဏားကြီး ကွယ်လွန်ပြီးနောက် သူတစ်ပါးအိမ်တွင် အခိုင်းအစေဘဝဖြင့် ဆင်းရဲကြီးစွာ နေရသည်ကို သိ၍ ရွှေဟင်္သာငှက်သည် အိမ်သို့ရောက်လာပြီးလျှင် တစ်နေ့လျှင် ရွှေတောင်တစ်တောင်ကျ ပေးလေ၏။ ထို

http://www,dhammadownload.com



မိသားစုလည်း ချမ်းသာကြွယ်ဝလာလေ၏၊ အလိုကြီးသော ထိုမိသားစုတို့သည် တစ်နေ့လျှင်ရွှေတောင် တစ်တောင်ကျပေးနေသည်ကို မရောင့်ရဲနိုင်ဘဲ အမွေးအတောင် အားလုံးကို နုတ်ယူပြီးလျှင် ရွှေဟင်္သာငှက်ကို အကြင်နာကင်းမဲ့စွာ အိုးစရည်းတွင်ထည့်၍ ထားလေ၏။ ထိုသူတို့၏ မတော်လောဘကြောင့် နုတ်ယူထားသော ရွှေတောင်တို့သည် ရွှေရောင်ကွယ်ပြီး ဗျိုင်းတောင်အလား အဖြူရောင်အဆင်းသို့ ပြောင်းလဲကုန်လေ၏။ **(ဇာ၊ ၄၊ ၁။ သုဝဏ္ဏဟံသဇာတ်၊ ၅၀)**

## ၂၅။ ကတညုတမင်္ဂလာ

တခါကညီအစ်ကိုခုနစ်ယောက်တို့သည် လယ်ထွန်ရန်တောသို့ သွားကြ၏၊ အထွေးဆုံး ညီငယ်သည် လယ်အစွန်၌ နွားများကို ကျောင်း၍နေစဉ် အတူပါလာသော ခွေးအိုတစ်ကောင်ကို ခြုံစပ်တွင်ရှိသော စပါးကြီးမြွေက ဖမ်း၍ထား၏၊ နွားကျောင်းရာမှလှမ်း၍ မြင်သော ညီငယ်က စပါးကြီးမြွေကို ဒုတ်ရည်ဖြင့် ပုတ်ခတ်၍ ခွေးကိုလွှတ်စေ၏။ စပါးကြီးမြွေသည် ခွေးကိုလွှတ်၍ လူကိုဖမ်းယူပြန်၏။ ခွေးသည် သူ့သခင်ကို မြွေကဖမ်းယူသောအခါ ထွက်မပြေးမူ၍ ယာဂုအိုးပေါ်၌တင်ထားသော ဓားကိုနှုတ်သီးဖြင့်ကိုက်ချီပြီး မြွေပတ်ခံရသောညီငယ်၏ အနီးတွင် ချထားပေးလေ၏၊ ခွေး၏လှုပ်ရှားပုံကိုတွေ့မြင်ရသော နောင်တော်များ က ညီငယ်ရှိရာသို့ ပြေးလာကြပြီး စပါးကြီးမြွေကို ဓားဖြင့်ခုတ်သတ် လိုက်သောကြောင့် ညီငယ်လည်း အသက်ချမ်းသာရာ ရသွားလေ၏၊ ဤဝတ္ထု၌ ခွေးနှင့်လူတို့ အပြန်အလှန်ကျေးဇူးသိတတ်ပုံကို သင်ခန်းစာ ယူသင့်၏၊ (သံ၊ ၄၊ ၂၊ နှာ၊ ၂၁၃။ ဒုတိယသိင်္ဂါလသုတ်) မြန်မာရာဇဝင်မှ ကျေးဇူးသိသော ခေင်ညိုနှင့် သန်ဘောဓိမင်းဝတ္ထုတို့ကိုလည်း သာဓက ထုတ်နိုင်၏။

http://www,dhammadownload.com



## ၂၆။ ကာလေနဓမ္မဿဝနမင်္ဂလာ

ဥလ္လကောလိကဏ္ဏိအရပ်၌နေသော အမျိုးသမီးတစ်ယောက်သည် ဒီဃဘာဏက မဟာအဘယမထေရ် တရားဟောလိမ့်မည်ဆိုသော သတင်းကိုကြား၍ နို့စို့အရွယ် သူငယ်ကိုပွေ့လျက် ငါးယူဇနာဝေးသော အရပ်မှလာ၍တရားနာ၏၊ နေ့ပိုင်းတွင် ရင်သွေးငယ်ကိုမြေ၌သိပ်၍ ရပ်လျက်တရားနာ၏၊ နေ့တရားဟောပုဂ္ဂိုလ်ပြီး၍ အဘယမထေရ် က ညပိုင်းဆက်၍ဟောရာ ညလုံးပေါက်အောင်တရားကိုနာယူ၏၊ အရဏ်တက်ခြင်း၊ တရားပြီးဆုံးခြင်း၊ သိတင်းသည်မ သောတာပတ္တိဖိုလ်သို့ ရောက်ခြင်းသည် တစ်ပြိုင်နက်သာလျှင်ဖြစ်၏။

**(တိကအင်္ဂုတ္တိုရ်အဋ္ဌကထာ၊ ပဥ္စမဝဂ်၊ တိဌာနသုတ်)**

## ၂၇။ ခန္တီမင်္ဂလာ

ရှေးအခါက သိကြားမင်းနှင့်အသူရာတို့ မကြာခဏစစ်ဖြစ်လေ့ရှိရာ တခါသော် သိကြားမင်း၏စစ်သည်တို့က အောင်နိုင်၍ ဝေပစိတ္တိအသူရာကို နှောင်ဖွဲ့ ဖမ်းဆီး၍ သိကြားမင်းထံခေါ်လာ၏။ ဝေပစိတ္တိ အသူရာက အမျိုးမျိုးဆဲရေးတိုင်းတွာသော်လည်း သိကြားမင်းက မည်သို့မျှပြန်မလုပ်ဘဲ သည်းခံ၍နေ၏။ မာတလိနတ်သားက "အရှင်သိကြားမင်း ကြောက်၍သည်းခံရသလော၊ ခွန်အားနည်း၍သည်းခံရသလော" ဟု မခံချင်အောင် ဆွမေး,မေးလေ၏။ သိကြားမင်းက "အကျိုးအားလုံးတွင် သည်းခံခြင်းထက် လွန်သောအကျိုးမရှိနိုင်၊ အားကြီးသူက အားမဲ့ သူအပေါ် သည်းခံခြင်းမျိုးကို အမြတ်ဆုံးဟူ၍ ဆိုရကြောင်း" ရှင်းပြမှ မာတလိသည် သူ၏ဆရာ သိကြားမင်း၏ သည်းခံမှုခန္တီဂုဏ်ကို ပို၍ လေးစားသွားလေသည်။

**(သဂ္ဂါသံယုတ်)**

http://www,dhammadownload.com



## ၂၈။ သောဝစဿတာမင်္ဂလာ

ရှေးအခါက ဗာရာဏသီ ရှင်ဘုရင်တစ်ပါး၌ ဆိုဆုံးမရန်ခက်သော ဒုဋ္ဌကုမာရ အမည်ရှိ သားတစ်ယောက်ထွန်းကား၏၊ ဖခင်ဘုရင်ကြီးက သားဖြစ်သူကိုခေါ်၍ ဥယျာဉ်၌နေသော ဆရာ ရသေ့ထံ အပ်နှံပြီး အပြောအဆိုကြမ်းတမ်းခက်မာသော သူ၏သားကို လိမ္မာအောင် ဆုံးမပေးပါရန်အပ်နှံထားခဲ့၏၊ ဆရာရသေ့သည် မင်းသားငယ်ကို ဥယျာဉ်ထဲသို့ခေါ်သွားပြီး တမာပင်ငယ်တစ်ပင်ကို တွေ့သည်တွင်နုတ်၍ အမြည်းခိုင်းလေ၏၊ မင်းသားသည် တမာရွက်ကိုဝါး၍ ခါးလှသောကြောင့် ထွီဟုဆိုကာ ထွေးလေ၏၊ တမာပင်ငယ်ကိုလည်း နုတ်ချေပစ် လေ၏။

ဆရာရသေ့က "မင်းသား ဤသစ်ပင်သည့်ငယ်ငယ်ကလေးဖြစ်ပါလျက် ဤမျှခါးသေး၏၊ ကြီးသောအခါမည်သို့ဖြစ်လိမ့်မည်နည်း"ဟု ဆိုကာ သင်မင်းသားသည် တမာပင်ကိုနုတ်၍ချေပစ် ၏။ "သင်သည်လည်း ယခုငယ်စဉ်ကပင် ဤမျှရန့်ရင်းကြမ်းကြုတ်ဘိ၏၊ ကြီးသောအခါ မည်သို့ဖြစ်လိမ့်မည်နည်းဟု တိုင်းသူပြည်သားတို့က ဆို၍ သင့်ကို တိုင်းပြည်မှနှင်ထုတ်သော် မခက်ပါလော။ ၊ ထို့ကြောင့် အရာရာကိုသည်းခံ၍ ပြည်သူတို့အပေါ် ချစ်ခင်စိတ်ထားပါ၊ သူတစ်ပါး ဆုံးမသည်ကိုနာလွယ်ပါ"ဟုဆုံးမ၏။ မင်းသားငယ်လည်း ဆရာရသေ့၏ဆုံးမစကားကိုနားထောင်၍ အမူအရာများ သိမ်မွေ့နူးညံ့ပြီးလျှင် ဖခင်ကွယ်လွန်သော် ဘုရင်ဖြစ်လာ၏၊ တစ်တိုင်းတစ်ပြည်လုံး၏ ချစ်ခင်မှုကို ခံရ၏။ **(ဧကနိပါတ်၊ ဧကပဏ္ဏဇာတ်)**

## ၂၉။ သမဏာနဉ္စဒဿနမင်္ဂလာ

အရှင်သာရိပုတ္တ၏အလောင်း ဥပတိဿသည် အဿဇိမထေရ် ကို ဖူးမြော်ရပြီး ဂါထာတစ်ပုဒ်ကြားနာရရုံဖြင့် သောတာပန်

http://www,dhammadownload.com



တည်သွားခြင်း၊ အသောကမင်းတရားကြီးသည် နိဂြောဓသာမဏေကိုဖူးတွေ့ရပြီး ဗုဒ္ဓဘာသာမင်းတရားဖြစ်လာခြင်း၊ အနော်ရထာမင်းကြီးသည် ရှင်အရဟံ၏ သိမ်မွေ့သောအမူအရာကိုကြည်ညိုပြီး သာသနာပြုမင်းဖြစ်လာခြင်း စသည်တို့မှာ သမဏာနဉ္စဒဿနမင်္ဂလာ၏သာဓကတို့ပင် ဖြစ်သည်။

## ၃၀။ ဓမ္မသာကစ္ဆာမင်္ဂလာ

မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်အခါက တောဒေယျပုဏ္ဏားကြီး၏သား ဖြစ်သော သုဘလုလင်ရောက်လာပြီး "အမျိုးယုတ်,မြတ်" စသည် ဖြစ်ရခြင်း၏အကြောင်း ပြဿနာတစ်ဆယ့်လေးရပ်ကို ဆွေးနွေးမေးမြန်းရာ မြတ်စွာဘုရားက ပြန်လည်ဖြေကြားခဲ့သည်၊ ဆွေးနွေးအပြီး သုဘလုလင် တရားရသွားသည်။ ပြဿနာတစ်ဆယ့်လေးရပ်၏ အကြောင်းအကျိုးများကို ကျင့်ဝတ်ပိုင်းကဏ္ဍတွင် ဖော်ပြထားပါသည်။

## ၃၁။ တပေါစမင်္ဂလာ

သာလွန်မင်းတရားကြီးသည် တိုင်းသူပြည်သားတို့ စည်းကမ်းမဲ့ သုံးဖြုန်းခြင်းကို ပြင်းထန်စွာတားမြစ်သည့်အပြင် အိမ်တိုင်း,အိမ်တိုင်း ထမင်းတစ်ကြိမ်ချက်တိုင်း ဆန်လက်တစ်ဆုပ်ကျစီ စုဆောင်းသိမ်း၍ ချွေတာရေးစနစ်ကို ကျင့်သုံးစေသည်။ တစ်လစေ့သော် ဆန်အားလုံးကို သိမ်းဆည်းပြီး မဏ္ဍပ်ထိုး၍ ပြည်သူအများ စုပေါင်းကာ မရှိဆင်းရဲသူများအား ဝေငှပေးကမ်းစေလေသည်၊ ထိုစနစ်အပြင် တစ်နေ့တာ ရှာဖွေရရှိ သော ပစ္စည်းများထဲမှ –

၁။ အုပ်ချုပ်သူ(အစိုးရ)အတွက် တစ်ပုံ၊

၂။ သာသနာရေးအတွက် တစ်ပုံ၊

http://www,dhammadownload.com



၃။ တိုင်းရေးပြည်မှုအတွက် တစ်ပုံ၊

၄။ သာရေးနာရေးအတွက် တစ်ပုံ၊

၅။ မိသားစုအတွက် တစ်ပုံ။

ဤသို့ ၅–ပုံ ၅–စုခွဲဝေပြီးမှ ပိုလျှံသည်ကို သုံးစွဲကြရမည်ဟု ချွေတာရေးစနစ်ကို ကျင့်သုံးစေလေသည်။ ထိုစနစ်ကြောင့် သာလွန်မင်းတရားကြီးလက်ထက်တွင် တစ်တိုင်းတစ်ပြည်လုံး တိုးတက်ကြီးပွားချမ်းသာကြလေသည်။

သာလွန်မင်းတရားကြီးသည် ထမင်းရည်ကို မြေကြီးပေါ်သို့ သွန်ပစ်သော မိန်းမတစ်ဦးကို ကြိမ်ဒဏ် ၃–ချက်ရိုက်၍ဆုံးမခြင်း၊ ထမင်းကြမ်းခဲကို အလဟဿသွန်ပစ်သော အမတ်ကြီးကို ရာထူးမှချခြင်း၊ အဝတ်ကောင်းများဝတ်၍ နန်းတော်နံရံကိုမှီပြီး ပစ္စလက္ခနေထိုင်သော သမီးတော်ကို ရေဒဏ်သဲဒဏ်ပေး၍ ဆုံးမခြင်း စသည်ဖြင့် တပေါ်စမင်္ဂလာကို ကျင့်သုံးစေသည်မှာ အတုယူဖွယ် ကောင်းလှပေသည်။

## ၃၂။ ဗြဟ္မစရိယမင်္ဂလာ

ရာဇဂြိုဟ်ပြည် ကပိလသဌေး၏သား ပိပ္ပလိနှင့် သာဂလပြည် ကောလိယသဌေး၏သမီး မယ်ဘဒ္ဒါတို့ကို ၂–ဖက်သောမိဘတို့က လက်ထပ်ထိမ်းမြားပေးစားကြသော်လည်း ကာမဂုဏ်အယုတ်သဘောဖြင့်ပေါင်းသင်းခြင်းမပြုပဲ မောင်နှမအရင်းကဲ့သို့ ကျင့်ကြံနေထိုင်ကြပါသည်။ မိဘ ၂–ပါးကွယ်လွန်သော် စည်းစိမ်ဥစ္စာကို စွန့်၍ ပိပ္ပလိက လက်ယာလမ်း မယ်ဘဒ္ဒါက လက်ဝဲလမ်းအတိုင်း လိုက်၍ တောထွက်ပြီး ဘုရားရှင်အထံ၌ ရဟန်းပြုကြလေသည်။ ပိပ္ပလိသည် ဂေါတမမြတ်စွာဘုရား၏ သာသနာတော်၌ အရှင်မဟာ ကဿပ ဟူသော

http://www,dhammadownload.com



အမည်ဖြင့် ထင်ရှား၍ ပထမသံဂါယနာကိုဦးစီးပြီး တင်သွားတော်မူလေသည်။ **(ကဿပသံယုတ်)**

## ၃၃။ အရိယသစ္စာနဒဿနမင်္ဂလာ
## ၃၄။ နိဗ္ဗာနသစ္ဆိကိရိယမင်္ဂလာ

ပဉ္စဝဂ္ဂီအစ သုဘဒ္ဒပရိဗိုဇ်အဆုံး ကျွတ်တမ်းဝင်ပုဂ္ဂိုလ်အားလုံးတို့သည် အရိယသစ္စာန ဒဿနမင်္ဂလာနှင့် နိဗ္ဗာနသစ္ဆိကိရိယမင်္ဂလာတို့၏ သာဓကများပင်ဖြစ်ပေသည်။

## ၃၅။ နကာမှုတိမင်္ဂလာ

ဗာရာဏသီပြည်မှ မုဆိုးတစ်ယောက်သည် တောမှ ကျေးညီနောင် နှစ်ကောင်ကိုဖမ်းယူ၍ ဓနဥ္စယမင်းအား ဆက်သ၏၊ ရွှေချိုင့်ဖြင့် ပြုစုထားရာ တစ်နန်းတော်လုံးက ကျွေးချင်မွေးချင်ရှိ၍ လာဘ်လာဘ ပေါများလျက်ရှိ၏၊ မကြာမီ အခြားမုဆိုးတစ်ယောက်က မျောက်ညိုကြီး တစ်ကောင်ကို ဘုရင့်အားဆက်သပြန်ရာ နန်းတွင်းရှိလူများက မျောက်ညိုကြီးကို ဝိုင်းအုံပြီး ကျွေးကြမွေးကြပြန်၏။ ကျေးညီနောင်မှာ ယခင်လို ကျွေးသူမပေါတော့ပဲ နည်းသွားပြန်၏၊ ညီငယ်ကျေးသားက စိတ်အားငယ်ပြီး တောသို့ပြန်ရန်ပြောရာ အကိုဖြစ်သူကျေးသားက “ညီလေး စိတ်အားမငယ်နှင့် လာဘ်ရ, မရ၊ ခြွေရံနည်း, များ၊ ချီးမွမ်း, ကဲ့ရဲ့၊ ချမ်းသာ, ဆင်းရဲဆိုသော လောကဓံမှာ အမြဲမရှိနိုင်ပါ၊ စောင့်ကြည့်ပါဦး၊ သည်းခံနေပါ”ဟု အားပေးစကားပြောကြား၏။ များမကြာမီ လာလာသမျှ ကလေးငယ်များကို ချောက်လှန့်သောကြောင့် ကလေးများကြောင့်လန့်သည့်အတွက် မျောက်ကြီးကို တောသို့နှင်ထုတ်လိုက်လေ၏၊ ကျေးသား ညီနောင်မှာ ယခင်အတိုင်း ကျွေးသူမွေးသူ ပေါများပြန်လေ၏။

**(စတုက္ကနိပါတ်၊ ကာဠဗာဟုဇာတ်၊ ၄၅၊ ၉၁)**

http://www,dhammadownload.com



## ၃၆။ အာယောကာမင်္ဂလာ

ပသေနဒီကောသလမင်းကြီးသည် မတရားလာဘ်စားသူ ကုန်းသမားတို့၏စကားကိုယုံ၍ ကျောင်းနေဖက်သူငယ်ချင်း ဗန္ဓုလ စစ်သူကြီးနှင့်တကွ သား ၃၂–ယောက်ကိုပါ အမိန့်ပေး၍ သတ်စေ၏၊ သေဆုံးကြောင်းစာချွန်တော်ကို စစ်သူကြီးကတော်ထံ ပို့စေ၏၊ စစ်သူကြီးကတော်မလ္လိကာသည် ပူဆွေးသောအရိပ်အရောင်ကိုမပြဘဲ စာချွန်တော်ကို မိမိ ၏ခါးပိုက်ထဲ၌ထည့်ထား၍ ဟန်မပျက် အလုပ်ကို လုပ်မြဲလုပ်လေ၏။ ထိုနေ့တွင် သံဃာတော်များကို ဆွမ်းကပ်ရာ ထောပတ်အိုးများ ကွဲကုန်၍ အရှင်သာရိပုတ္တရာက "ပျက်စီးတတ်သော သဘောဖြစ်၍ တွေးတောပူပင်စရာ မလို"ဟု မိန့်ကြား၏။

ထိုအခါ မလ္လိကာက မိမိ၏ခါးပိုက်ထဲမှ စာချွန်တော်ကို ထုတ်ပြ၍ တပည့်တော်၏ခင်ပွန်းနှင့် သား ၃၂–ယောက် အသတ်ခံရ သည်ကိုပင် ကြွန္ဒေမပျက် သောကမစွက် နေနိုင်ပါသေးသည်။ ဤ ထောပတ်အိုး ကလေးကွဲတာလောက်တော့ တွေးတောပူပန်စရာ မလို ပါဘုရား"ဟု လျှောက်ထားလေသည်။

(ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ပုပ္ဖဝဂ်၊ ၂၂၄)

## ၃၇။ ဝီရိယမင်္ဂလာ

တောကျောင်း၌ သီတင်းသုံးနေထိုင်သော သမိဒ္ဓိမထေရ်သည် ကျောင်း၏အနီး တပေါဒမည်သော ရေပူစမ်း၌ရေဆင်းချိုးရာ သမိဒ္ဓိ ၏ ရူပနိကာယ်ကို တပ်မက်၍ ရေအိုင်စောင့်နတ်သမီးက ကာမဂုဏ် ဖြင့် သွေးဆောင်ဖျားယောင်း၏။ သမိဒ္ဓိက လက်မခံ၍ ဖျားယောင်း မရမှန်းသိသောအခါ တောင်းပန်ရှာ၏၊ သမိဒ္ဓိရော နတ်သမီးပါ ဘုရားထံသို့ သွားကြရာ မြတ်စွာဘုရားက တရားဟော၍ နောက်

http://www,dhammadownload.com



နောင်တွင် အစွန်း ၂-ပါးမလွတ်သောကိစ္စကို မပြုတော့ပါဟု နတ်သမီးကဝန်ခံပြီး ကန်တော့၍ပြန်သွားလေ၏။

**(ဒေဝတာသံယုတ်၊ သမိဒ္ဓိသုတ်နှင့် ဒုကနိပါတ်၊ သမိဒ္ဓိဇာတ်)**

## ၃၈။ ခေမမင်္ဂလာ

သာဝတ္ထိပြည်မှ တိဿမည်သော သူဌေးသားတစ်ယောက်သည် ကုဋေလေးဆယ်သော စည်းစိမ်ချမ်းသာတို့ကို စွန့်ပယ်၍ သာသနာ့ဘောင်၌ ရဟန်းပြုပြီး တောကျောင်း၌နေထိုင်လေ၏၊ ညီ၏မယား (ခယ်မ)ဖြစ်သူက တိဿရဟန်း လူပြန်ထွက်ခဲ့သော် ရိုပစ္စည်းတစ်ဝက် ခွဲပေးရမည်စိုး၍ လူဆိုးများကိုစေလွှတ်ပြီး တိဿရဟန်းကြီးကို အသတ် ခိုင်းလေ၏။ လူဆိုးများကဖမ်းဆီးသောအခါ တစ်ညတာ တရားအားထုတ်ခွင့်ပေးပါရန်ပန်ကြား၏၊ လူဆိုးများမယုံကြည်မည်ပိုး၍ မိမိ၏ပေါင် ၂-ဖက်ကို ကျောက်တုံးဖြင့်ရိုက်ချိုး၍ ဝေဒနာကိုရှုမှတ်လေ၏။ အရုဏ်မတက်မီရဟန္တာဖြစ်လေ၏။ အောက်ပါ ဥဒါန်းကို ကျူးရင့်လေ၏။

"ဒါယကာတို့ ခြေ ၂-ချောင်းကို ရိုက်ချိုး၍ သင်တို့အားငါသည် သက်သေထူ၍ သိစေခဲ့၏၊ ရာဂနှင့်တကွ သေရခြင်းကို ငါစက်ဆုပ်ငြီးငွေ့၏၊ ရှက်လည်းရှက်ပါ၏၊ ဤအကြံဖြစ်ပေါ်၍ ငါသည်ဟုတ်တိုင်းမှန်စွာ ဝိပဿနာရှုပွားခဲ့ပါပြီ၊ အရုဏ်မတက်မီ အရဟတ္တဖိုလ် သို့ရောက်ပါပြီ"

ဤသို့အားဖြင့် တိဿရဟန်းသည် ပစ္စည်းမက်၍သေကြောင်းကြံသော ခယ်မဆိုး၏ဘေးရန်မှ လွတ်ကင်းသည့်အပြင် သံသရာတစ်လျှောက်လုံး တွေ့ကြုံရမည့် ဒုဂ္ဂတိဘေးဆိုးကြီးမှလည်း လုံးဝကုန်စင်ကင်းလွတ်ခဲ့ပါပြီ။ **(ဒီ၊ ဋ္ဌ၊ ၂၊ နှာ၊ ၃၃၉)**

http://www,dhammadownload.com



မှတ်ချက်။ ။ ၃၈- ဖြာမင်္ဂလာဝတ္ထုများကို သင်တန်းသားများအား အရေးခိုင်းရန်မလိုပါ၊ သင်တန်းသားများစိတ်ဝင်စားအောင် သင်တန်းဆရာက သာဓကအဖြစ် ပြောပြရန် ဖြစ်ပါသည်။ ဤဝတ္ထုများအပြင် ရာဇဝင်လာဖြစ်ရပ်များ၊ ဓမ္မသတ် ဝတ္ထုများနှင့် မျက်မှောက်ခေတ်အဖြစ်အပျက်များကိုလည်း သက်ဆိုင်ရာမင်္ဂလာနှင့်ညှိ၍ ပြောပေးရန်လိုပါသည်။ အချိန်ရသော် သင်တန်းသားများ ကိုယ်တိုင် ဤဝတ္ထုများကို လေ့လာဖတ်ရှုလာပါလိမ့်မည်။

http://www,dhammadownload.com

# အခန်း (၅)

# လူ့ကျင့်ဝတ်သင်တန်းပို့ချချက်

# လူမှုဆိုင်ရာ ကျင့်ဝတ်များ

## အလေးအမြတ်ပြုရမည့် အရပ် ခြောက်မျက်နှာ

အရှေ့ မိဘ၊ တောင်မှ ဆရာ၊ နောက်မှာ မယား၊ မြောက်ကား မိတ်ဆွေ၊ အောက်ခြေ ကျွန်မှတ်၊ ထက်ရပ် သံဃာ၊ မှတ်သားပါ၊ ခြောက်ဖြာတံခါးပေါက်။

## သားသမီးကျင့်ဝတ် ငါးပါး

၁။ ကျွေးမွေးမပျက်၊ ၂။ ဆောင်ရွက်စီမံ၊
၃။ မွေခံထိုက်စေ၊ ၄။ လှူမျှဝေ၍၊
၅။ စောင့်လေမျိုးနွယ်၊
ဝတ်ငါးသွယ်၊ ကျင့်ဖွယ် သားတို့တာ (ကျင့်ဖွယ်သမီးတို့တာ)။

## မိဘကျင့်ဝတ် ငါးပါး

၁။ မကောင်းမြစ်ထား၊ ၂။ ကောင်းရာညွှန်လတ်၊
၃။ အတတ် သင်စေ၊ ၄။ ပေးဝေနှီးရင်း၊
၅။ ထိမ်းမြားခြင်းလျှင်၊
ဝတ်ငါးအင်၊ ဖခင်မယ်တို့တာ။

## တပည့်ကျင့်ဝတ် ငါးပါး

၁။ ညီညာထကြွ(လာမှုကြိုဆီး)၊
၂။ ဆုံးမနာယူ၊

http://www,dhammadownload.com



၃ – ၄ ။ ထံနီးလုပ်ကျွေး(အတူနေ,အနီးနေ၍ လုပ်ကျွေးခြင်း၊)
၅ ။ သင်ထွေးအံ့ရွတ်
တပည့်ဝတ်၊ မချွတ်ငါးခုသာ။

## ဆရာကျင့်ဝတ် ငါးပါး

၁ ။ အတတ်လည်းသင်၊ ၂ ။ ပဲ့ပြင်ဆုံးမ၊
၃ ။ သိပ္ပမချန်၊ ၄ ။ ဘေးရန်ဆီးကာ၊
၅ ။ သင့်ရာအပ်ပို့၊
ဆရာတို့၊ ကျင့်ဖို့ ဝတ်ငါးဖြာ။

## လင်ကျင့်ဝတ် ငါးပါး

၁ ။ မထီမဲ့ကင်း၊ ၂ ။ အပ်နှင်းဥစ္စာ၊
၃ ။ မိစ္ဆာမမှား၊ ၄ ။ ဝတ်စားဆင်ယင်၊
၅ ။ မြတ်နိုးကြင်
ငါးအင် လင်ကျင့်ရာ။

## မယားကျင့်ဝတ် ငါးပါး

၁ ။ အိမ်တွင်းမှုလုပ်၊ ၂ ။ သိမ်းထုပ်သေချာ၊
၃ ။ မိစ္ဆာကြဉ်ရှောင်၊ ၄ ။ လျော်အောင်ဖြန့်ချိ၊
၅ ။ ပျင်းရိမမှု၊
ဝတ်ငါးဆူ၊ အိမ်သူ ကျင့်အပ်စွာ။

## မိတ်ဆွေကျင့်ဝတ် ငါးပါး

၁ ။ ပေးကမ်းချီးမြှင့်၊ ၂ ။ ကိုယ်နှင့်ယှဉ်ထား၊
၃ ။ စီးပွားဆောင်ရွက်၊ ၄ ။ နှုတ်မြွက်ချိုသာ၊
၅ ။ သစ္စာမှန်စေ၊
ဝတ်ငါးထွေ၊ ကျင့်လေ မိတ်သဟာ။

http://www,dhammadownload.com



## အလုပ်ရှင်(အရှင်)ကျင့်ဝတ် ငါးပါး

၁။ ဝစ္စာကျွေးမွေး၊ ၂။ ပြုရေးစီရင်၊

၃။ နာလျှင်ကုစေ၊ ၄။ ငှဝေရသာ၊

၅။ အခါကိုလွှတ်၊

အလုပ်ရှင်ဝတ်၊ မချွတ်ငါးခုသာ။

## အလုပ်သမား(ကျွန်)ကျင့်ဝတ် ငါးပါး

၁။ အိပ်သော် နောက်ကျ၊ ၂။ ထသော်ကား ရှေး၊

၃။ ပေးမှ ယူအပ်၊ ၄။ စေ့စပ် ဆောင်ရွက်၊

၅။ ကျေးဇူးမြွက်၊

ငါးချက် လုပ်သားဝတ်။

## ဒါယကာကျင့်ဝတ် ငါးပါး

၁။ မေတ္တာစိတ်သက်၊ ၂။ ဆောင်ရွက်ချစ်ခင်၊

၃။ ခင်မင် နှုတ်ချို၊ ၄။ လိုလျှင် ဖိတ်ထား၊

၅။ တတ်အားလှူစေ၊

ဝတ်ငါးထွေ၊ ပြုလေဒါယကာ။

## ရဟန်းကျင့်ဝတ် ခြောက်ပါး

၁။ မကောင်းမြစ်တား၊ ၂။ ကောင်းရာညွှန်လစ်၊

၃။ အသစ် ဟောကျူး၊ ၄။ နာဖူးထပ်မံ၊

၅။ နတ်ထံတင်ရာ၊ ၆။ မေတ္တာလည်းပြု၊

ရဟန်းမှု၊ ခြောက်ခု လွန်သချာ။

http://www,dhammadownload.com



## အဂတိတရား လေးပါး

၁။ **ဆန္ဒာဂတိ** = ချစ်သောကြောင့် (မျက်နှာလိုက်၍) မတရားပြုခြင်း။

၂။ **ဒေါသာဂတိ** = မုန်းသောကြောင့် မတရားပြုခြင်း။

၃။ **မောဟာဂတိ** = မသိသောကြောင့် မတရားပြုခြင်း။

၄။ **ဘယာဂတိ** = ကြောက်သောကြောင့် မတရားပြုခြင်း။

ဤတရားလေးပါးလိုက်စားလျှင် လဆုတ် ပက္ခလလို ဆုတ်ယုတ်မည်၊ ရှောင်ရှားလျှင် လဆန်းပက္ခလလိုတစ်နေ့တစ်ခြား ထွန်းလင်း တောက်ပမည်။

- ချစ်, မုန်း, ကြောက်ထွေ၊ တွေဝေသောအား၊ လွန်ကျူးမှားသော်၊ မပွားလရောင် ဆုတ်ယောင်သော်။
- ချစ်, မုန်း, ကြောက်ထွေ၊ တွေဝေသောအား၊ မလွန်ငြားသော်၊ တိုးပွားလရောင် ပြည့်ယောင်သော်။

## ဥစ္စာပျက်ကြောင်း ခြောက်ပါး

၁။ သေစာသောက်စား၊ ၂။ လမ်းသွားခါမဲ့၊
၃။ ရှုငဲ့ သဘင်၊ ၄။ ပျော်ရွှင်အန်လောင်း၊
၅။ မကောင်းမိတ်ဖျင်း၊ ၆။ ပျင်းရိခြင်းကား၊
ဥစ္စာ ပျက်ကြောင်းတည်း။

## အရက်သောက်ခြင်းအပြစ် ခြောက်ပါး

၁။ ဥစ္စာယုတ်ခြင်း၊ ၂။ ငြင်းခုံများစွာ၊
၃။ ရောဂါထူ ပြော၊ ၄။ ကျော်စောမဲ့တုံ၊
၅။ မလုံအင်္ဂါ၊ ၆။ ပညာနည်းရှား၊
ဤ ခြောက်ပါး၊ သောက်စားသေစာ အပြစ်တည်း။

http://www,dhammadownload.com



## အချိန်မဲ့သွားလာခြင်းအပြစ် ခြောက်ပါး

၁ – ၂ ။ ကိုယ့်သားမယား၊ ၃ ။ တစ်ခြားဥစ္စာ၊ လုံရာမဲ့ရှောင်း၊
၄ ။ မကောင်းအရာ၊ ရွံ့ရှာလေအပ်၊
၅ ။ ယိုးစွပ်ရောက်မှု၊ ၆ ။ ဆင်းရဲစုဟု၊
ခြောက်ခုခါမဲ့ သွားပြစ်တည်း။

## ပွဲသဘင်သွားခြင်း၏အပြစ် ခြောက်ပါး

၁ ။ ကခြင်းတစ်လီ၊ ၂ ။ သီခြင်းတစ်သီး၊
၃ ။ မှုတ်တီးတစ်သင်း၊ ၄ ။ ပြိန်ဖျင်းတစ်အုပ်၊
၅ ။ လက်ခုပ်တစ်တည်၊ ၆ ။ အိုးစည်တစ်ဖြာ၊ ရှိရာရှာဟု၊
ဥစ္စာပျက်မှု၊ ဤခြောက်ခုကား၊ ကြည့်ရှုသဘင်အပြစ်တည်း။

**မှတ်ချက်** ။ ။ **ကပွဲ၊ သီချင်းဆိုပွဲ၊ တီးမှုတ်ပွဲ၊ အကျိုးမရှိသော စကားဝိုင်း၊ လက်ခုပ်တီးပွဲ၊ အိုးစည်တီးပွဲ၊ သွားပါများလျှင် ကုသိုလ်ရေး၊ လိမ္မာရေး၊ စီးပွားရေးများ လစ်ဟင်းဆုံးရှုံးတတ်လေသည်။**

## လောင်းကစားခြင်းအပြစ် ခြောက်ပါး

၁ ။ နိုင်သူရန်ပွား၊ ၂ ။ ရှုံးသားစိုးရိမ်၊
၃ ။ စည်းစိမ်လျော့ပါး၊ ၄ ။ တရားသဘင်၊ မဝင်သက်သေ
၅ ။ မိတ်ဆွေနှိပ်ဆို၊ ၆ ။ မလိုထိမ်းမြား၊
ဤခြောက်ပါး၊ လောင်းကစားမှု အပြစ်တည်း။

## အပေါင်းအသင်းမကောင်းခြင်း၏အပြစ် ခြောက်ပါး

၁ ။ ကြွေအန်ကြူးထ၊ ၂ ။ မိန်းမကြူးထွေ၊
၃ ။ သေစာကြူးမှု၊ ၄ ။ အတုပြုဝြား၊ လှည့်စားတစ်ယောက်၊
၅ ။ မျက်မှောက်လှည့်ချက်၊ ၆ ။ နိုင်ထက်လုယူ၊

http://www,dhammadownload.com



ဤသို့ ခြောက်ပါး၊ မိတ်ဖြစ်လာကြောင့်၊ ပျက်ပြား မိတ်ဆွေအပြစ် တည်း။

## ပျင်းရိခြင်းအပြစ် ခြောက်ပါး

၁။ အချမ်းပြည့်ဝန်၊ ၂။ အလွန်ပူနိုး၊

၃။ မိုးချုပ်လှမော၊ ၄။ စောလွန်းလှယောင်၊

၅။ ဆာလောင်ပြင်းလှ၊

၆။ ဝမ်းဝလွန်ထွေ၊ နေကဥစ္စာ၊ မပွားရာသည်၊

ခြောက်ဖြာ ပျင်းသူ အပြစ်တည်း။

## မိတ်ဆွေတု လေးယောက်

► ယူမိတ် နှုတ်မိတ်၊ ချစ်ယောင်မိတ်၊ ယုတ်မိတ် မိတ်တုလေး။

► ရန်သူ မိတ်ဆွေ၊ ဤလေးထွေ၊ ရှောင်လေကင်း၍ဝေး။

၁။ အယူသာရှိ၍ အပေးမရှိသော မိတ်ဆွေတု၊
(**အညဒတ္ထုဟရ မိတ်တု**)။

၂။ နှုတ်သာပါ၍ လက်မပါသော မိတ်ဆွေတု
(**ဝစီပရမ မိတ်တု**)။

၃။ ရှေ့တွင်သာ အကောင်းပြောသော မိတ်ဆွေတု
(**အနုပိယဘာဏီ မိတ်တု**)။

၄။ ယုတ်မာမှုတွင် အဖော်ညှိသော မိတ်ဆွေတု
(**အပါယသဟာယ မိတ်တု**)။

## အညဒတ္ထုဟရ မိတ်တု လေးယောက်(သို့မဟုတ်) အင်္ဂါ လေးပါး

လက်ချည်းလာ၍၊ ဥစ္စာဆောင်သယ်၊ နည်းငယ်ဖြင့်သာ၊ များစွာလိုရှိ၊ ဘေးထိရောက်ခါ၊ ပြုလှာတုံ့ဘိ၊ မိမိအကျိုးငှာ၊ မှီလာပေါင်းယှဉ်၊ လေးယောက်စဉ်ကား၊ အညဒတ္ထုဟရတည်း။

http://www,dhammadownload.com



၁။ အယူသာရှိ၍ အပေးမရှိသူ (မရှိခြင်း)။

၂။ နည်းနည်းပေးပြီး များများရလိုသူ (ရလိုခြင်း)။

၃။ ဘေးရန်ကြုံမှ လုပ်ကိုင်ပေးသူ (လုပ်ကိုင်ပေးခြင်း)။

၄။ ကိုယ်ကျိုးငဲ့၍ ပေါင်းသူ (ပေါင်းခြင်း)။

## ဝစီပရမ မိတ်တု လေးယောက်(သို့မဟုတ်) အင်္ဂါ လေးပါး

ရှေ့ဖြင့်စေ့စပ်၊ တထပ်နှောက်မိုး၊ ချည်းနှီးသဂြိုဟ်၊ ပေးလိုစဟန်၊ ပစ္စုပ္ပန်မူ၊ ပြည့်ဖွန်ပျက်ပြား၊ ဤလေးပါးကား၊ မှတ်သားဝစီပရမတည်း။

၁။ လွန်ပြီးသားကိုပြော၍ လောကွတ်ပြုသူ (ပြုခြင်း)။

၂။ အနာဂတ်ကိုပြော၍ လောကွတ်ပြုသူ (ပြုခြင်း)။

၃။ ပစ္စည်းမပါ ဗလာချည်းနှီးဖြင့် လောကွတ်ပြုသူ (ပြုခြင်း)။

၄။ လောလောဆယ်ပျက်စီးမှုကို အကြောင်းပြသူ (ပြခြင်း)။

## အနုပိယဘာဏီ မိတ်တု လေးယောက်(သို့မဟုတ်) အင်္ဂါ လေးပါး

မကောင်းခွင့်ပြု၊ ကောင်းမှုကိုလျှင်၊ ဆင်ခြင်မရှု၊ ခွင့်ပြုသည်ပင်၊ ရှေ့တွင်ချီးမွမ်း၊ ဖုံးလွှမ်းကွယ်လျှင်၊ ကဲ့ရဲ့မြင်သည်၊ လေးအင်ပိယဘာဏီတည်း။

၁။ မကောင်းရာကို ခွင့်ပြုသူ (ခွင့်ပြုခြင်း)။

၂။ ကောင်းရာကိုလည်း ခွင့်ပြုသူ (ခွင့်ပြုခြင်း)။

၃။ ရှေ့တွင်သာချီးမွမ်းသူ (ချီးမွမ်းခြင်း)။

၄။ ကွယ်ရာ၌ ကဲ့ရဲ့သူ (ကဲ့ရဲ့ခြင်း)။

## အပါယသဟာယမိတ်တု လေးယောက်(သို့မဟုတ်) အင်္ဂါ လေးပါး

သောက်ထုတ်သေရက်၊ ညဉ့်နက်လမ်းသွား၊ ရှုစားသဘင်၊

http://www,dhammadownload.com



ပျော်ရွှင်အန်စာ၊ လေးရပ်မှာပင်၊ တကွထင်သည်၊ လေးအင်အပါယ်သဟဲ တည်း။

၁။ အရက်သောက်ရာ၌ အဖော်လုပ်သူ (လုပ်ခြင်း)။

၂။ အခါမဲ့သွားရာ၌ အဖော်လုပ်သူ (လုပ်ခြင်း)။

၃။ ပွဲသဘင်သွားရာ၌ အဖော်လုပ်သူ (လုပ်ခြင်း)။

၄။ လောင်းကစားရာ၌ အဖော်လုပ်သူ (လုပ်ခြင်း)။

## မိတ်ကောင်းမိတ်စစ် လေးယောက်

► ပြုမိတ်တူမိတ်၊ ဆရာမိတ်၊ ညှာမိတ် မိတ်စစ်လေး။

► ချစ်ဖော်မိတ်ဆွေ၊ ဤလေးထွေ၊ မသွေပေါင်းဖော်ရေး။

၁။ မိမိအား ကျေးဇူးပြုသော မိတ်ဆွေစစ်
(**ဥပကာရ မိတ်စစ်**)။

၂။ ချမ်းသာအတူ ဆင်းရဲအတူဖြစ်သော မိတ်ဆွေစစ်
(**သမာနသုခဒုက္ခ မိတ်စစ်**)။

၃။ အကျိုးစီးပွားကိုပြောကြားတတ်သောဆရာနှင့်တူသော မိတ်ဆွေစစ်
(**အတ္ထက္ခာယီ မိတ်စစ်**)။

၄။ ညှာညှာတာတာစောင့်ရှောက်တတ်သော မိတ်ဆွေစစ်
(**အနုကမ္ပ မိတ်စစ်**)။

## ဥပကာရ မိတ်စစ် လေးယောက်(သို့မဟုတ်) အင်္ဂါ လေးပါး

မေ့လျော့စောင့်လာ၊ ဥစ္စာစောင့်ရှောက်၊ ဘေးရောက်ကိုးကွယ်၊ ပြုဖွယ်ရှိက၊ နှစ်ဆဥစ္စာ၊ ချေးပေးလာသည်၊ လေးဖြာဥပကာရတည်း။

၁။ မေ့လျော့သောမိတ်ဆွေကိုစောင့်ရှောက်သူ
(**စောင့်ရှောက်ခြင်း**)၊

http://www,dhammadownload.com



၂။ မေ့လျော့သောမိတ်ဆွေ၏ဥစ္စာကို စောင့်ရှောက်သူ
(စောင့်ရှောက်ခြင်း)။

၃။ ဘေးအန္တရာယ်ကြုံက အားကိုးရသူ
(အားကိုးရခြင်း)။

၄။ အရေးကြုံက နှစ်ဆပေး၍ ကူညီတတ်သူ
(ကူညီခြင်း)။

## သမာန သုခ ဒုက္ခ မိတ်စစ် လေးယောက်(သို့မဟုတ်) အင်္ဂါ လေးပါး

လျှို့ဝှက်စကား၊ ကြားစတုံလျက်၊ တူလျှို့ဝှက်၍၊ ဘေးတွေ့မစွန့်၊ မတွန့်တိုပါ၊ သူ့ကိုညာလျက်၊ ကိုယ်သက်စွန့်မြောက်၊ ဤလေးယောက်ကား၊ မှုလောက်ချမ်းသာ ဆင်းရဲတည်း။

၁။ မိတ်ဆွေဖြစ်သူအား လျှို့ဝှက်သောစကားကိုပြောကြားသူ
(ပြောကြားခြင်း)။

၂။ မိတ်ဆွေဖြစ်သူ၏ လျှို့ဝှက်သင့်သောကိစ္စကို လျှို့ဝှက်ထားသူ
(လျှို့ဝှက်ထားခြင်း)။

၃။ မိတ်ဆွေဖြစ်သူ ဘေးအန္တရာယ်ကြုံတွေ့သော် မစွန့်သူ
(မစွန့်ခြင်း)။

၄။ မိတ်ဆွေ၏အကျိုးငှာ အသက်ကိုစွန့်သူ
(စွန့်ခြင်း)။

## အတ္ထက္ခာယီ မိတ်စစ် လေးယောက်(သို့မဟုတ်) အင်္ဂါ လေးပါး

မကောင်းမြစ်ထား၊ ကောင်းရာသွင်းထား၊ မကြားစတောင်း၊ အကြောင်းကြားလှာ၊ နတ်ရွာလမ်းပြ၊ ဤလေးဝကား၊ မည်ရအတ္ထက္ခာယီတည်း။

http://www,dhammadownload.com



၁ ။ မကောင်းရာကို တားမြစ်သူ
(တားမြစ်ခြင်း)။
၂ ။ ကောင်းရာကို သက်ဝင်စေသူ
(သက်ဝင်စေခြင်း)။
၃ ။ မကြားဖူးသေးသောကုသိုလ်တရားကိုပြောကြားသူ
(ပြောကြားခြင်း)။
၄ ။ နတ်ရွာနိဗ္ဗာန်ခရီးကို ညွှန်ပြတတ်သူ
(ညွှန်ပြခြင်း)။

## အနုကမ္ပမိတ်စစ် လေးယောက်(သို့မဟုတ်) အင်္ဂါ လေးပါး

ဥစ္စာခမ်းနား၊ မပွားသမြို့၊ မနှစ်လို့ငြား၊ ပွားကစ္ဆင်မြူး၊ ကျေးဇူးမဲ့ကို၊ ဆိုသော်တားမြစ်၊ ကျေးဇူးဖြစ်ကို၊ ဆိုသော်ချီးမွမ်း၊ သူတို့တမ်းကား၊ မိတ်ကျွမ်းအနုကမ္ပတည်း။

၁ ။ မိတ်ဆွေဖြစ်သူ ဆုတ်ယုတ်ပျက်စီးမည်ကိုမလိုလားသူ
(မလိုလားခြင်း)။
၂ ။ မိတ်ဆွေဖြစ်သူ တိုးတက်ကြီးပွားမည်ကို လိုလားသူ
(လိုလားခြင်း)။
၃ ။ မိတ်ဆွေဖြစ်သူ၏ကျေးဇူးမဲ့ကိုပြောလာလျှင် တားမြစ်သူ
(တားမြစ်ခြင်း)။
၄ ။ မိတ်ဆွေဖြစ်သူ၏ကျေးဇူးကိုပြောလာလျှင် ချီးမွမ်းသူ
(ချီးမွမ်းခြင်း)။

**မှတ်ချက် ။ ။ အထက်ဖော်ပြပါ ကျင့်ဝတ်များမှာ သိင်္ဂါလသတို့သားကို မြတ်စွာဘုရား ဟောကြားသော ကျင့်ဝတ်များ ဖြစ်ပါသည်။**

http://www,dhammadownload.com



## ကြီးသူကျင့်ဝတ်(နာယကဂုဏ်) ခြောက်ပါး

ထကြွနိုးကြား၊ သနားသည်းခံ၊ ဝေဖန်ကြည့်ရှု၊ ဤခြောက်ခုကား၊ ကြီးသူကျင့်ရာ တရားတည်း။

**၁ ။ ထကြွလုံ့လရှိခြင်း** =ဥဋ္ဌာနဂုဏ်။

**၂ ။ နိုးကြားခြင်း** =ဇာဂရိယဂုဏ်။

**၃ ။ သနားခြင်း** =ဒယာဂုဏ်။

**၄ ။ သည်းခံခြင်း** =ခမာဂုဏ်။

**၅ ။ ဝေဖန်ခွဲခြားတတ်ခြင်း** =သံဝိဘာဂဂုဏ်။

**၆ ။ အမြော်အမြင်ကြီးခြင်း**= ဥက္ကဋ္ဌတာဂုဏ်။

## နာယကမတင်ထိုက်သူ(နာယကဂုဏ်) ခြောက်ဦး

ဂဏန်းပုတ်သင်၊ ကိုင်းပင်နွားသိုး၊ လိပ်မျိုးခွေးအ၊ ဤခြောက်ဝ၊ နာယကမတင်ထိုက်။

**၁ ။** ဂဏန်းကဲ့သို့
အမြဲလက်မထောင်လေ့ရှိသူ။

**၂ ။** ပုတ်သင်ကဲ့သို့
သူတစ်ပါးလုပ်သမျှ ခေါင်းညိတ်တတ်သူ။

**၃ ။** လေလာရာ ယိမ်းပါတတ်သော ကိုင်းပင်ကဲ့သို့
ဟိုဘက်, သည်ဘက် ယိမ်းပါတတ်သူ။

**၄ ။** နွားသိုးကဲ့သို့
ရှုးရှုးဒိုင်းဒိုင်းပြုမူ၍ စိတ်တိုတတ်သူ။

**၅ ။** လိပ်ကဲ့သို့
ကိုယ့်ဘက်ကိုယက်တတ်သူ။

http://www,dhammadownload.com



၆ ။ ခွေးအကဲ့သို့
စားပိုးနှင့်အောင်စားပြီး ဇိမ်ခံတတ်သူ။

## ကြယ်ဝချမ်းသာကြောင်း လောကီသမ္ပဒါ လေးပါး

၁ ။ ဥဋ္ဌာနသမ္ပဒါ = ထကြွလုံ့လဝီရိယရှိခြင်း။
၂ ။ အာရက္ခသမ္ပဒါ = ရရှိပြီးစည်းစိမ်ဥစ္စာကို မပျက်စီးအောင် ထိန်းသိမ်း စောင့်ရှောက်ခြင်း။
၃ ။ ကလျာဏမိတ္တသမ္ပဒါ = မိတ်ဆွေကောင်းနှင့်ပြည့်စုံခြင်း။
၄ ။ သမဇီဝိတသမ္ပဒါ = ဥစ္စာအင်အား ဝင်ငွေ, ထွက်ငွေ မျှတ တိုင်းထွာ၍ အသက်မွေးခြင်း။။

- ထကြွသိမ်းဆဲ၊ မျှသုံးစွဲ၊ ပေါင်းမြဲမိတ်ဆွေကောင်း။
- လောကီရေးမှာ၊ ပြည့်စုံပါ၊ မှန်စွာကြီးပွားကြောင်း။

## သာဓုနရတရား လေးပါး

၁ ။ ရှေးသူတော်ကောင်းတို့ သွားရာလမ်းကိုလိုက်ခြင်း။
၂ ။ စိုသောလက်ကို အခြောက်မခံခြင်း(ရှိပြီးမိတ်အပျက်မခံခြင်း)။
၃ ။ မိတ်ဆွေကို မပြစ်မှားခြင်း။
၄ ။ မိန်းမ မလုံမလဲ်စားခြင်း။ **(ဝိဓုရအမတ်ကြီးတရား)**

## ဗြဟ္မစိုရ်တရား လေးပါး

၁ ။ **မေတ္တာ** = ချစ်ခင်ခြင်း၊ ၂ ။ **ကရုဏာ**= သနားကြင်နာခြင်း၊
၃ ။ **မုဒိတာ** = ဝမ်းမြောက်ခြင်း၊
၄ ။ **ဥပေက္ခာ** = ကံတရားအတိုင်း၊ (လျစ်လျူရှုခြင်း)။

ဤကမ္ဘာကြီးသာယာငြိမ်းချမ်းအောင် ဤတရားလေးပါးက စွမ်းဆောင်နိုင်ပါသည်၊ ထို့ကြောင့် ဗြဟ္မာစိုရ်တရားလေးပါးကို ကြိုးစား၍ လိုက်နာကြပါ။

http://www,dhammadownload.com



## လောကပါလတရား နှစ်ပါး

ဟိရိသြတ္တပ္ပ (အရှက်နှင့်အကြောက်) တရားနှစ်ပါး ကိန်းဝပ်သော် ကမ္ဘာသူ,ကမ္ဘာသားများ ကိုယ်,နှုတ်,စိတ် ယဉ်ကျေးလိမ္မာနိုင်၏။ အရှက်,အကြောက်တရား ၂-ပါး ပျက်ပြားသော် လူတို့၏ ကိုယ်,နှုတ်, စိတ် အမှုအရာများ ရိုင်းပျတတ်၏၊ ထို့ကြောင့် ဟိရိသြတ္တပ္ပတရား ၂-ပါးကိုစောင့်ထိန်းရန် အရေးကြီး၏၊ လောကကြီးမပျက်စီးအောင် စောင့်ရှောက်တတ်၍ ဤတရား ၂-ပါးကို"လောကပါလ" ကမ္ဘာစောင့် တရားဟုခေါ်၏။

**၁**။ ဝက်သည်မစင်ကိုမရွံသကဲ့သို့ အရှက်တရားမရှိသူသည် ဒုစရိုက် အမှုကိုပြုရန် ဝန်မလေး။

**၂**။ ပိုးဖလံသည် မီးပုံကိုတိုးရန် မကြောက်သကဲ့သို့ သြတ္တပ္ပတရား မရှိသူသည်လည်း ဒုစရိုက်အမှုကိုပြုရန် ဝန်မလေးချေ။

## ပြဿနာဖြေရှင်းနည်း ငါးမျိုး

**၁**။ ဂါထာမန္တာန်ဖြင့် ဖြေရှင်းနည်း။

**၂**။ ပညာရှိနှင့်တိုင်ပင်၍ ဖြေရှင်းနည်း။

**၃**။ ချစ်ဖွယ်သောစကားကိုဆို၍ ဖြေရှင်းနည်း။

**၄**။ လက်ဆောင်ပေး၍ ဖြေရှင်းနည်း။

**၅**။ ဆွေမျိုးစပ်၍ ဖြေရှင်းနည်း။ **(ဧနက္ကဇာတ်တော်ကြီး)**

## လမ်းလျှောက်ခြင်းအကျိုး ငါးပါး

**၁**။ ခရီးသွားနိုင်၊ **၂**။ ကြံ့ခိုင်အားအင်၊

**၃**။ ကင်းစင်ရောဂါ၊ **၄**။ အစာကြေလျက်၊

**၅**။ မပျက်သမာဓိ။

ငါးပါးရှိ၊ သွားသည့်စင်္ကြံ အကျိုးတည်း။

http://www,dhammadownload.com



## အသင်းအဖွဲ့ပျက်စီးကြောင်းတရား ခြောက်ပါး

၁။ အမျက်ထွက်လွယ်ခြင်း၊ ၂။ ရန်ငြိုးဖွဲ့ခြင်း၊

၃။ ကျေးဇူးမဲ့ကိုသာဆိုခြင်း၊ ၄။ ဂုဏ်တု,ဂုဏ်ပြိုင်ပြုခြင်း၊

၅။ ငြူစူခြင်း၊ ၆။ ဝန်တိုခြင်း။

► စိတ်တိုငြိုးဖွဲ့၊ ချေဖွဲ့ကျေးဇူး၊
ဂုဏ်ထူးသူကို၊ ဖက်ပြိုင်လိုမှု၊
ဝန်တိုမှုဟူ၊ ငြူစူတတ်ငြား၊ ဤခြောက်ပါး၊
ကွဲပြားကြောင်းဟုမှတ်။

## သိကြားလောင်းကျင့်ဝတ်

လုပ်ကျွေးမိဘ၊ ဖေဒွေရိုသေ၊ မှန်စေသစ္စာ၊
ပိသုဏာနှင့်၊ ဖရုသာပစ်၊ မစ္ဆေဝန်တို၊
မရှိလိုပဲ၊ မျက်ကိုရှောင်ရှား၊ ခုနစ်ပါးသည်၊
သိကြားဖြစ်ကြောင်း ကျင့်ဝတ်တည်း။

၁။ မိဘကိုလုပ်ကျွေးခြင်း၊ ၂။ ကြီးသူကိုရိုသေခြင်း၊

၃။ သစ္စာရှိခြင်း၊ ၄။ ကုန်းမတိုက်ခြင်း၊

၅။ ပြေပြစ်သိမ်မွေ့ခြင်း၊ ၆။ ဝန်တိုမှုကင်းခြင်း၊

၇။ အမျက်မထွက်ခြင်း။

(သံ၊ ၁၊ နှာ၊ ၂၃၀၊ ဝတပဒသုတ်)

## လူတန်းစား ကွဲပြားရခြင်း၏အကြောင်းများ

| **အကြောင်းအရာ** | **အကျိုး၊ အပြစ်** |
|---|---|
| ၁။ ပါဏာတိပါတ ပြုခဲ့သောကြောင့် | အသက်တိုခြင်း။ |
| ၂။ ပါဏာတိပါတကင်းသောကြောင့် | အသက်ရှည်ခြင်း။ |

http://www,dhammadownload.com



၃ ။ သူတပါးကိုညှဉ်းဆဲသောကြောင့် ရောဂါများခြင်း။
၄ ။ သူတပါးကိုမညှဉ်းဆဲသောကြောင့် ရောဂါနည်းခြင်း။
၅ ။ ဒေါသကြီးခြင်းကြောင့် အဆင်းမလှ။
၆ ။ ဒေါသနည်းသောကြောင့်(မေတ္တာသွားရှ်) အဆင်းလှ။
၇ ။ ဣဿာ(ငြူစူခြင်း)ကြောင့် တန်ခိုး၊ ဩဇာ၊ အခြွေအရံနည်း။
၈ ။ ဣဿာ(ငြူစူခြင်း)ကင်းသောကြောင့် တန်ခိုး၊ ဩဇာ၊ အခြွေအရံများ။
၉ ။ ဒါနနည်းသောကြောင့် ဆင်းရဲ။
၁၀ ။ ဒါနများသောကြောင့် ချမ်းသာ။
၁၁ ။ မာနရှိသောကြောင့်(ဂါရဝ နိဝါတကင်း၍) အမျိုးယုတ်ည့ံ။
၁၂ ။ မာနကင်းသောကြောင့်(ဂါရဝ နိဝါတရှိ၍) အမျိုးမြတ်။
၁၃ ။ ပညာရှိကိုမမှီဝဲသောကြောင့် ပညာဉာဏ်ခေါင်းပါး။
၁၄ ။ ပညာရှိကိုမှီဝဲသောကြောင့် ပညာဉာဏ်ကြီးမား။

(ဥပရိပဏ္ဏာသပါဠိ စူဠကမ္မဝိဘင်္ဂသုတ်တွင် ဘုရားဟောသည်။)

## ရှင်မဟာရဋ္ဌသာရ၏ လင်္ကာ

မြတ်ယုတ်မျိုးရိုး၊ တန်ခိုးထင်တိမ်၊ စည်းစိမ်သုခ၊ ရ, မရနှင့်၊ ရောဂါနည်းများ၊ ပိုင်းခြားခန့်တွက်၊ အသက်တိုရှည်၊ လှသည်ရုပ၊ မလှ ရုပ်ဝါ၊ ပညာရှိမဲ့၊ တစ်ဆယ့်လေးပါး၊ ဤအပြားလည်း၊ သိကြားပရမိသွာ၊ ဗြဟ္မာနတ်ခေါင်၊ တောတောင်မီးရှေ၊ မိုးလေခပင်း၊ ဖန်ဆင်းမတတ်၊ ကမ္မဿကာ၊ မှတ်ထင်ရာသည်၊ ယင်းသာ ဘူတဝါဒီတည်း။

(ကိုးခန်းပျို့ပုဒ်ရေ ၄၂ မှ)

http://www,dhammadownload.com



## ယုတ်,မြတ်နှစ်ပါး ကံတရား

၁။ ကံလျှင်ဥစ္စာ၊ သတ္တဝါ၊ သူငါရှိကြသည်
(ကမ္မဿကာ)။

၂။ ကံလျှင်အမွေ၊ ခံစံပေ၊ ခွဲဝေယူရသည်
(ကမ္မဒါယာဒါ)။

၃။ ကံလျှင်အကြောင်း၊ ဆိုးအကောင်း၊ အပေါင်းမှန်လှသည်
(ကမ္မယောနိ)။

၄။ ကံလျှင်ဆွေမျိုး၊ ကောင်းအဆိုး၊ ကြောင်းကျိုးမှန်လှသည်
(ကမ္မဗန္ဓု)။

၅။ ကောင်းဆိုးကံသာ၊ ကိုးကွယ်ရာ၊ သေချာမှန်လှသည်
(ကမ္မပဋိဿရဏာ)။

၆။ ယုတ်မြတ်နှစ်ပါး၊ ကံတရား၊ ခွဲခြားကျိုးပေးသည်
(ကမ္မံသတ္တေ ဝိဘဇတိ ယဒိဒံဟီနပ္ပဏီတတာယ)။

၇။ ဗြဟ္မာ, နတ်, လူ၊ ဖန်ဆင်းယူ၊ ဘယ်သူမဟုတ်ပြီ။

## ယဉ်ကျေးမှုဆိုင်ရာကဗျာများ

**မေး** ။ ။ ဘုရား၊ သံဃာ၊ ဆရာသမား၊ ထံတော်ပါး၊ ခစားဘယ်သို့ဝင် မည်နည်း။

**ဖြေ** ။ ။ လက်ကန့်တော့ထိုး၊ လက်အုပ်မိုး၊ ညွတ်လျိုးဝင်ပါမည်။

**မေး** ။ ။ ဝတ်ချခဲ့သော်၊ တည်ငါးဖော်၊ ညီလျော်ဘယ်သို့ ချမည်နည်း။

**ဖြေ** ။ ။ နဖူး,ဒူး,လက်၊ မြေထက်ကျပြား၊ တည်ခြင်းငါး၊ ဝပ်တွားချပါမည်။

http://www,dhammadownload.com



**မေး** ။ ။ အဘယ်တရား၊ ကိုယ်တွင်ထား၊ ခံစားရမည်နည်း။

**ဖြေ** ။ ။ ဂါဝရမေတ္တာ၊ သဒ္ဓါဆန္ဒ၊ ဓမ္မလေးပြု၊ ငါးခုတရား၊ ကိုယ်တွင်ထား ခံစားရပါမည်။

**မေး** ။ ။ ဆရာသမား၊ ခွင့်လွှတ်ငြား၊ ထသွားဘယ်သို့ပြုမည်နည်း။

**ဖြေ** ။ ။ ထည်ခြင်းငါးဖြာ၊ ညီညာဝပ်ချ၊ နောက်ဆုတ်ထ၊ တုပ်ကွလက်အုပ်ချီပါမည်။

**မေး** ။ ။ မိမိနေရာ၊ ထေရ်သံဃာ၊ ကြွလာဘယ်သို့ ပြုမည်နည်း။

**ဖြေ** ။ ။ ရှေးရှုထလျက်၊ လက်အုပ်ချီကာ၊ နေရာခင်းပေး၊ အကြောင်းမေး၊ မြတ်လေးရိုသေပြုပါမည်။

**မေး** ။ ။ လမ်းသွား,လမ်းလာ ထေရ်သံဃာ၊ တွေ့လာဘယ်သို့ပြုမည်နည်း။

**ဖြေ** ။ ။ အခွင့်သာလျှင်ထိုင်၊ မထိုင်သာလျှင် လက်အုပ်မိုး၊ ရှိခိုးလမ်းဖယ်သွားပါမည်။

**မေး** ။ ။ ရဟန်းသံဃာ တွေ့သောခါ၊ ဦးစွာဘယ်သို့လျှောက်မည်နည်း။

**ဖြေ** ။ ။ လိုရာတောင်းရန်၊ ဆုံးမရန်၊ ဖိတ်မန်လျှောက်ပါမည်။

**မေး** ။ ။ ဘုရား,သံဃာ၊ ရှေ့တော်မှာ၊ ကောင်းစွာဘယ်သို့ နေမည်နည်း။

**ဖြေ** ။ ။ မျက်နှာချလျက်၊ လက်အုပ်ယှက်၊ နှစ်ဖက်ဒူးပေါ်ထားပါမည်။

**မေး** ။ ။ ရိုသေနည်းပါး၊ ကိုယ်တော်စား၊ စကားဘယ်သို့ သုံးမည်နည်း။

**ဖြေ** ။ ။ ဦးပဉ္ဇင်း,ကိုရင်၊ အရှင်ဘုန်းကြီး၊ တစ်သီးဆရာတော်၊ ဤငါး

http://www,dhammadownload.com



ဖော် နောက်သော်ဘုရား၊ ထည့်ဆက်ပြား၊ လျှောက်ထား ခေါ်ဆိုရပါမည်။

**မေး** ။ ။ လျှောက်ထားဘွယ်၊ သွယ်သွယ်စကား၊ နောက်ဆွယ်ဖျား၊ စကားဘယ်သို့ထည့်မည်နည်း။

**ဖြေ** ။ ။ လျှောက်ထားဘွယ်၊ သွယ်သွယ်စကား၊ နောက်ဆွယ်ဖျား၊ ပါဘုရားကိုထည့်ပါမည်။

**မေး** ။ ။ စားဖွယ်သုံးရာ၊ အဖြာဖြာ၊ ကောင်းစွာဘယ်သို့ ကပ်မည်နည်း။

**ဖြေ** ။ ။ နှစ်တောင်ထွာတွင်း၊ ဝဲဘက်ချဉ်းလျက်၊ ဒူးစုံယှက်၊ နှစ်ဖက် ကပ်ပါမည်။

**မေး** ။ ။ ထိုထိုအရာ၊ ပေးသောအခါ၊ ကောင်းစွာဘယ်သို့ယူမည် နည်း။

**ဖြေ** ။ ။ ကိုယ်ကိုညွှတ်လျက်၊ လက်အုပ်ယှက်၊ နှစ်ဖက်ယူပါမည်။

**(ဝိသုဒ္ဓါရုံဂုဏ်တော်ဖွင့်မှ)**

## ယဉ်ကျေးလိမ္မာ ဆုံးမစာ သံပေါက်ကဗျာများ

**၁ ။** အနန္တငါး၊ ဦးထိပ်ထား၊ ညွှတ်တွားပါကွဲ့ မမေ့နဲ့။

**၂ ။** ဆရာ,မိဘ၊ ဆိုဆုံးမ၊ လိုက်နာကြကွဲ့ မမေ့နဲ့။

**၃ ။** မိဦးဖဦး၊ ဆရာဦး၊ ရှုး၍နေ်ကွဲ့ မစားနဲ့။

**၄ ။** ကိုယ့်ထက်ကြီးသူ၊ ပြောဆိုမူ၊ နင် ငါဟူ၍ မပြောနဲ့။

**၅ ။** သူများကိုသာ၊ ရန်မရှာ၊ မခံချင်တာ မပြောနဲ့။

**၆ ။** ယဉ်ကျေးအောင်သွား၊ ယဉ်အောင်စား၊ စကားပြောလည်း ယဉ် စေကွဲ့။

**၇ ။** ပရမ်းပတာ၊ သူ့ထက်ငါ၊ လုယက်ကာကွဲ့ မစားနဲ့။ (မသွားနဲ့၊ မပြောနဲ့၊ မရပ်နဲ့၊ မထိုင်နဲ့၊ မအိပ်နဲ့။)

http://www,dhammadownload.com



၈။ ထမင်းစားရာ၊ အစားစာ၊ များစွာစကား မပြောနဲ့။

၉။ ငြိမ်သက်သားနား၊ သတိထား၊ ကောင်းကောင်းစားကွဲ့ ဖိတ်စေနဲ့။

၁၀။ စားပြီးသောခါ၊ စင်ကြယ်စွာ၊ ဆေးကြောပါကွဲ့၊ ကောင်းကောင်းတဲ့။

၁၁။ လက်ကိုလျက်ကာ၊ မစားရာ၊ ရှောင်ရှားပါကွဲ့၊ ကောင်းကောင်းတဲ့။

၁၂။ နှုတ်ခမ်း,ပါးနား၊ လျက်ကာစား၊ ရှောင်ရှားပါကွဲ့၊ ကောင်းကောင်းတဲ့။

၁၃။ လျှာကိုထုတ်ကာ၊ မစားရာ၊ ရှောင်ရှားပါကွဲ့ ကောင်းကောင်းတဲ့။

၁၄။ ဟင်းရေသောက်ပြန်၊ ရှုး‌ရှုးသံ၊ စကန်မပြုနဲ့။

၁၅။ ထမင်း,ဟင်းပေလျက်၊ သောက်ရေခွက်၊ လက်နှင့်မကိုင်နဲ့။

၁၆။ အိမ်ပေါ်,ကျောင်းပေါ်၊ ဇရပ်ပေါ်၊ သွားသော် ခြေနင်းမပြင်းနဲ့။

၁၇။ ရဟန်းသံဃာ၊ ရှေ့မှောက်မှာ၊ ရိုသေစွာတဲ့ သွားပါကွဲ့။

၁၈။ လူကြီးသူမ၊ ရှေ့သို့ကျ၊ ကုန်းကွ၍တဲ့ သွားပါကွဲ့။

၁၉။ ဒူးထောင်,ပေါင်ကား၊ ဆရာနား (မိဘနား)၊ အလျားမှောက်၍ မနေနဲ့။

၂၀။ အိပ်ရာနေရာ၊ အိပ်ပြီးခါ၊ သိမ်းကြပါကွဲ့၊ ကောင်းကောင်းတဲ့။

၂၁။ သောက်ရေ,သုံးရေ၊ မရှိချေ၊ ရေကိုခပ်ကွဲ့ မပျင်းနဲ့။

၂၂။ ကျောင်းတွင်း,အိမ်တွင်း၊ ရှုပ်နေလျှင်း၊ သန့်ရှင်းအောင်တဲ့ ပြုပါကွဲ့။

၂၃။ မိန်းကလေးမှာ၊ အရာရာ၊ ပြာတီးပြာတာ မရှုပ်နဲ့။

၂၄။ မိန်းမ, မင်း, ဆင်၊ ရဟန်းပင်၊ ကလေးရှင်ကွဲ့ လေးဦးတဲ့။

၂၅။ မိန်းမကလေး၊ သိရှိသရေ၊ စိန်ကုဋေတန်သကွဲ့၊ မှတ်လေတဲ့။

http://www,dhammadownload.com



၂၆။ ကျောင်းပစ္စည်းကို၊ မယူလို၊ မြွေဆိပ်လိုတဲ့ ကြောက်ပါကွဲ့။
၂၇။ မျက်မှောက်တသွယ်၊ မျက်ကွယ်တခြား၊ အကျင့်မှား၊ ရှောင်ရှားပါကွဲ့၊ ကောင်းကောင်းတဲ့။
၂၈။ အများပိုင်ကို၊ ကိုယ့်ဟာလို၊ ရိုသေကြကွဲ့၊ ကောင်းကောင်းတဲ့။
၂၉။ ဝေယျာဝစ္စာ၊ ကျောင်းအိမ်မှာ၊ လျော်စွာလုပ်ကွဲ့ မခိုနဲ့။
၃၀။ ဧည့်သည် အာဂန္တု၊ ရောက်လာမူ၊ ဆူ၍ညံကာ မနေနဲ့။
၃၁။ လူရုပ်,လူပွေ၊ လူယုတ်တွေ၊ ရှောင်လေရှားကွဲ့ ဝေးဝေးတဲ့။
၃၂။ ဘိန်း,အရက်ကို၊ မရှုလို၊ မစင်လိုတဲ့ ရွံ့ပါကွဲ့။
၃၃။ ကုန်းချောကြမ်းကြုတ်၊ အကျင့်ယုတ်၊ မဟုတ်စကား မပြောနဲ့။
၃၄။ ဘုရား,ပုထိုး၊ ဦးညွှတ်ကျိုး၊ ရှိခိုးအိပ်ကွဲ့ မမေ့နဲ့။
၃၅။ မိခင်,ဖခင်၊ ဆရာရှင်၊ နေ့စဉ်မမေ့နဲ့ ရှိခိုးကွဲ့။
၃၆။ သူကပြုဖူး၊ သူ့ကျေးဇူး၊ အထူးမမေ့နဲ့ ပြန်ဆပ်ကွဲ့။

## ဆုတောင်း

သူငယ်များအတွက် အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းစာမူကို စီစဉ်ပြုစုရသောကောင်းမှုကြောင့် အများအကျိုးကို ရွက်ဆောင်သည်ပိုးနိုင်သော သုတဗုဒ္ဓဖြစ်ရပါလို၏။

အရှင်ပညာသာမိ (၉၁၇၈မိ-သာစည်)
သင်တန်းနည်းပြဆရာတော်
အခန်း ၅၂၊ ဇမ္ဗူဒိပကျောင်းဆောင်
ကမ္ဘာအေး၊ ရန်ကုန်။
ဖုံး – ၆၀၁၄၉

http://www,dhammadownload.com

# ပါဠိပြ (တပေ) ပါရမီစာပေတွင်ရရှိနိုင်သောစာအုပ်များ

**မင်းဗူးဦးပြညာသ**

- ဝေဿန္တရာဇာတ်တော်ကြီး၊
- မဟာဇနကဇာတ်တော်ကြီး၊

**မျော်ဘီ သာသနာ့ဝန်ဆောင်ဆရာတော် အရှင်ကုမာရ**

- မြောင်းမြဆရာတော်နှင့်ဗုဒ္ဓမြတ်စွာသာသနာ၊
- ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်း [ပ],[ဒု]၊
- သင်္ဂဟပန်းကုံး၊
- ပဋ္ဌာနပန်းကုံး၊
- ယမကပန်းကုံး [ပ],[ဒု]၊
- အလင်္ကာပန်းကုံး၊
- မာတိကာပန်းကုံး၊
- ဓမ္မပဒပန်းကုံး၊
- ဓာတွတ္ထပန်းကုံး၊

**ရှဝေထွန်း**

- ဘိက္ခုနီသာသနာနှင့်သီလရှင်သမိုင်း၊
- The Buddhist Nun၊

**မာဂဓီ(သာစည်)**

- အခါတော်နေ့များ၊
- ပဋ္ဌာန်းပူဇော်ပွဲ၊
- ဆယ်စောင်တွဲသင်တန်း၊

**သာမဏေကျော်**

- မှတ်သားလိုက်နာဖွယ် ဘုရားစကား ၅၀၊
- ကြည်ညိုဖွယ်ရာ အရှင်သာရိပုတ္တရာ၊
- ပြောချင်တာလေးတွေ၊
- နံနက်ခင်းသြဝါဒများ၊
- တွေးမိတာလေးတွေ၊
- နေမဝင်ခင် ရိက္ခာပြင်၊
- လူပီသသူ၊
- ဘုရားနဲ့စပ်အထူးမှတ်ဖွယ်၊
- ပြောချင်တာလေးတွေ၊
- စကားကိုဘယ်လိုပြောရမယ်၊
- နေမဝင်ခင် ရိက္ခာပြင်၊
- လူပီသသူ၊
- နံနက်ခင်းသြဝါဒများ၊
- မဟာဂန္ဓာရုံပုံဝတ္ထုအဆုံးအမ၊
- မဟာစည်ဆရာတော်နှင့်ယနေ့ခေတ်ဝိပဿနာရှုနည်းများ၊

**Ven. S. Dhammika**

- Good Question & Good Answer၊

**ဦးစိုးကျား**

- ငါးရာ့ငါးဆယ်ကောက်နုတ်ချက်များ [ပ],[ဒု],[တ]၊
- ကိုယ်တွေ့ဝတ္ထုများ၊
- ၃၇ မင်း၊

http://www,dhammadownload.com

- သီပေါမင်း ပါတော်မူ အရေးတော်ပုံ၊
- မြန်မာ့ဂုဏ်ရည်သူ ရဲကောင်းများ၊

**ဒဂုန်ဦးထွန်းမြင့်**

- အခြေခံလူ့ကျင့်ဝတ်၊
- ဗုဒ္ဓဘာသာနှင့်မြန်မာ့ယဉ်ကျေးမှု၊

**သုခ**

- မေတ္တာသုတ်၊
- မင်္ဂလသုတ်၊
- ရတနသုတ်၊
- တောဘုမ္မာအဖွင့်၊
- လောကနီတိ၊
- သဗ္ဗေသတ္တာ၊
- ဇေယျတုသဗ္ဗမင်္ဂလံ၊
- အမေ၊
- ရာမာခရစ်ရှနာ၏ပုံပြင်များ၊
- ဓမ္မကထာ စာပဒေသာ၊
- ဓမ္မရသ အလှမျိုးစုံ စာမျိုးစုံ၊
- အကျော်ဒေးယျ ဗုဒ္ဓသမီးတော်များ၊

**ဦးသော်ဇင်**

- ဓမ္မပဒ၊
- မိလိန္ဒပဥှာ၊

**ပါဠိပါရဂူဦးအောင်မိုး**

- ကုသိုလ်အကျိုးပြတရားတော်များ(ပ)၊(ဒု)၊
- ဓမ္မသေနာပတိ အရှင်သာရိပုတ္တရာ၊

**Shwe Aung**

- Buddha၊

**တက္ကသိုလ်ဘုန်းသိုက်**

- ကံဇာတ်လမ်းဉာဏ်ဖြတ်သန်း ချမ်းသာရွှေပြည်နန်း၊

**ပန်းအကကိုတင်မြင့်**

- ဘာသာသွေး နွေးပါစေ၊

**အိတ်ဆောင်စာအုပ်များ**

- ပရိတ်ကြီးပါဠိတော်၊
- သေခြင်း၊
- ပဋ္ဌာန်းပါဠိတော်၊
- သံဝေဂကထာ၊
- ပဋ္ဌာန်းပါဠိတော်အသံထွက်၊
- ဓမ္မစကြာပါဠိတော်၊
- လူငယ်မျက်ရှု ယဉ်ကျေးမှု၊
- ဥစဖြာမင်္ဂလာ၊
- ဓမ္မစကြာ၊
- သြကာသရှင်းတမ်း၊
- ဓာရဏ၊ပရိမိတ္တဇာလ၊အာဘိဏှ၊သံဗုဒ္ဓေ၊
- လောကနီတိ၊

**မောင်ထင်**

- ကိုဒေါင်း၊
- ငဘ၊

**မန်းတင်**

- မြို့ပိုင်မောင်ပြုံးချို၊
- နယ်ပိုင်မောင်ပြုံးချို၊

http://www,dhammadownload.com

**သန်းဆွေ**
- ချစ်ထံတဲ့ချာရှင်၊

**မောင်အုန်းဇေ**
- သူဌေးဖြစ်ဖို့၊

**ချမ်းနိုင်(စိတ်ပညာ)**
- ချစ်လို့ပြောတာမှတ်ပါ၊
- အောင်မြင်ခြင်းရွှေစည်းမျဉ်း၊
- ချစ်စွာသောတူမောင်၊

**ခိုန်ခိုန်**
- ခရီးဝင်ပါ၊

**ထက်ခေါင်**
- တု တူ တူး၊

**ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်)**
- သားနဲ့မိဘ၊
- အောင်ဟိတ်နဲ့လူ
- ရေကြည်ချမ်းမြ၊
- အတွေးပါသောဇာတ်ကြောင်းများ၊
- လူငယ်များနှင့်စကားပြောခြင်း၊
- ကြည်ညိုဖွယ်ရာမာတာများ၊
- ပညာလိုရင် ပျိုးမျစ်တယ်၊
- ပုလဲတစ်လုံး ရွဲတစ်လုံး၊
- လောကကို ဆရာတင်၍၊
- ဒါလေးကို ဖတ်ကြည့်ပါဦး၊
- လွတ်လပ်ပေါ့ပါးသောစိတ်ထားရှိပါစေ၊
- ထက်မြက်ထူးချွန်သူတို့၏နှုတ်ထွက်စကားများ၊
- ကြည်စင်ပွင့်လင်းသောစိတ်အထာဖြင့်၊
- ကမ္ဘာအနှံ့ ပတ်ကြမယ်၊

**မစန္ဒာ**
- ဘဝအိပ်မက် ပန်းအိပ်မက်၊
- ဂျီဟောသူ၊
- နက်ဖြန်ခါ၊
- ကွက်လပ်ကလေးဖြည့်ပေးပါ၊
- မဂ္ဂဇင်းဝတ္ထုရှည်များ[၁],[၂]၊
- ဝတ္ထုတိုများ[၁],[၂],[၃],[၄]
- Upstream၊

**Khin Myo Chit**
- Colourful Myanmar၊
- Gift of Laughter၊

ပါရမီ စာပေ
၂၃၀၊ ၂၉ လမ်း(အထက်လမ်း)၊ ရန်ကုန်။(ဖုံး ၂၅၃၂၄၆)
၂၊၄၊ ကမ္ဘာအေးစေတီတော်မုခ်ဦးစောင်းတန်း၊ ရန်ကုန်။
၂၉၅၊ ဈေးအရှေ့လမ်း၊ ထားဝယ်။
ဘာသာရေး၊ ကြီးပွားအောင်မြင်ရေး၊ ဘာသာစကား၊ သုတအထွေထွေ၊ အတတ်ပညာဆိုင်ရာစာအုပ်များကို
စိတ်ချမ်းသာစွာ လာရောက်ရွေးချယ်ဖတ်ရှု ဝယ်ယူနိုင်ပါသည်။